
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၃၀၀၆၆/၂၀၀၆(၇)
မျက်နှာဖုံးခွင့်ပြုချက် ၃၀၀၉၃၃၀၈၀၇

□

ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ
အုပ်ရေ ၃၀၀

□

**အဖုံးပန်းချီ**
သိန်းရွှေကြည်၊ Sun

□

**ထုတ်ဝေသူ**
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ သဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

□

**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

□

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

□

**တန်ဖိုး ၁၀၀ ကျပ်**

□

**ကွန်ပျူတာ**

# အမြဲတမ်းအတွက်ပါမောင်

## မြသားသွင်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အခန်း (၁)

"ကဲ… ဘယ်လိုသဘောရလဲ အမိ"

"ဘာကို ဘယ်လိုသဘောရရမှာလဲ"

ဖူးဥနုထွေးနေရသော အလှများဖြင့် မှုန်ဥနေအောင် လှနိုင်လွန်းသော ဖြူးသည် နှုတ်ခမ်းရွဲ့စိစိနှစ်မွှာအား တင်းတင်းလေးစေ့ရင်းက နက်မှောင်ရှန်းစိုနေသည့် မျက်ဝန်းစူးစူးလှလှလေးနှင့် သူ့မရှေ့က ဦးအုပ်စိုးကို ပြန်ကြည့်လျက် မေးလိုက်လေသည်။

ထိုအခါ… ။

ဦးအုပ်စိုး၏ ယောက်ျားပီသလွန်းသော တည်ကြည်ခန့်ညားလွန်းလှသော မျက်နှာချောချောကြီးမှာ နှုတ်ထက်ပို၍



www.burmeseclassic.com

www.burmeseclassic.com



တည်တင်းသွားရသလို လူကလည်း ရှုတည်တည်ကြီး ဖြစ်သွားရကာ... ။

"ဘာရမှာလဲကွ... လူကြီးတွေ စီစဉ်ထားတဲ့ အမိနဲ့ကျုပ်ကိစ္စကို ပြောနေတာ"

"အဲဒါ ဘာဖြစ်လဲ"

"ရော... ခက်ချေပြီ"

သူမပုံစံက သွေးအေးလွန်းသည်လို့ပဲ ပြောရမလား ဒီကိစ္စကို ဂရုမစိုက်သည်လို့ပဲ ပြောရမလား မသိပါ။

သူ့ကိုမြင်စက သူမလေး၏ မျက်နှာတစ်ချက် ပျက်သွားသည်မှလွဲပြီး သူပြောသမျှ စကားများကို ဂရုမစိုက် အလေးမထားသလို လုပ်နေသည့် သူ့ရှေ့က မိန်းမချောကို ကြည့်ပြီး ဦးအုပ်စိုး တစ်ယောက် ရင်မှာ ဒေါသတွေ ကျိတ်ဖြစ်နေရတော့သည်။

ဒေါသဖြစ်ရသည်နှင့်အမျှ ဦးအုပ်စိုး၏ မျက်ခုံးထူထူ နက်နက်ကြီး နှစ်ဖက်မှာလည်း စိတ်အလိုမကျမှုများကြောင့် မျက်မှောင်ကြီး ကြုံ့နေရတော့သည်။

"ဘာဖြစ်ရမှာလဲ အမိ... ဒီပုံစံအတိုင်းဆို အမိနဲ့ကျုပ်





ဘယ်လိုမှ ဖြစ်နိုင်မယ် မထင်ဘူး"

"မထင်တာ မဟုတ်ဘူး ဖြစ်ကိုမဖြစ်နိုင်တာ ရှင့်ကို ကျွန်မ လက်မခံနိုင်ဘူး"

"အဟွန်း... ကျုပ်ကလဲ အမိလိုပါပဲ"

ဦးအုပ်စိုးမဟာ ထိုစကားကို ယောကျ်ားမာနနှင့် မခံချင်စွာ ဆိုလိုက်ခြင်းဖြစ်သည်။

"ဒါဆိုလဲ ရှင်နဲ့ကျွန်မရဲ့ကိစ္စ ဘာဆက်ဆွေးနွေးစရာလိုလဲ ရှင့်လမ်း ရှင်လျှောက် ကျွန်မလမ်း ကျွန်မလျှောက် ရုံပဲပေါ့"

ဖြိုးက နှုတ်ခမ်းဖူးဖူးလေးကို စေ့စေ့ပိတ်ရင်းက တည် ငြိမ်လေးနက်သော အလှများဖြင့်ဆိုရင်း ထိုင်ရာမှ ထမည့် အလုပ်။

"ဟော့... ဒါကဘယ်လဲ"

"အို... ဘာလုပ်တာလဲ လွှတ်"

"ဆောရီး"

ရုတ်ခြည်း မထင်မှတ်သည့် အဖြစ်မို့ တောင်းပန်သူရော အတောင်းပန်ခံရသည့်သူပါ နှစ်ဦးစလုံး အသံလေးတွေ ဖ



www.burmeseclassic.com

www.burmeseclassic.com



သိမသာ တုန်ခါသွားရသည်။

အကြောင်းကား... ။

လာရင်းကိစ္စစကား ပြောလို့မှ မပြတ်သေး သူ့ရှေ့က ထွက်သွားရန် ပြင်နေသည့် ဖြိုးကြောင့် ဦးအုပ်စိုးသည် မချင့်မရဲ ဖြစ်သွားကာ စိတ်မြန်လက်မြန်နှင့် သူ့ကိုယ်သူမှ သတိမထားလိုက် ဖြိုးလက်လေးတစ်ဖက်ကို ဖျတ်ခနဲလှမ်းဆွဲလိုက်သောကြောင့် ဖြစ်သည်။

ဖြိုးဆိုသည့် မိန်းမချောလေးမှာ မျက်နှာလေး ရဲခနဲ ဖြစ်သွားရသလို ဦးအုပ်စိုးကိုယ်တိုင်မှာလည်း မျက်နှာကြီး ထူပူသွားရကာ သူဆုပ်ကိုင်ထားမိသည့် ဖြိုး၏လက်လေး တစ်ဖက်ကို အမြန်ပင် ဖြေလွှတ်ပေးလိုက်မိလေသည်။

"နေဦး... အမိနဲ့ကျုပ်ကိစ္စ မပြတ်သေးဘူး"

"ဘာမပြတ်စရာ အကြောင်းရှိလဲ ရှင်နဲ့ကျွန်မ တစ်ယောက်နဲ့တစ်ယောက်မဖြစ်နိုင်မှတော့ ကိစ္စက ပြတ်ပြီးပေါ့"

"အဟွန်း...အမိပြောတော့ လွယ်လိုက်တာဗျာ လူကြီးတွေကိုရော အမိ ဘယ်လိုပြောမလဲ။ ဒီကိစ္စကို နှစ်ဖက်မိဘတွေက မဖြစ်မနေ ဆောင်ရွက်မှာကိုရော အမိ တွေးမိရဲ့လား





အထူးသဖြင့် မင်းဒယ်ဒီနဲ့ ကျုပ်ဒယ်ဒီ သူတို့နှစ်ဦးက မင်းနဲ့ကျုပ် မင်္ဂလာကိစ္စကို မဖြစ်ဖြစ်အောင် လုပ်လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတာတော့ မင်းလဲ သိသင့်သလောက် သိမှာပါ။ သူတို့ရဲ့ နှစ်ဦးစပ်ထားတဲ့ စီးပွားရေးတွေကို မပြိုကွဲအောင် တစ်စည်းတစ်လုံးတည်း ဖြစ်သွားအောင်လို့ မင်းနဲ့ ကျုပ်ကို လူကြီးတွေက မဖြစ်မနေ လက်ထပ်ပေးတော့မယ် ဆိုတာ"

ဦးအုပ်စိုး စကားကြောင့် ဖြိုးတစ်ယောက် တွေဝေသွားရသည်။

ဦးအုပ်စိုးပြောသည်ကလည်း မမှားပါ။ ဒယ်ဒီသည် သူ၏ငယ်သူချင်းဖြစ်သည့် ဦးအုပ်စိုး၏ဒယ်ဒီ ဦးစိုးနောင်ကို ညီအစ်ကိုရင်းတမျှ ခင်မင်ကာ စီးပွားရေးလုပ်သည်ကအစ နှစ်စီးပွား တစ်စီးပွားတည်းဖြစ်အောင် နှစ်ဦးစပ်တူပူးပေါင်း လုပ်ကိုင်ခဲ့သူဖြစ်သည်။

သူတို့နှစ်ဦး၏ အကြံမှာ တစ်ချိန်တွင် တစ်ဦးတည်းသော သားသမီးများဖြစ်သည့် ဦးအုပ်စိုးနှင့်ဖြိုးကို လက်ထပ်ပေးကာ မိဘများ၏စီးပွားရေးကို သားသမီးများ လက်ထဲသို့ လွှဲပေးမည်ဟူသော အစီအစဉ်ဖြင့် စီစဉ်ခဲ့ခြင်းဖြစ်၏။

www.burmeseclassic.com



ထိုအစီအစဉ်ကြောင့်လည်း ဦးအုပ်စိုးနှင့်ဖြိုးကိုလက်ထပ်ပေးရန် စီစဉ်လာခြင်းဖြစ်သည်။

မိဘများသည် ဦးအုပ်စိုးနှင့် ဖြိုးကို လက်ထပ်ပေးတော့မည်ဟု အတိအလင်းဆိုလာသောအခါ ဦးအုပ်စိုးသည် သူနှင့်လက်ထပ်ရမည့် သတို့သမီးလောင်းဖြိုးဆိုသည့် မိန်းကလေးကို သွားတွေ့ရန်ဆိုလာမှုကြောင့် ဦးအုပ်စိုးသည် ဖြိုးဆိုသည့် မိန်းမချောကို သူ ယခုလို လာတွေ့ရခြင်းဖြစ်သည်။

ဖြိုးဆိုသည့် နာမည်ကိုတော့ ဦးအုပ်စိုးနားမှာ ကြားခဲ့သည်မှာ ကြာပါပြီ။

ဒယ်ဒီအချစ်ဆုံး သူငယ်ချင်း၏သမီး ဖြိုးသည် သူ့လိုပင် တစ်ဦးတည်းသောသမီး ဖြစ်သည်ကို ဦးအုပ်စိုး သိပါသည်။

သို့တိုင် ... ။

သူသည် လူကိုတော့ဖြင့် မမြင်မတွေ့ဖူးခဲ့ပါ။ သူ့အနေဖြင့်လည်း တွေ့စရာအကြောင်းမရှိဟု ထင်ခဲ့ပါသည်။

ဒယ်ဒီ့သူငယ်ချင်း သမီးဆိုတာကို သိရုံကလွဲပြီး ဦးအုပ်စိုးသည် ဖြိုးအပေါ် ဒီထက်လည်း ပို၍စိတ်မဝင်စားခဲ့ပါ။





သူ့အနေဖြင့် စိတ်ဝင်စားစရာ အကြောင်းလည်းမရှိဟု ထင်ထားခဲ့သမျှ ယခုတော့ သူမလေးသည် သူ၏မဖြစ်မနေ လက်ထပ်ရမည့် သတို့သမီးဆိုသောအခါ ဦးအုပ်စိုးသည် ဒယ်ဒီ့အမိန့်နှင့်ပင် ဖြိုးကိုလာတွေ့ရခြင်းဖြစ်လေတော့သည်။

ဖြိုးဆိုသော မိန်းမချောကို ဦးအုပ်စိုး တွေ့ရတော့ အံ့သြသွားရသည်။

မအံ့သြလို့ကလည်း မဖြစ်ပါ။

အဘယ့်ကြောင့်ဆိုရသော် ဖြိုးနှင့်သူသည် ယခုမှပထမဦးဆုံးအကြိမ် မြင်ဖူးတွေ့ဖူးကြုံရဖူးခြင်း မဟုတ်တာကိုတော့ နှစ်ဦးစလုံး သိပါသည်။

ထိုသို့သိလောက်အောင်လည်း သူတို့နှစ်ဦး ကြုံခဲ့ပုံက မမေ့နိုင်စရာ ကောင်းသလို ခုပြန်တွေးလျှင် ခုစိတ်ဆိုးဒေါသဖြစ်ချင်စရာလည်း ကောင်းနေရသည်ပဲလေ။

သူ့နည်းတူ ဖြိုးလည်း သူ့လိုပင် ဖြစ်နေပုံရပါသည်။ သူ့ကို မမျှော်လင့်ဘဲ မြင်လိုက်ရသည်ကိုပင် သူရဲတစ်ကောင်ကို တွေ့လိုက်ရသလိုမျိုး ထိတ်လန့်တုန်လှုပ် အံ့သြသွားသည့် အဖြစ်ကို ဦးအုပ်စိုး မျက်ဝန်းထဲ ယခုထက်တိုင်မထွက်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမကြည့်ရတာ ဦးအုပ်စိုးဆိုသည့် လူကို သူဖြစ်လိမ့်မည်လို့ ထင်ပုံမရပါ။ ဦးအုပ်စိုးဆိုတာ သူမှန်းသိလိုက်ရပြန်တော့လည်း ဖြိုးသည် သူ့ကို မယုံကြည်နိုင်အောင် အံ့သြဒေါသဖြစ်လွန်းရသည့် မျက်ဝန်းလေးနှင့် သူ့အား တုံ့ပြန်ခဲ့လေသည်။

တကယ်တော့ သူမ ဒီလိုဖြစ်ရသည်ကလည်း အလွန်မဟုတ်ပါ။

သူတို့နှစ်ဦး ကြုံခဲ့ရပုံ ဖြစ်ခဲ့ရပုံကလည်း သူမရော သူပါ စိတ်ဆိုးဒေါသဖြစ်ချင်စရာ မဟုတ်ပါလား။

မှန်သည်။

ထိုနေ့ကိုတော့ ဦးအုပ်စိုး မမေ့သေးသလို ဖြိုးသည်လည်း မေ့သေးပုံ မရပါ။

သူနှင့်သူမ ဆုံခဲ့ပုံကလည်း ကံကြမ္မာကဆန်းကြယ်သည်လို့ ပြောရမလား အကြောင်းတိုက်ဆိုင်သည်လို့ပဲ ပြောရမလား မသိပါ။

ဦးအုပ်စိုးသည် ထိုနေ့က သူ့အတွက် လိုအပ်တာများကို စင်တာတစ်ခုထဲသို့ ဝင်အဝယ် ကားကို ကားပါကင်နေရာမှာထားခဲ့ပြီး ဦးအုပ်စိုးတစ်ယောက် စိတ်အေးလက်အေးနှင့်





ပစ္စည်းများ ဝယ်ပြီးအထွက် သူ့ကားထားခဲ့သည့် ကားပါကင်ထိုးသည့် နေရာသို့ ရောက်သည်ဆိုရင်ပဲ။

" ဒုန်း..."

" ဟာ..."

" ဟယ်..."

" အို..."

အသံလေးများ ထွက်သွားရသည်က စုံသွားရသလို ဒုန်းဆိုသော အသံနှင့်အတူ ကားပါကင်တွင် ရပ်ထားသည့် သူ၏ နောက်ဆုံးပေါ် အကွာရာန်ပါတ်နှင့် နက်ပြာရောင်လက်လက်ထနေသည့် ကားကြီးကို ကားပါကင်နေရာယူရန် ဝင်လာသည့် ခဲသားရောင် တောက်ပနေသည့် ကားလေးက သူ၏ကားနှင့် လွတ်သည်အထင်နှင့် နောက်သို့ဆုတ်အဝင်မှာ အရှိန်အဆ လွဲသွားရမှုကြောင့် သူ့ကားကို ခဲသားရောင်ကားလေး၏ နောက်မြီးနှင့် ဝင်ဆောင့်မိသွားရခြင်းဖြစ်သည်။

ဦးအုပ်စိုးမှာ သူ့ရှေ့မှာတင် မထင်မှတ်ဘဲ ဖြစ်ပျက်သွားရသည့် အဖြစ်မို့ အံ့အားသင့်ချိန်ပင် မရလိုက်ပါ။ ဒုန်းဆိုသော အသံကြီးနှင့် သူ့ကားကို တစ်ဖက်ကားက ဝင်ဆောင့်သည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်ပဲ သူသည် ဘာမှစဉ်းစားနေချိန် မရတော့ဘဲ ခြေလှမ်းကျဲကြီးများ တလွှားလွှားဖြင့် သူ့ကားဆီသို့ရောက်သွားချိန်အနီးရှိလူများသည်လည်း ကားနားသို့ ဘာဖြစ်သွားပြီလဲဆိုသော စူးစမ်းသိလိုစိတ်များနှင့် ဝိုင်းလာရပြီဖြစ်သည်။

ခဲသားရောင် တောက်ပနေသော ကားလေးကို မောင်းလာသည့် ဖြိုးမှာလည်း မထင်မှတ်ဘဲ ဖြစ်သွားရသည့်ပြဿနာကြောင့် မျက်နှာလှလှလေးမှာ ဟန်မဆောင်နိုင်အောင် ပျက်သွားရသလို သူမကိုယ်လေးသည်လည်း ကားပေါ်မှ အမြန်ဆင်းကာ တစ်ဖက်ကားပိုင်ရှင်ကို ရှာရလေတော့သည်။

"ဒီက ကားပိုင်ရှင်က ဘယ်သူလဲ မသိဘူး"

အနီးရှိလူများကို မျက်နက်ဝန်းလှလှကြီးနှင့် ဝေ့ဝဲကြည့်ရင်းက ကားပိုင်ရှင်ကို ဖြိုးသည် မဝံ့မရဲလေး မေးလိုက်သည်။

ဦးအုပ်စိုးမှာ ချိုင့်ဝင်သွားရသည့် သူ့ကားကို တစ်လှည့် မျက်နက်ဝန်းလှလှကြီးနှင့် ကားပိုင်ရှင်ကို မေးနေသည့် မိန်းကလေးကို တစ်လှည့် ကြည့်ရင်းက မျက်မှောင်ကြီး ကြုံ့သထက်ကြုံ့လာကာ။

"ဒီကားပိုင်ရှင်က ကျုပ်ပဲ"





"ရှင်... "

ဖြိုးမှာ သူမအရပ်ကို အုပ်မိုးကာ တည်တင်းခက်ထန်သော မျက်နှာကြီးနှင့်ပေါ်လာသည့် ကားပိုင်ရှင်ကို ကြည့်ပြီး လူက အယောင်ယောင်အမှားမှားနှင့် ခြေတစ်လှမ်း နောက်ဆုတ်မိသွားရသည်။

"ဒီကားပိုင်ရှင်က ရှင်လား ဟင်"

"ဟုတ်တယ်"

"ဟို... ဟိုလေ ကျွန်မ ကျွန်မ ရှင့်ကားကို မတော်တဆ"

"ဘာ... "

"အို... "

ဖြိုးတစ်ယောက် ပြောလက်စ စကားမှ မဆုံးသေး ဘာဆိုသော သူ့ထံမှ ခက်ထန်စွာ ပေါ်လာသည့် အသံကြီးကြောင့် ဖြိုးကိုယ်လေး တွန့်တုန်သွားရသလို မျက်နှာလှလှလေးမှာလည်း ရှက်စိတ်ကြောက်စိတ်များဖြင့် နီမြန်းတောက်ပသွားရသည်။

"ကြည့်စမ်းပါဦး"

သူ သူမကို လူများကြားမှာ ကလေးတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



အော်ငေါက်လိုက်ပုံက ဘယ်လောက်များ ရှက်ဖို့ ကောင်းလိုက်သည့် အဖြစ်လဲ။

ရှက်ရှက်နှင့် ဖြိုးသည် မျက်နှာလေး နီရဲတောက်ပနေသည့်ကြားက နှုတ်ခမ်းဖူးဖူးလေးကို သွားချွန်ချွန်လေးဖြင့် ခပ်နာနာလေး ဖိကိုက်ထားလိုက်မိသည်။

ဖြိုးဆိုတာ ဒီအသက်ဒီအရွယ် ရောက်သည်အထိ ဘယ်သူတစ်ဦးတစ်ယောက်၏ အပြောအဆို အဆူအငေါက်ကိုမှ ခံခဲ့ရသူမဟုတ်။ ထို့ပြင် သူမ၏အကျင့်က မဟုတ်လျှင်မခံတတ်၊ ဆတ်ဆတ်ကျဲ မခံတတ်သူလေး ဖြစ်ပေမဲ့ ယခုအချိန်မှာတော့ ဖြိုးသည် ယခင်ကလို စိတ်ဆိုးသွားတိုင်းကိုယ်ပါ စိတ်လိုက်မာန်ပါနှင့် ပြောချလိုက်လို့ မဖြစ်သည့် အနေအထား။

ကိုယ်က သူ့ကားကို အကြောင်းမဲ့ ဝင်ဆောင့်မိထားသလို ဖြစ်ရသည်မို့ အခုလောလောဆယ်မှာတော့ အပြစ်ရှိသူက ဖြိုး ဖြစ်နေရကာ အခုအချိန်မှာတော့ ဖြိုးသည် တစ်ဖက်ကားရှင်ကို ကျေနပ်အောင် တောင်းပန်ရုံသာရှိတော့သည်။

ထို့ကြောင့် ဖြိုးသည် သူမရှေ့က ကားပိုင်ရှင်ဆိုသည့်





လူကို မျက်တောင်လေး တစ်ချက်နှစ်ချက် ဆင့်ခတ်ကာ ကြည့်လိုက်ရင်း–

"ကျွန်မ တောင်းပန်ပါတယ်ရှင်။ ရှင့်ကားကို ဘယ်လိုလုပ်ပေးရမလဲဆိုတာသာ ပြောပါ။ ကုန်သလောက်ငွေကို ကျွန်မ တာဝန်ယူပါ့မယ်"

"ဘာပြောတယ် မင်းငွေစကား တော်တော် ပြောပါလား"

"ဟို... ကျွန်မ ပြောတာက"

"ကဲ... ဘာမှပြောမနေနဲ့ အမိ ဒီနေရာမှာ အမိနဲ့ကျုပ် ဘာစကားမှ မပြောချင်ဘူး၊ လူတွေလဲ ဝိုင်းကြည့်နေကြပြီ၊ ဒီကိစ္စကို လူရှင်းတဲ့တစ်နေရာသွားပြီ မင်းနဲ့ကျုပ် စကားပြောမယ်"

"ရှင်... "

သူပြောပါမှ ဖြိုးသည်လည်း သူမတို့အဖြစ်ကို စူးစမ်းသလို ဝိုင်းကြည့်နေသည့် လူများကို သတိထားမိသွားရတော့ မျက်နှာလှလှလေး ရဲခနဲဖြစ်သွားကာ–

"ကောင်းပြီလေ ရှင်ပြောသလို ဒီကိစ္စကို လူရှင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာသွားပြီး စကားပြောကြတာပေါ့”

“ဒါဖြင့် ကျုပ်ကားရှေ့က သွားမယ်၊ အမိကား နောက်ကလိုက်ခဲ့ပါ”

“ဟုတ်ကဲ့”

ဦးအုပ်စိုးသည် ဖြိုးမျက်နှာလေးကို စူးခနဲတစ်ချက်စိုကကြည့်ပြီးနောက် သူသည် ကားတံခါးကိုဖွင့်ကာ သူဝယ်လာသည့် ပစ္စည်းများကို ကားထဲသို့ ထည့်လိုက်ပြီး သူ့ကားကို ထိုနေရာမှ မောင်းထွက်လာခဲ့လိုက်သည်။

သူ့ကားနောက်မှ ဖြိုး၏ခဲသားရောင်ကားလေးသည်လည်း လိုက်ပါလာခဲ့ရသည်။

လူရှင်းကာ တိတ်ဆိတ်သည့် ကန်တော်ကြီးတွင် ဦးအုပ်စိုးနှင့် ဖြိုး၏ကားလေးနှစ်စီးမှာ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် ထိုးရပ်သားရပြီ ဖြစ်သည်။

ဦးအုပ်စိုးသည် ကားတံခါးကိုဖွင့်ကာ ဆင်းလိုက်တော့ မိန်းမချောလေး ဖြိုးသည်လည်း ကားပေါ်မှ ဆင်းလိုက်ရသည်။

မျက်ခုံးကြီးနှစ်ဖက်ကို ရောင်ရောင်တွန့်ရင်းက ဦးအုပ်စိုးသည် ကားပေါ်မှဆင်းကာ သူ့ကားနောက်ပိုင်းကို ကြည့်





လိုက်သည်။

နက်ပြာရောင်လက်လက်ထနေသော သူ့ကားအကောင်းစားကြီးမှာ တစ်ဖက်ကား၏ဝင်ဆောင့်မှုအရှိန်ကြောင့် ကြည့်ရဆိုးအောင် ချိုင့်ဝင်သွားရပြီဖြစ်သည်။

ထိုအခါ... ။

လူဖြောင့်စိတ်တို ဒေါသမင်းသားကြီး ဦးအုပ်စိုးသည် ဒေါသများ ထောင်းခနဲ ဖြစ်သွားရလေသည်။

မှန်သည်။

သူ ထိုသို့ ဒေါသဖြစ်ရသည်ကလည်း သူ့အလွန်မဟုတ်ပါပေ။

အကြောင်းမှာ... ။

သူ့ဘာသာသူ ရပ်ထားသည့် သူ့ကားကိုမှ အလကားနေ ဝင်လာဆောင့်ရသည့် တစ်ဘက်ကားရှင်ကို ဦးအုပ်စိုးသည် ဒေါသဖြစ်ဖြစ်နှင့် အကြည့်များ ဖျတ်ခနဲ ရောက်ရှိသွားတော့။

“ဟင်...”

သူ့အား ဘယ်အချိန်ကတည်းက ကြည့်နေသည်မသိပါသော မိန်းမချော၏ အကြည့်စူးစူးနှင့် မျက်နက်ဝန်းပြာရီလဲ့



www.burmeseclassic.com

www.burmeseclassic.com



လဲ့ကြီးကြောင့် ဦးအုပ်စိုးရင်မှာ စပ်ဖျင်းဖျင်းနှင့် တစ်မျိုးကြီး ဖြစ်သွားရလေသည်။

"တောင်းပန်ပါတယ်ရှင်၊ ရှင့်ကား တော်တော်ထိသွားတာပဲ၊ ကျွန်မ စိတ်မကောင်းပါဘူး၊ ရှင့်ကားကို ရှင်ကြိုက်တဲ့နေရာမှာ ပြင်ပါ၊ ကုန်ကျစရိတ်အားလုံး ကျွန်မ တာဝန်ယူပါ့မယ်"

လွန်ပြီ။ ဒီမိန်းမတော့ သိပ်ကိုလွန်နေပြီဖြစ်သည်။ တစ်ဆိတ်ရှိ သူ့ကိုငွေစကားပြောနေပုံက သူ့မာနကို အကြိမ်ကြိမ် စော်ကားနေသည်ဆိုတာ သူမသိပုံမရပါ။

သူမ မသိတာက အကြောင်းမဟုတ်ပါ။ သိနေသည့် သူမှာသာ သူမငွေစကား တစ်ခါပြောတိုင်း သူ့မာနကို တစ်ခါ စော်ကားခံလိုက်ရသလို ဖြစ်နေရသည်မို့ မချင့်မရဲစိတ်နှင့် ဒေါသတွေက ရင်မှာ ကျိတ်၍ဖြစ်မဆုံး ရှိနေရတော့သည်။

ဒါကို ဘာမှမသိသည့် ဖြိုးကတော့ သူမတောင်းပန်နေပါလျက်နှင့် မကျေမနပ်သလို မျက်နှာထားကြီးနှင့် သူမအား စူးစူးစိုက်စိုက်ကြီး ကြည့်နေသော ဦးအုပ်စိုးကို ကြည်စင်ရွှန်းစိုနေသော မျက်ဝန်းကြီးနှင့် ပြန်ကြည့်ရင်း–





"ဒီမှာ ဟိုလေ ကျွန်မပြောတာ ရှင်လက်ခံတယ် မဟုတ်လားဟင်"

"ကျုပ်က ဘာကို လက်ခံရမှာလဲ"

"ရှင့်ကားရဲ့ ကုန်ကျစရိတ်... "

"တော်စမ်း... "

"ရှင်... "

ခက်ထန်လွန်းလှသည့် သူ့အသံကြီးကြောင့် ဖြိုးတစ်ယောက် လန့်များပင်လန့်လို့သွားရသည်။

"မင်း ဘယ်လို မိန်းကလေးလဲဟင်၊ ကိစ္စတိုင်းကို ငွေနဲ့ဖြေရှင်းလို့ရမယ် ထင်နေတာ မင်းအကျင့်လား"

"အို... "

သူ့စကားကြောင့် ဖြိုး၏မျက်နှာလှလှလေးမှာ တင်းမာသွားရသည်။

သည်လူတော့ စကားကို ဘယ်လိုပြောနေသည် မသိပါ။ သူ့စကားက သူမကို ငွေရှိလျှင်ပြီးရော၊ ငွေက ဘာမဆိုဖြေနိုင်သည်လို့ ဘဝကို ပေါ့ပေါ့ပါးပါး တွေးတောတတ်သည့် မိန်းကလေးများ ထင်နေသည်လား မသိပါ။

www.burmeseclassic.com



ဖြိုးဆိုတာက ငွေကြေးပြည့်စုံချမ်းသာသည့် မိဘနှစ်ပါးမှ မွေးဖွားလာသည့် တစ်ဦးတည်းသောသမီးဆိုပေမဲ့ ဘဝ၏လေးနက်မှု ဘာလဲဆိုတာကို ငယ်စဉ်ကတည်းက ဆိုဆုံးမလာသည့် မိဘနှစ်ပါး၏ သွန်သင်ဆုံးမမှုအောက်တွင် စည်းစနစ်တကျ ကြီးပြင်းလာခဲ့ရသူမို့ အရာရာကို ငွေဖြင့် တန်ဖိုးဖြတ်လို့မရဆိုတာကိုတော့ ဖြိုးသိနေပါသည်။

သို့၍လည်း ဖြိုးသည် ငယ်စဉ်ကနေ ဒီအသက်ဒီအရွယ်ရောက်သည်အထိ ဘယ်သူ တစ်ဦးတစ်ယောက်အပေါ်မှ ငွေကြေးဥစ္စာနှင့်ပတ်သက်ပြီး မောက်မာနှိမ့်ချ စော်ကားခဲ့ခြင်းမရှိပါ။

ယခုကိစ္စတွင် ဖြိုးသည် သူမဘက်က အမှားဖြစ်ခဲ့သည်မို့ တစ်ဖက်ကားရှင်ကို အရမ်းအားနာရသလို ကားအကောင်းစားကြီးက သူမကား၏ မဆင်မခြင် ဝင်ဆောင့်မှုကြောင့် ကြည့်ရဆိုးအောင် ချိုင့်ဝင်သွားရသည်ကို ကြည့်ပြီး ကားရှင်ကို အားနာပြီးရင်း အားနာရသည်မို့ သူမဘက်က တာဝန်ရှိသည်ထင်ကာ သူ့ကား၏ပြင်ဆင်မှုကုန်ကျစရိတ်ကို သူမဘက်ကအလိုက်သိသိနှင့် တာဝန်ယူပြောလိုက်ခြင်းကို လူ့ခွစာ





ကြီးသည် သူမစကားကို တစ်မျိုးအဓိပ္ပာယ်လွဲသွား ပုံရသည်။

သူ့ကို ငွေစကားပြောရပါ့မလားဆိုတာ မျက်နှာချောချောကြီးကိုမှ အားမနာ မျက်ခုံးထူထူကြီးကို တွန့်ကြုံ့ကာ မျက်နှာကြီး ရှုတည်တည်နှင့် တင်းမာခက်ထန်နေပုံ ကြောက်စရာပင် ကောင်းနေသေးတော့သည်။

ဖြိုးမှာ မျက်ဝန်းနက်နက်ဝိုင်းဝိုင်းလေးနှင့် သူ့ကိုကြည့်နေပြန်တော့လည်း ဦးအုပ်စိုးသည် စိတ်မှာ အခံရခက်ခက်ကြီး ဖြစ်လာရကာ။

"မိန်းကလေးတဲ့ ကားမောင်းတာ ဒီလောက်ပဲ မဆင်မခြင် ကြမ်းရသလား"

"ရှင်... "

"ကျွတ်... ဘယ်လိုလဲကွာ ပြောလိုက်တိုင်းလဲ တရှင်ရှင်နဲ့ မင်းနားတော့ ကောင်းပါတယ်နော်"

"ဟင်... "

စိတ်ပေါက်ပေါက်နှင့် ပြောလိုက်သော ဦးအုပ်စိုး စကားကြောင့် ဖြိုးသည် သူ့စကားကို ဆက်၍ သည်းမခံနိုင်တော့သလို ဒေါသလေးများ ဖြစ်သွားရကာ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် လူကို တော်ရုံပဲ စော်ကားပါ၊ ကျွန်မအမှားကို ကျွန်မသိလို့ တောင်းပန်နေပြီးပဲ ဒါကိုမှ မကျေနပ်နိုင်ဘူး ဆိုလဲ ရှင့်သဘောပဲ"

"ဘာကွ... မင်းဘာပြောတယ်"

ဦးအုပ်စိုးမှာ ဖြိုးစကားကြောင့် လူက ရှုံ့ရှုံ့ရှားရှား ဖြစ်သွားရကာ ဖြိုးအား မျက်ဝန်းတည်တည်စူးစူးကြီးနှင့် စိုက်ကြည့်လျက် မေးလိုက်သည်။

"ရှင် ကြားတဲ့အတိုင်းပဲ"

"ဘာ..."

"ရှင့် ကြည့်ရတာ နားတော့ ကောင်းပါတယ်နော်"

"ဟင်... မင်း... မင်း"

ဖြိုးမှာ စောစောက သူ့စကားကို မကျေနပ်ဟန်နှင့် အမှတ်ထားကာ အခွင့်ရသည်နှင့် သူ့စကားနှင့်သူ့ကို ပြန် ပြောလိုက်လေသည်။

ထိုအခါ... ။

ဦးအုပ်စိုးသည် ဒေါသများနှင့်ပို၍ မခံချင်ဖြစ်သွားကာ။

ဖြိုး၏ မျက်နှာဖူးဖူးနုနုလေးကို မျက်ဝန်းညိုးအစုံနှင့်





အတန်ကြာ စူးစိုက်ကြည့်လိုက်ပြီး။

"မင်းက အပြစ်လဲကျူးလွန်ထားသေးတယ်၊ ကျုပ်ကို လည်း မချေမငံဆက်ဆံနေတာကတော့ မလွန်လွန်းဘူးလား အမိ"

"လွန်တယ်ထင်လို့ ရှင့်ကိုတောင်းပန်လို့ရော ရှင်က ကျေနပ်လို့လား"

ဖြိုးစကားကြောင့် ဦးအုပ်စိုးမှာ အတော်လေးခံရခက် ခက်နှင့် မကျေမနပ်ကြီး ဖြစ်သွားရသည်။

ကြည့်စမ်း ဒါလား တောင်းပန်တဲ့လူ သူမပုံစံက အပြစ် ရှိလို့ တောင်းပန်တဲ့လူနှင့် နည်းနည်းမှမတူဘဲ သူကပင် သူမကို တောင်းပန်ရမည့်ပုံ ပေါ်နေလေသည်။

တွေးရင်းက ဦးအုပ်စိုးသည် မကျေမနပ်နှင့် ခံရခက် ခက်ကြီး ပိုဖြစ်လာရသည်မို့...

"ဒီမှာ အမိ... မင်းပုံစံက ကျုပ်ကို တောင်းပန်နေ တာလား၊ ရန်တွေ့နေတာလားဆိုတာ အမိကိုယ်အမိ ပြန်စဉ်းစားကြည့်ပါဦး"

"စဉ်းစားစရာ မလိုပါဘူး၊ ရှင်ဘာဖြစ်ချင်လဲ ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ချင်သလဲဆိုတာသာ ပြောပါ”

“ဟာကွာ... မင်း တောက်... ”

မထိမဲ့မြင် ဖြိုး၏ပုံစံနှင့်စကားကြောင့် ဦးအုပ်စိုးသည် မချင့်မရဲနှင့်အံကို တင်းခံနဲစေ့ကြိတ်ကာ တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်သည်။

သူ့တက်ခေါက်သံကို ကြားပေမဲ့ ဖြိုးသည် ဂရုမစိုက်ပါ။ အစတုန်းကတော့ ဖြိုးသည် သူကျေနပ်အောင် တောင်းပန်ဖို့ စိတ်ကူးထားပါသော်လည်း လူကိုခွကျကျစကားများနှင့် ဘုပြောနေသောလူ့ခွစာကြီးကြောင့် ထိုစိတ်ကူးများလည်း ပျောက်သွားရကာ လူ့ခွစာကြီးအပေါ် စိတ်တိုတိုနှင့် တမင်ပင် ဘုဘောက်ပြန်ပြောပစ်လိုက်သည်။

“ဒီမှာ မင်း ကျုပ်ကားကို ကြည့်စမ်း”

“ကြည့်ပြီး ကျွန်မ ဘာလုပ်ရမှာလဲ ရှင့်ကားကို ကြိုက်တဲ့နေရာမှာပြင်၊ အဲ့ဒီအတွက်ကုန်ကျ... ”

“တော်... ”

“ရှင် လူကို မဟောက်ပါနဲ့”

“အော်ရမယ်ကွ အော်ရမယ် မင်းက တစ်ဆိတ်ရှိ ဒီငွေ





စကားပဲပြောပြောနေတယ် မဟုတ်လား၊ မင်းကြည့်ရတာ ငွေသိပ်ပေါနေတယ်နဲ့တူတယ်”

“အဲ့ဒါ ရှင့်အလုပ်မဟုတ်ပါဘူး”

“အဟွန်း... ကျုပ်ကလဲ ကျုပ်အလုပ်လို့မပြောပါဘူး၊ ဒါပေမဲ့ ကျုပ်ကားကို မင်းကြည့်ဆိုကြည့်ပါ”

“ရှင် ဘယ်လိုလူလဲ ကားကိုပြင်ပါဆိုတော့လဲ မပြင်ဘူး၊ ဘာလဲ ရှင် ကျွန်မကို တမင်ပြဿနာရှာနေတာလား”

“ကဲကဲဖန်ဖန်ကွာ မင်းကကျုပ်ကို ဒီစကားပြန်ပြောရသေးတယ်၊ ပြဿနာရှာတာ ဘယ်သူလဲ မင်းစဉ်းစားပါဦး”

“ရှင်နော်... ရှင့်စကားကဘာလဲ၊ ကျွန်မက ရှင့်ကို တမင်ပြဿနာရှာပြီး အခုလိုလုပ်တယ်လို့များ ရှင်ထင်နေလား”

“ဒါတော့ ကျုပ်လဲမသိဘူး၊ ခုလောလောဆယ်တော့ မင်းကြောင့် ကျုပ်ပြဿနာဖြစ်နေတာက အမှန်ပဲ”

ဦးအုပ်စိုးမှာ မြင်မကောင်းအောင် ချိုင့်ဝင်နေရသော သူ့ကားကြီးကိုကြည့်ပြီး မျက်ခုံးကြီးတွန့်လျက်က ဖြိုးအား ခပ်စူးစူးလေးကြည့်ရင်း ဆိုလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဖြစ်အောင် ရှင်ကားကို ဝပ်ရှော့ပို့ပါလို့ ပြောပြီးပြီပဲ၊ ကျွန်မက ဘာလုပ်ပေးရဦးမှာလဲ"

"နောက်တစ်ခါ မင်းကားမောင်းရင် သေချာဂရုစိုက်ပြီး မောင်းပါ"

"အဲ့ဒါ ကျွန်မသဘောပါ၊ ကျွန်မဘာသာကျွန်မ ကြိုက်သလို မောင်းမယ် ရှင်ပြောစရာ မလိုပါဘူး"

"အေး တခြားကိစ္စမှာ မင်းသဘောလုပ်လို့ရပေမဲ့ ခုကိစ္စမှာတော့ မင်းသဘောလုပ်လို့ မရဘူးအမိ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့မဆင်မခြင်ကားမောင်းမှုက ကျုပ်ကား ခုပြဿနာ ဖြစ်ရပြီမဟုတ်လား"

"အဲ့ဒီအတွက် ရှင့်ကိုကျွန်မ ဘယ်လောက်လျော်ကြေး ပေးရမလဲ"

"ဘာ... မင်း ဘာပြောတယ်၊ ကျုပ်ကို ဘယ်လောက် လျော်ကြေးပေးရမလဲ ဟုတ်လား အမိ"

"ဟုတ်တယ် ကျွန်မကြောင့် ရှင့်ကားထိသွားရပြီပဲ အဲ့ဒီအတွက် လျော်ကြေးတော့ ရှင့်ကို ပေးရဦးမှာပေါ့"

ဖြိုးတစ်ယောက်မှာ ပြောရင်းပြောရင်းက ဒေါသများ





ဖြစ်လွန်းမကဖြစ်လာရသည်မို့ လူ့ခွစာကြီးအပေါ် အနိုင်ရလျှင်ပြီးရောဟူသော ကလေးဆန်ဆန်အတွေးနှင့် ခွတ်ထိုးပြောလိုက်လေတော့သည်။

ထိုအခါ... ၊

လူ့ခွစာကြီးဟု ဖြိုးရင်မှာခေါ်နေသော ဦးအုပ်စိုးသည် ဒေါသနှင့်မခံချင်စိတ်၊ ယောကျ်ားမာနတို့ပေါင်းသွားကာ ဒေါသမျက်ဝန်းရူးရူးနှင့် နှုတ်ခမ်းကို စေ့ပိတ်လျက် ဖြိုးအား တစ်ချက်စိုက်ကြည့်လိုက်ပြီး–

"ကျုပ်တောင်းတဲ့ လျော်ကြေးကို မင်းကပေးမယ်ပေါ့"

"ပေးရမှာပေါ့ ကျွန်မတာဝန်ကို ကျွန်မဒီလောက်တော့ သိတတ်ပါတယ်"

"အပြွန်း... အေးလေ မင်းဘက်က ဒီလောက်တာဝန်ကျေနေမှတော့လဲ ကျုပ်က လျော်ကြေးယူရတော့မှာပေါ့ ကျုပ်တောင်းတဲ့လျော်ကြေးက မင်းဆိုရင်ရော"

"ဘာရှင့်..."

"ရှင်... ရှင် ဘာပြောတာလဲဟင်၊ လူကို စော်ကားလှချည်းလား ကျွန်မကို ရှင်ဘာမှတ်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



အပျိုစင်နုနုထွေးထွေးလေး ဖြိုးမှာ လူ့ခွစာကြီး၏ စကားကြောင့် ရှက်ဒေါသ၊ မခံချင်စိတ်နှင့်အတူ သူမအား စော်ကားရက်လေခြင်းဆိုသည့် ရှက်ဒေါသအငွေးများလွှန်သွားရကာ နီရဲဥထွေးနေရသည့် နှုတ်ခမ်းဖူးဖူးလေးကို ပြတ်ထွက်လုမတတ် ဖိကိုက်ရင်းက ရန်တွေ့လိုက်တော့ ဦးအုပ်စိုးမှာ မျက်ခုံးကြီးမြင့်တက်သွားကာ

"မင်း ဘာပြောနေတာလဲ၊ မင်းကို ကျုပ်က ဘာမှတ်ရမှာလဲ၊ ကျုပ်မျက်စိထဲမှာတော့ မင်းဟာ ရုပ်ပြာပြာနဲ့ မရုပ်တေးလို့ပဲမြင်တယ်"

"ဟင်... ကြည့်စမ်း ရှင်... ရှင် လူကို စော်ကားဦးကဲဟယ်"

"ဒီလို မလုပ်နဲ့လေ အမိ"

"အို... "

ဖြိုးမှာ သူမကို မရုပ်ပြာ၊ မရုပ်တေးလို့ ပြောရပါ့မလားဆိုကာ လူ့ခွစာကြီးအပေါ် မခံချင်စိတ်နှင့်ဒေါသများဖြစ်သွားရသည်မို့ သူမဒေါသကို သူမ မထိန်းနိုင်ခင် ဖြိုး၏လက်ဖလေးတစ်ဖက်သည် လူ့ခွစာကြီးပါးအား လွှဲရိုက်ရန် လက်ကိုအပြင်





လျင်မြန်လှသော ဦးအုပ်စိုး၏လက်က ဖြိုးလက်လေးအား ဖျတ်ခနဲ ဆုပ်ကိုင်ဆွဲယူထားလိုက်သည်။

"ဖယ်... ရှင်လွှတ်စမ်း"

ဝင်းမှုန်အိစက်သော အလှများဖြင့် လှလွန်းသည့် ရွှေမင်းသမီးလေးဖြိုးမှာ မခံချင်စိတ်၊ ရှက်ဒေါသများနှင့် လူကဒေါသတွေဖြစ်လာလုမတတ် ဖိကိုက်ထားရင်းက မျက်ဝန်းရွှေ ရွှေ တောက်တောက်လေးဖြင့်

"ရှင် လွှတ် ကျွန်မကို မနှောင့်ယှက်နဲ့နော်"

ဖြိုးမှာ ဦးအုပ်စိုးလက်ထဲက သူမလက်လေးကို ရုန်းယူရင်းက ပြောလိုက်သောကြောင့်

"ဟေး မင်းစကားက ဘယ်လိုကြီးလဲကွ ကျုပ်က မင်းကို ဘာတွေ နှောင့်ယှက်နေလို့လဲ"

ဦးအုပ်စိုးမှာ ဖြိုးလက်လေးကို ဖြေလွှတ်ပေးလိုက်ပြီး သူမကပြန်၍ သူ့အပေါ် မကျေမနပ်ဒေါသဖြစ်နေရသော မိန်းမချော၏အလှကို အသည်းယားစွာ ကြည့်ရင်းက ဆိုလိုက်၏။

"ရှင်နော် ကျွန်မ ဒေါသမဖြစ်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သွားလေးစေ့လျက် ဒေါသသံလေးနှင့် ဖြိုးဆိုတော့–

မိန်းမချောလေး၏ အလှဆုံးမျက်နှာလေးကို ဦးအုပ်စိုးသည် မျက်ဝန်းတည်တည်ကြီးနှင့် စူးစနဲစိုက် ကြည့်ပစ်လိုက်ပြီး–

"နေပါဦး အမိက အမိတစ်ယောက်တည်း ဒေါသရှိတယ် ထင်နေတာလား၊ ဒီကိစ္စကြောင့် ကျုပ်လဲ အမိကို ဒေါသဖြစ်ရတာပဲ၊ တကယ်တမ်း နစ်နာတာက ကျုပ်ဘက်က ဒါကိုရော အမိ ဘာပြောမလဲ"

ဆတ်ဆတ်ထိမခံ စွာလွန်းသည့် ဖြိုးကြောင့် ဦးအုပ်စိုးသည် အသည်းမှာ ယားကျိကျိဖြစ်လာကာ ထိုစကားကို မချင့်မရဲစိတ်နှင့် ဖြိုးဆိုသည့် မိန်းမချောအား စိုက်ကြည့်ကာ ပြောလိုက်သည်။

သည်လိုကျပြန်တော့လည်း ဖြိုးသည် လူ့ခွစာကြီးစကားကို မခံချင်သလိုဖြစ်သွားကာ ဒေါသမျက်ဝန်း စူးစူးလှလှလေးနှင့် သူ့အားပြန်ကြည့်ရင်း–

"ရှင့်ဘက်က နစ်နာတဲ့အတွက် ရှင့်ကိုလျော်ကြေးပေးမယ်လို့ ပြောပြီးပြီးပဲ၊ ကျွန်ကမ ဘာလုပ်ပေးရဦးမှာလဲ"



"အဟွန်း... လျော်ကြေး လျော်ကြေး လျော်ကြေးစကားမင်းသိပ်ပြောပါလား၊ ကျုပ်လိုချင်တဲ့ လျော်ကြေးက အမိကို ကျုပ်ပြောပြီးပြီပဲ"

"ရှင်... ရှင်... "

သူ့စကားကြောင့် ဖြိုးမှာ ဒေါသများနှင့် ဆွေ့ဆွေ့ခုန်သွားရသည်။

"ဟိတ်... ဟိတ်... ကျုပ်စကားမဆုံးသေးဘူး၊ ကျုပ်ပြောတာက"

"အို... ရှင်ဘာမှ မပြောနဲ့ မကြားချင်ဘူး လူ့ခွစာကြီး ကျွန်မကိုတော့ ရှင်လျော်ကြေးမရဘူး၊ ဒါပဲရမယ် သိလား"

"ဟာ... ဟိတ်"

"အမေ့... "

"အို... "

အဖြစ်များက မထင်မှတ်ဘဲ မြန်ဆန် ပြောင်းလဲသွားသည်။

မှန်သည်။

အကြောင်းမှာ... ။

www.burmeseclassic.com

www.burmeseclassic.com



သူမအား စော်ကားရပ်မလားဆိုကာ ရှက်ဒေါသများဖြင့် ထုပ္ပြာဝေသွားရသော ဖြိုးသည် လူ့ခွစာကြီးအပေါ် စိတ်ဆိုးဒေါသ ဖြစ်ရလွန်းသောကြောင့် ရုတ်တရက် မျက်ဝန်းထဲ ဘာမှ မမြင်နိုင်တော့အောင် ဖြစ်သွားရကာ ရှက်ဒေါသများနှင့် သူမရှေ့က လူ့ခွစာကြီး၏ ရင်ဘတ်ကို သူမလက်လေးနှင့် ဆောင့်အတွန်း၊ ဖြစ်ချင်တော့ ဦးအုပ်စိုးကလည်း သူမလက်လေးကို လှမ်းအဆွဲ နှစ်ဦးသား အရှိန်မထိန်းနိုင်တော့ဘဲ ဟန်ချက်များပျက်သွားကာ ဖြိုးကိုယ်လေးမှာ ဦးအုပ်စိုး၏ ရင်ခွင်ကျယ်ကြီးထဲကို နွေးခနဲရောက်ရှိသွားရသည်။

မထင်မှတ်တဲ့အဖြစ်မို့ ရုတ်တရက် နှစ်ဦးစလုံး မှင်တက်သွားရသည်။

ထို့အတူ…

ဖြိုး၏ အိအိထွေးထွေး ကိုယ်လုံးလေးမှာလည်း ဦးအုပ်စိုးရင်ခွင်ထဲတွင် နွေးနွေးကြီးကျရောက်နေရသလို အတွေ့ထူးထူးတွင် နှစ်ဦးစလုံးမှာလည်း ရင်ခုန်သံတွေ ဝုန်းဒိုင်းကဲ့ မြန်ဆန်နေရတော့သည်။

တစ်ဦးနှင့်တစ်ဦး မရည်ရွယ်ပါဘဲ ဖြစ်သွားရသည့်





အနေအထားမို့ ဦးအုပ်စိုးရင်ခွင်ထဲမှ ဖြိုးသည် သူမကိုယ်လေးကို ရုန်းထွက်ဖို့ ရုတ်တရက်သတိမရသလို ဖြိုးခါးကျဉ်ကျဉ်လေးပေါ် ကျရောက်နေရသည့် သူ့လက်အစုံကိုလည်း ဦးအုပ်စိုးသည် ဖယ်ရှားဖို့ရာ သတိမရပါ။

ထိုပုံစံအတိုင်း စက္ကန့် မိနစ်လေးတွေက အနည်းငယ်ကြာသွားရာ ဦးအုပ်စိုးရင်ခွင်ထဲမှနေ ရုန်းထွက်ရန် ဖြိုးသတိရလာချိန်မှာတော့ သူမပါးပြင်လေးတစ်ဖက်သည် နွေးခနဲ ရှိသွားရလေသည်။

"ဟင်… "

"ရှင်ဘာလုပ်"

"မင်းဆီက လျော်ကြေးယူတယ်လို့ပဲ သဘောထားပါ"

"အို… ရှင်… "

"သွား"

"ဟင်း… "

ရဲပတောင်းခတ်နေရသော ရှက်မျက်နှာရဲရဲလေးနှင့် သူ့ ရင်ခွင်ထဲမှ ထွက်နေသူလေးကို ဦးအုပ်စိုးသည် သက်မတစ်ချက်ချကာ မျက်ခုံးကြီးတွန့်လျက် စိုက်ကြည့်ရင်း သူမပါးလေး



www.burmeseclassic.com

www.burmeseclassic.com



ထက် ကျုံးကျော်ရောက်နေသည့် သူ့လက်အစုံကို သိမ်းယူလိုက်ပြီးနောက် ဖြိုး၏ချောမောလှပသော မျက်နှာလေးအား စူးစိုက်ကြည့်လိုက်ပြီး–

"ဆောရီး"

"ဘာဆောရီးလဲ ရှင် သွားဆို အဟင့်... ဟင့်... ဟင့်... "

ဖြိုးမှာ မျက်နှာလေးရဲရဲတောက်လျက် ရှက်ဒေါသများ မွှန်နေရကာ သူမအဖြစ်ကိုသူမ ဝမ်းနည်းရှက်ရွံ့အားငယ်စွာ ငိုချပစ်လိုက်ပါတော့သည်။

"အဟင့်... ဟင့်... ဟင့် လူ့ခွစာကြီး လူရိုင်းကြီး ရှင့်ကိုမုန်းတယ် အဟင့်... ဟင့် "

ပါးပြင်ပေါ် မျက်ရည်စကြီးများ ပိုးပိုးပေါက်ပေါက် ကျဆင်းလျက် သူ့အား မကျေမနပ်ရန်တွေ့နေသော ဖြိုးကို ဦးအုပ်စိုးသည် သူ့နဂိုဟန်အတိုင်း တည်မှုန်မှုန်အကြည့် စူးစူးများဖြင့် စူးစိုက်ကာ ငေးကြည့်နေလိုက်၏။

ကြည့်နေရင်းကလည်း ဦးအုပ်စိုးသည် စိတ်ထဲ ဘာလိုလိုနှင့် တစ်မျိုးကြီးမှ တကယ့်ကိုတစ်မျိုးကြီး ဖြစ်လာရသည်။





ဖြိုးမှာ ငိုရင်း ရိုက်ရင်းက လူ့ခွစာကြီးအပေါ် မကျေမနပ် ရှက်ဒေါသများဖြစ်၍မဆုံး ရှိလာရသည်မို့ ငိုရှိုက်ရင်းက သူမအကြည့်လေးတစ်ချက်က လူ့ခွစာ သူ့ထံရောက်ရှိသွားမိခိုက်...

ဦးအုပ်စိုးအကြည့်နှင့် သူမအကြည့်များ မထင်မှတ်ဘဲ ဆုံသွားရလေသည်။

"ရှင် ဘာကြည့်နေတာလဲ သွားဆို ရှင့်မျက်နှာကို မကြည့်ချင်ဘူး ရှင့်ကို မုန်းတယ်"

"ကျုပ်ကလဲ အမိကို ချစ်ပါလို့ မပြောရပါလား"

"ကြည့်စမ်း... ရှင်... ရှင်... သွား"

"အမိ မသွားခိုင်းလဲ ကျုပ်ကသွားမှာပါပဲ ဒါပေမဲ့ အမိကို ဘာပြောရမလဲ ကျုပ်စဉ်းစားနေတာ"

"ဟင်... ရှင်က ကျွန်မကို ဘာပြောချင်သေးလို့လဲ"

"စောစောက ကိစ္စက ကျုပ်ဘက်က လွန်တယ်ထင်လို့ တောင်းပန်မလို့ကွ"

"မတောင်းပန်နဲ့ ရှင့်အသံကို မကြားချင်ဘူး ရှင့်မျက်နှာကိုလဲ မကြည့်ချင်ဘူး၊ ရှင့်ကို အသေသတ်ပစ်ချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



သိလား”

“အဟွန်း… မင်းရဲ့အဲ့ဒီလို ဒေါသတွေကြောင့် အခုလို ဖြစ်ရတာ ကာယကံရှင်က မတောင်းပန်နဲ့ဆိုမှတော့ မတောင်း ပန်ရုံပဲပေါ့၊ ကျုပ်သွားမယ်”

“အို… တောက်”

နဂိုကမှ သူ့အပေါ် ရှက်ဒေါသတွေနှင့်နာကျင်နေရ သော ဖြိုးမှာ လူ့ခွစာကြီး၏ အပြုအမူကြောင့် ပို၍ ဆတ် ဆတ်ခါနာသွားရလေသည်။

အကြောင်းကား–

ဦးအုပ်စိုးသည် ဖြိုးအနားကနေ လှည့်ထွက်ရန်အလုပ် ဖြိုးနှင့်မျက်ဝန်းချင်းဆုံမိုက်မှာ ပြုံးဟဟအသွင်နှင့် ဖြိုးအား လှူငယ်ဆန်ဆန် မျက်စိတစ်ဖက်ကို ဖျတ်ခနဲ မှိတ်ပြသွား သောကြောင့်ပင် ဖြစ်လေသည်။

ဖြိုးမှာနခဲရွှေမင်းသမီးလေးမှာ ရှက်ဒေါသများနှင့် တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ရင်း လူ့ခွစာကြီးကို လှမ်းကြည့်လိုက်သည်တွင်

ဦးအုပ်စိုး၏ကားမှာ အဝေးဆီသို့ ရောက်ရှိသွားရပြီ





ဖြစ်သည်။

ကျန်ရစ်ခဲ့သည့် ဖြိုးမှာသာ နာကျင်မှုရှက်ဒေါသများ နှင့် စိတ်မှာ မခံမရပ်နိုင်အောင် တစ်ယောက်တည်း ဒေါသတွေ ဖြစ်နေရတော့သည်။

ဒေါသတွေနှင့်ကျန်ခဲ့သည့် ဖြိုးအဖြစ်ကို ဘာမှ မသိ သော ဦးအုပ်စိုးကတော့ သူ့မျက်ဝန်းတည်တည်စူးစူးကြီး ထဲတွင် ရွှေစင်ရုပ်လေးလို လွန်စွာ လှရက်နိုင်လွန်းသည့် မျက်နှာလေးနှင့် သူမလေး၏ နွေးနွေးအိအိ အတွေ့အထိလေး များက ဦးအုပ်စိုး၏ စိတ်အာရုံကို စွဲငြိကပ်ပါလာခဲ့သည်မှာ သူ့ရင်ထဲတွင် ယနေ့ချိန်ထိ မေ့ပျောက်လို့မရသေးသည်ကို တော့ ဦးအုပ်စိုး သူ့ကိုယ်သူသာသိပါသည်။

သို့ပေမဲ့… ။

သူမနှင့် သူ့အဖြစ်က တစ်ဦးနှင့်တစ်ဦး တွေ့တွေ့ချင်း ခွာပင် ဆောက်နဲ့ထွင်းဆိုသလို ဖြစ်ခဲ့ရသည့် အဖြစ်ကြောင့် သူတို့နှစ်ဦး၏ ဆက်ဆံရေးအခြေအနေသည် ဆိုးရွားခဲ့ရသည် မှာ အမှန်ဖြစ်သည်။

ယခု ထိုသို့တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးပြေလည်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်င့်ဘောက် ဖြစ်ခဲ့ပါသည်ဆိုသော သူနှင့်သူမသည် ဘယ်လို ကုသိုလ်ပါရမီထူးများနှင့် ဖူးစာရေစက်ပါလာသည် မသိပါ။

မိဘများက သူတို့နှစ်ဦးကို မဖြစ်မနေ လက်ထပ်ပေး လာမည် ဆိုသောအခါ ဦးအုပ်စိုးသည့် သူမလေးကြောင့် စိတ်မှာ အနည်းငယ် လှုပ်ရှားသွားကာ ရင်ခုန်သံတွေလည်း အဆမတန် မြန်ဆန်ခဲ့ရ၏။

သို့သော်... ။

ဦးအုပ်စိုး လူချောကြီးကား ရင်ထဲကခံစားချက်များ နှင့် ဆန့်ကျင်ဘက်အပြင်ပန်းသူ့ပုံစံ၊ သူ့မျက်နှာထားကြီး ကတော့ တည်တည်တင်းတင်းနှင့် ရှုတည်တည်ကြီး ရှိနေရ ကား သူ့ပုံစံက မင်္ဂလာကိစ္စကို စိတ်မဝင်စားသလို အသွင် အေးခဲခဲကြီး ရှိနေရလေသည်။

"ဒီမှာ အမိ ကျုပ်ပြောတာ ကြားရဲ့လား"

"ဟင်... ဘာလဲ ရှင် ဘာပြောတာလဲ"

လူ့ခွစာကြီးနှင့် ဆုံခဲ့ရသည့်အဖြစ်များကို သတိတရနှင့် ပြန်စဉ်းစားနေမိသော ဖြိုးမှာ ဦးအုပ်စိုးအသံကြားပါမှ လက်ရှိ သူနှင့်သူမအဖြစ်ကို သတိရသွားကာ မျက်နက်ဝန်းလှလှလေး





နှင့် ပြူးပြူးပျာပျာလေး မေးလိုက်သည်။

"မင်းတို့ မိန်းမတွေ အဲဒါခက်တာ"

"ဘာရှင့် ရှင်လူကို ဘာပြောတာလဲ"

"ပြောပြန်တော့လဲ မကြိုက်ဘူး၊ လုပ်ပုံကလဲ အချိုး မကျဘူး"

"ရှင် ရှင့်စကားတွေ သိပ်လွန်နေပြီနော် ရှင် ရှင်ပြန် တော့"

"ပြန်မှာပါ အမိဆွဲထားလဲ ကျုပ်က မနေပါဘူး၊ မ ပြန်ခင်တော့ မင်းဆီက အဖြေတစ်ခုကို ကျုပ်သဲသဲကွဲကွဲ သိချင်တယ်"

"ဘာအဖြေလဲ"

"ကျုပ်နဲ့လက်ထပ်ဖို့ကိစ္စ မင်းသဘောတူ မတူဆိုတာ"

"လုံးဝ သဘောမတူဘူး"

"ဘာဖြစ်လို့"

"ရှင့်ကို မုန်းလို့ ကြည့်မရလို့"

"အဟွန်း... ဟွန်း... ဟွန်း ကျုပ်ကတော့ မင်းနဲ့ဆန့် ကျင်ဘက်ပဲ မင်းကိုမမုန်းဘူး ကြည့်လို့ရတယ်၊ အဲဒီအတွက်



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုကျုပ်လက်ထပ်မယ်"

ပြောပြီး ဖြိုးအား စူးခနဲတစ်ချက်စိုက်ကြည့်ကာ ခြေလှမ်းကျဲကြီးများနှင့် အနားမှ လှည့်ထွက်သွားသော ဦးအုပ်စိုးဆိုသည့် လူ့ခွစာကြီးကို ဖြိုးသည်ဒေါသဖြစ်လွန်းသဖြင့် မီးထွက်မတတ် မျက်ဝန်းလေးများနှင့်ကြည့်ရင်း နှုတ်ခမ်းဖူးဖူးလေးကို သတိလက်လွတ်နှင့် ငိုကိုက်ထားလိုက်သည်မှာ သွေးများပင် စို့လာရသည့်အထိဖြစ်သည်။

ဖြိုးမှာကားကို ခြံထဲမှနေ ခပ်ကြမ်းကြမ်းမောင်းထွက်သွားသည့် ဦးအုပ်စိုးကားကို မျက်စိတဆုံး ငေးကြည့်ရင်းကရင်မှာခံရခက်နာကျင်မှု ဒေါသများနှင့် စကားများ ကျိတ်ဆိုနေလိုက်သည်။

"တွေ့ကြသေးတာပေါ့ ဦးအုပ်စိုးရယ်၊ ဒီပွဲမှာ ရှင်နဲ့ကျွန်မ တစ်ယောက်နဲ့တစ်ယောက် ဘယ်သူနိုင်မယ်ဆိုတာ အချိန်ကအဖြေပေးပါလိမ့်မယ်၊ အဲ့ဒီအချိန်မှာသာရှင့်ဆီက မှားပါတယ်ဆိုတဲ့ နောင်တစကားတွေ ကျွန်မမကြားရပါစေနဲ့လို့ ဆုတောင်းလိုက်ပါတယ်"

နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ပိတ်ရင်းက သူ့မအ





ပေါ် အနိုင်ယူကဲ့သည့် ဦးအုပ်စိုးအပေါ် ဖြိုးသည် နာကျင်ခံပြင်းမှု ဒေါသအတွေးများနှင့် စိတ်မှာ တနင့်တခဲကြီး ကျိတ်ဆိုနေလိုက်ပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မိဘစကားကို မလွန်ဆန် မဖယ်ရှားနိုင်သည့် သမီး အလိမ္မာတစ်ယောက်ပီပီ ဖြိုးသည် ဦးအုပ်စိုးကို လက်ထပ်ခဲ့ ရပါသည်။

ထို့အတွက်... ။

ဖြိုးသည် ဦးအုပ်စိုးကို ခွင့်မလွှတ်ပါ။ ခွင့်လွှတ်နိုင်စရာ လည်း ဖြိုးအတွက် အကြောင်းမရှိပါ။

အဘယ့်ကြောင့်ဆိုရသော်။

ဦးအုပ်စိုးသည် ဖြိုးနှင့်မင်္ဂလာကိစ္စကိုသာ ငြင်းခဲ့လျှင် ဖြိုးသည်လည်း သူမမုန်းလှသည့် သူ့ကို လက်ထပ်ရလိမ့် မည် မဟုတ်။





ယခုတော့ ဖြိုးမုန်းပါသည် နာကျင်ပါသည်လို့ပြော သည့် လူခွစာကြီးကိုမှ ဖြိုးသည်မငြင်းသာဘဲ မျက်စိမှိတ်ကာ ခံစားချက်များကို ကျိတ်မှိတ်မျိုသိပ်လျက် လက်ထပ်ခဲ့ရသည့် အဖြစ်။

သည့်အတွက် ဖြိုးသည် လူ့ငွစာအပေါ် ကောင်းကောင်း ပြန်၍ လက်တုံ့ပြန်အနိုင်ယူရမည်ဖြစ်သည်။

အတွေးများနှင့် ဦးအုပ်စိုးအပေါ် မကျေမနပ်နာကျင် ခံစားမှုအတွေးများရှိနေရသော ဖြိုးသည် မိဘများ လက်ဖွဲ့ လိုက်သည့် သူတို့နှစ်ဦးနေထိုင်ရမည့် တိုက်ကို ရောက်ပါပြီ ဆိုကတည်းက ထိုအတွေးများ သူမစိတ်ထဲတွင်ရှိနေ တွေးနေခဲ့ သည်မှာ ယခု ညမိုးစုန်းစုန်းချုပ် လာရသည့်အထိပင်ဖြစ်သည်။

ဦးအုပ်စိုးမှာ အိမ်တွင်မရှိပါ။ သူငယ်ချင်းများကို လူ ပျိုညအတွက် ဧည့်ခံမည်ဆိုကာ ကားတစ်စီးနှင့်အပြင်ကို ထွက်သွားသည်မှာ ယခုညဉ့်နက်သည့်တိုင် ပြန်မလာသေး။

သူပြန်မလာသည်ကို ဖြိုးစိတ်မဆိုးပါ။ သူပြန်မလာလေ ကောင်းလေမို့ ဖြိုးသည် ရေမိုးချိုး ညစာစားသောက်ပြီးသည် နှင့် ပန်းနုရောင်မင်္ဂလာခုတင်ကြီးထက်တွင် ပင်လှဲရင်းက



www.burmeseclassic.com

www.burmeseclassic.com



အတွေးများ ဟိုရောက်ဒီရောက်နှင့် ကိုယ်လေးလူးလွန့်ကာ အိပ်မပျော်နိုင်အောင် ရှိနေရသည်။

အထူးသဖြင့် သူမအတွေးထဲတွင် ဦးအုပ်စိုးအား သူမ ဘယ်လိုပြန်အနိုင်ယူရမည်လဲ ဆိုတာကို စဉ်းစားလို့ မဆုံးနိုင်အောင် ရှိနေရသည်။

ဖြိုးသည် မိဘများကို မလွန်ဆန်နိုင်၍ ဦးအုပ်စိုး လူ့ခွစာကြီးကို လက်ထပ်ခဲ့ရပေမဲ့ သူမတို့၏ အိမ်ထောင်ရေးသည် ဘယ်လိုမှ သာယာမည်မဟုတ်ပါ။

ချစ်သူနှင့်ကွေ့ကွင်းရခြင်း၊ မချစ်မနှစ်သက်သူနှင့်ပေါင်းဖက်ရခြင်းဆိုသည့် ဆင်းရဲဒုက္ခတွင်းထဲမှ ဖြိုးသည် သူမမချစ်မနှစ်သက်သည့် လူ့ခွစာကြီးဦးအုပ်စိုးကို လက်ထပ်ခဲ့ရသည့်အတွက် စိတ်ဒုက္ခခံစားနေရသည်က အမှန်ဖြစ်ပါသည်။

တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်လို့မှ အဆင်မပြေသည့် ဦးအုပ်စိုးနှင့် ဖြိုးအဖြစ်က ဆက်လျှောက်သွားရမည့် ရှေ့ရေးကို တွေးကြည့်လေ ရင်လေးစရာကောင်းလေပင်ဖြစ်သည်။

သူသည်လည်း သူမလိုပင်ဖြစ်နေပါလိမ့်မည်။ သူမ





လက်ထပ်ခဲ့ရပေမဲ့ ဦးအုပ်စိုးနှင့်သူမကြားမှာ အချစ်ဆိုတာ ပျောက်ဆုံးနေရကာ အချစ်အစား အမုန်းများသာ ရောက်ရှိနေရသည့် အဖြစ်။

သည်ပုံစံဖြင့် လူ့ခွစာနဲ့ သူမ ဘယ်လိုစခန်းသွားရမည် ဆိုတာလည်း ဖြိုးမစဉ်းစားတတ်တော့ပါ။

သို့ပေမဲ့... ။

သေချာသည်ကတော့ ဖြိုးသည် သူမမုန်းလှသည့် လူ့ခွစာကြီး ဦးအုပ်စိုးကို သူမ၏ခင်ပွန်းသည် တစ်ယောက် အနေနှင့် လက်ခံမှာမဟုတ်ခြင်းပင်ဖြစ်သည်။

ဖြိုးတစ်ယောက် အတွေးများနှင့်ရှိနေချိန်တွင် တစ်ဖက်မှ ဦးအုပ်စိုးမောင်းလာသည့် ကားလေးကလည်း တိုက်၏ ဆင်ဝင်အောက်တွင် ထိုးရပ်သွားရပြီဖြစ်သည်။

ဆင်ဝင်အောက်တွင် ကားလေးထိုးရပ်သည်နှင့် ဦးအုပ်စိုး တစ်ယောက် ကားပေါ်မှဆင်းကာ အေးပုလေး ဖွင့်ပေးထားသည့် တံခါးမှနေ ခြေလှမ်းမှန်မှန်ဖြင့် တိုက်ထဲသို့ ဝင်လာခဲ့လိုက်သည်။

သည့်နောက် သူ့အကြည့်စူးစူးများသည် ဧည့်ခန်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



အကြည့်များ တစ်ချက်ဝေ့ကာ ကြည့်လိုက်ရင်းက အပေါ်ထပ်သို့ တက်လာခဲ့လိုက်သည်။

သူ့ပုံစံက အရက်သောက်လာသည်ဆိုပေမဲ့ သောက်လို့သောက်လာမှန်းပင် မသိသာပါ။

အရက်နှင့်အကျွမ်းတဝင် ရင်းနှီးခြင်းမရှိသည့်တိုင် စိမ်းလည်းမစိမ်းသည်မို့ ဦးအုပ်စိုး အရက်သောက်လာသည် ဆိုတာကို သေချာဂရုစိုက်ကြည့်မှ သိလေသည်။

ဦးအုပ်စိုးခြေလှမ်းများက သူတို့နေရမည့် မင်္ဂလာအိပ်ခန်းကြီးရှေ့သို့ရောက်သည်နှင့် သူ့ခြေလှမ်းများသည် အလိုလိုရပ်သွားရသလို သူ၏မျက်နှာချောချောကြီးမှာလည်း တစ်စုံတစ်ရာအား စိတ်အလိုမကျမှုကြောင့် တည်တည်မှုန်မှုန်ကြီးဖြစ်သွားရလေသည်။

မှန်သည်... ။

သူ ထိုသို့ဖြစ်သွားရသည်က တခြားကြောင့် မဟုတ်ပါပေ။

သူ ပြန်မလာသေးသည်ကို သိပါလျက်နှင့် အခန်းတံခါးကြီးကို ပိတ်၍ထားသော အခန်းထဲက မရွှေချောကြောင့်ပင်





ဖြစ်လေသည်။

ဒါ သူမဘာအချိုးချိုးနေသည် မသိပါ။ ကြည့်ရတာ သူမသည် မင်္ဂလာအိပ်ခန်းကြီးကို သူမတစ်ယောက်တည်း မောင်ပိုင်စီးထားပုံရလေသည်။

ဒါတော့ သူမ သိပ်လွန်နေပြီ ဖြစ်တယ်။ အတွေးနှင့် ဦးအုပ်စိုးသည် အခန်းတံခါးကို အသာတွန်းကြည့်လိုက်တော့ အခန်းတံခါးမှာ အထဲမှနေ၍ ချက်ချထားပုံရသည် ဖွင့်၍မရပါ။

ထိုအခါ... ။

ဦးအုပ်စိုး၏ မျက်နှာချောချောကြီးမှာ ပို၍ တည်တင်းသွားရပြီး–

"ဟေး... အထဲက အမိအိပ်နေပြီလား ဒီမှာ မင်းယောကျ်ား ပြန်လာပြီ၊ အခန်းတံခါးဖွင့်ပါဦး"

"အို..."

အခန်းတံခါးကို ခေါက်ခေါက်နှင့် ခေါက်ရင်း စကားကိုတင်တင်စီးစီးကြီး ပြောလာသည့် ဦးအုပ်စိုးကြောင့် ဖြီးသည်အိပ်နေရာမှ လူက ငေါက်ခနဲ ထထိုင်မိသွားရသလို သူက



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒေါသများနှင့် ထောင်းခနဲဖြစ်သွားရသည်။

"ကြည့်စမ်း… "

ဒီလူ ညကြီးအချိန်မတော် ပြန်လာပြီး လူကိုတင်တင်စီးစီး စကားပြောနေပုံက ဘယ်လောက်အသည်းယားဖို့ကောင်းသည်လဲဆိုတာ။

ဖြိုးဆိုသည့် သူမကို ဒီလို စကားအကြောကြီးနှင့်ပြော၍ မရဆိုတာ ဒီလူသိပုံမရ။

မသိသည့်လူကို သိအောင်တော့ ဖြိုးပညာပြမှ ဖြစ်တော့မည်။

ဖြိုးသည် ကိုယ့်အကြံနှင့်ကိုယ်မို့ သူ့ခေါ်သံကို ကြားပါသော်လည်း အခန်းထဲမှနေ အသံပြန်မပြုဘဲ ငြိမ်သက်နေလိုက်သည်။

သူမ ဒီလို ငြိမ်သက်နေလေ ဦးအုပ်စိုးသည် စိတ်မှာပို၍ မချင့်မရဲ ဖြစ်လာရလေသည်။

သူမ သူ့ကို ဒီလိုနည်းနှင့်လုပ်၍မရဆိုတာ သူ့ဘက်ကသိအောင် ပြန်ပြရတော့မည်ဖြစ်သည်။

အုပ်စိုးဆိုသည့် သူကလည်း ကိုယ့်ကို ဂျစ်ကျလာလျှင်





ပြန်၍ဂျစ်ကျရမှ ကျေနပ်တတ်သည့်သူ၊ အိုးရွဲ့ကို စလောင်းရွဲ့နဲ့ ပြန်ဖုံးရမှ ကျေနပ်တတ်သူမို့ နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပိတ်လိုက်ရင်း။

"ဒေါက်… ဒေါက် ဟိတ်… တံခါးဖွင့်ပါဦးကွ၊ မင်းမအိပ်သေးတာ ကျုပ်သိတယ်နော်၊ ကျုပ်ကောင်းကောင်းပြောနေတုန်း မင်းတံခါးဖွင့်၊ ကြာရင် ကျုပ်သိပ်စိတ်ရှည်တော့မှာမဟုတ်ဘူး"

ဘုရားရေ… ။

ကြည့်စမ်းပါဦး။

လာ လာချည်သေး သူကများ ပြန်၍ သူမကို ဒေါသဖြစ်ရသည်ရှိသေး။

တကယ်ဆို ဒီလို စိတ်ဆိုးရမှာက သူမဖြစ်သည်။ ဒါကိုင် လူ့ခွစာကြီးက ပြန်၍ သူမကို စိတ်ဆိုးနေသည်ဆိုတော့ ဖြိုးဘယ်လိုမှ သည်းမခံနိုင်တော့ပါ။

သည်းမခံနိုင်ပေမဲ့ ဖြိုး ဒီအတိုင်း ငြိမ်နေ၍လည်း မရတော့ပါ။

အကြောင်းမှာ… ။



www.burmeseclassic.com

www.burmeseclassic.com



ညကြီးအချိန်မတော် သူ ဒီလိုပင် အော်နေတာက အရေးမကြီး။ သူ့ အော်သံကြောင့် ပတ်ဝန်းကျင်ကို အားနာရဦးမည် ဖြစ်သည်။

ပတ်ဝန်းကျင်ကိုသာ ဖြိုးဂရုမစိုက်ပါက သူအော်ရုံမက လို့ ဘာပဲဖြစ်နေဖြစ်နေ ဖြိုးသည် သူ့ကို ဒီအတိုင်းပင် လျစ်လျူရှုထားလိုက်မည် ဖြစ်သည်။

သို့သော်... ။

ယခု အခြေအနေက လျစ်လျူရှု၍မရသည့် အခြေအနေမို့ ဖြိုးသည် ခုတင်ပေါ်မှဆင်းကာ အခန်းတံခါးဆီသို့ လျှောက်လျက် အခန်းတံခါးကို ဖွင့်ပေးလိုက်လေသည်။

အခန်းတံခါးဖွင့်သည့်ဆိုရင်ပင် ဦးအုပ်စိုးသည် အခန်းထဲသို့ ခပ်တည်တည်ပင် ဝင်လာခဲ့လိုက်သည်။

ဖြိုးမှာ သူဝင်လာသည်ကို ဘာမှ မပြောသလို သူ့အားလည်း မကြည့်ပါပေ။

မှုန်ညက်ဝင်းစက်နေရသော မျက်နှာလှလှလေးကို တည်တည်တင်းတင်းလေး ထားရင်းက ခုတင်ပေါ်က ခေါင်းအုံးတစ်လုံး ဆွဲယူလိုက်ပြီး





"ရှင် ဒီအခန်းနေမှာလား"

"ဟင်... မင်းဘာပြောတာလဲ"

ဦးအုပ်စိုးမှာ ဖြိုးစကားကို ရုတ်တရက် နားမလည်သလို ကိုယ်ပေါ်မှ အဝတ်အစားများကို လဲနေရာမှ ဖြိုးအားကြည့်လျက် ပြန်မေးလိုက်လေသည်။

"ရှင် ဒီအခန်းနေမှာလားလို့ မေးနေတာ"

"နေမှာပေါ့... ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ ရှင် ဒီအခန်းနေရင် ကျွန်မ တခြားအခန်းပြောင်းနေမလို့"

"ဖြစ်မလားကွ"

"အို... ဘာလို့မဖြစ်ရမှာလဲ၊ ရှင်လဲ ရှင် ကြိုက်တဲ့နေရာမှာနေ ကျွန်မလဲ ကျွန်မ ကြိုက်တဲ့နေရာမှာနေတာပဲ ကိုယ့်စိတ်နဲ့ကိုယ့်သဘောပါ"

"မင်းစကားက ဘာလဲ၊ မင်းနဲ့ကျုပ် တစ်ခန်းစီခွဲနေမယ်လို့ ပြောတာလား"

"ဟုတ်တယ်"

"ဘာ..."



www.burmeseclassic.com

www.burmeseclassic.com



"အို… တိုးတိုးအော်ပါရှင့်"

"မင်း ကြည့်ရတာ စိတ်တော့ကောင်းပါတယ်နော်"

"ရှင် ဘာစကားပြောတာလဲ"

"နေဦး ဒေါသမကြီးနဲ့ဦး၊ ကျုပ်မြော်တာလဲ စကားဆုံအောင် နားထောင်ဦး"

"ဘာလဲ ဘာပြောမလို့လဲ ကျွန်မနားချင်ပြီ"

"ကျုပ်လဲ မင်းလိုပါပဲ၊ တစ်နေကုန် ပင်ပန်းထားတာ ကျုပ်လဲ နားချင်နေတာပဲ၊ ဒါပေမဲ့ မင်းကိုတော့ ဒီစကား မပြောမဖြစ်လို့ ပြောရဦးမယ်"

ပြောရဦးမည်ဆိုသူက စကားကို တော်တော်နှင့် မပြောသေးဘဲ ဖြိုးမျက်နှာလေးကို အတန်ကြာ စူးစိုက်ကြည့်နေတာမို့ ဖြိုးသည် သူ့အကြည့်များအောက်တွင် မလုံမလဲလေး ဖြစ်လာရသည်။

သည်လူ သူမကို ဘယ်လိုကြည့်နေသည် မသိပါ။ အကြည့် စူးစူးကြီးတွေဖြင့် လူကိုစိုက်ကြည့်နေမှုက သူမ ရင်ခုန်သံတွေပင် များချင်ချင်ဖြစ်လာရသည်မို့–





"ဒီမှာ… ရှင် လူကို ဘာကြည့်နေတာလဲ ပြောစရာရှိတယ်ဆို ဘာပြောမှာလဲ၊ ပြောစရာမရှိရင်လဲ ကျွန်မသွားတော့မယ်"

"နေဦး"

"အို… လွှတ်"

သူ့အနားက ထွက်သွားရန်ပြင်နေသည့် ဖြိုး လက်လေးကို ဆတ်ခနဲ လှမ်းဆွဲလိုက်တာကြောင့် ဖြိုးသည် အရှိန်နှင့် သူမကိုယ်လေးမထိန်းနိုင်တော့ဘဲ အင်္ကျီဗလာနှင့် ဝင်းဝါစိုရှင်းသော ဦးအုပ်စိုး၏ ရင်ခွင်ကျယ်ကြီးထဲသို့ သူမကိုယ်လေးမှာ ရင်ချင်းအပ်အနေနှင့် ရောက်ရှိသွားရလေသည်။

"ရှင်… ရှင် ဘာလုပ်တာလဲ ဖယ်… ဖယ်… လွှတ်"

ရဲပနေသော မျက်နှာလှလှလေးနှင့် ရှက်ဒေါသတွေ ဘရစ်ရစ်တက်လာရသော ဖြိုးမှာ ဒေါသနှင့်ရှက်ကြောက်ခြင်းများရောကာ လူ့ခွစာကြီးရင်ခွင်ထဲက လွှတ်အောင် ခပ်ကျိတ်ကျိတ်လေး ရုန်းထွက်ပါသော်လည်း ဦးအုပ်စိုးသည် ဖြိုးကိုယ်လေးအား သူ့ရင်ခွင်ထဲက မလူပ်သာအောင် တင်းတင်းလေး လှဲဖက်ထားပြီး… ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ဒီလောက် ရှန်းနေရတာလဲ"

"ရှင်ကရော လူကို ဘာလို့ ဖက်ထားရတာလဲ"

"မင်းက ကျုပ်မိန်းမမို့ ကျုပ်ဖက်တာ ဘာဖြစ်လဲ"

"ဘာရှင့် ရှင်လူကို ဘာပြောတာလဲ"

"မိန်းမလေကွာ မင်းက မိန်းမမို့ ကျုပ်က မိန်းမလို့ ပြောတာ ဘာဖြစ်လဲ"

"ရှင်... ရှင် အဲ့ဒါကိုက ကျွန်မကို စော်ကားနေတာပဲ ရှင်နဲ့ကျွန်မ ဘာမှမပတ်သက်ဘူးသိလား"

"ဘာပြောတယ်ကွ အမိနဲ့ကျုပ် ဘာမှ မပတ်သက်ဘူး ဟုတ်လား"

"ဟုတ်တယ်"

ဖြိုးစကားကြောင့် ဦးအုပ်စိုး၏မျက်နှာချောချောကြီးမှာ မှုန်တည်တည်ဖြစ်သွားရကာ

"ပြောပါဦး မင်းက ဘာကြောင့်ဒီစကားကို ပြောရတာလဲ ဒီနေ့မနက်ပဲ လူကြီးမိဘ၊ ဆွေပရိသတ်တွေအလယ်မှာ ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲနဲ့ လက်ထပ်ခဲ့တဲ့ မင်းနဲ့ကျုပ်ဟာ ဘာမှမပတ်သက်ဘူးဆိုတာ ဖြစ်နိုင်ပါ့မလား"





"ရှင်နော်"

ဦးအုပ်စိုးသည် ဖြိုး၏မျက်နှာလှလှလေးကို အဓိပ္ပာယ်များစွာ ပါဝင်နေသော မျက်ဝန်းအစုံနှင့် နှုတ်ခမ်းကို တင်းတင်းစေ့ကာ စူးရှသော အကြည့်များနှင့် စိုက်ကြည့်ရင်းက ပြောလိုက်တော့ ဖြိုးသည် ကိုယ်လေးတွန့်ခနဲ ဖြစ်သွားကာ သူ့ရင်ခွင်ထဲကနေ သူမကိုယ်လေးကို ခပ်ဆတ်ဆတ် ရုန်းထွက်လိုက်လေသည်။

"ပြောစရာ ရှိတယ်ဆို"

"ပြောစရာရှိတယ်ဆို ပါးစပ်နဲ့ပြော ကျွန်မကိုလွှတ်"

မျက်ဝန်းစူးစူးရှရှလေးနှင့် ဖြိုးသည် ဦးအုပ်စိုးအား ကြည့်လျက် ဆိုလိုက်ရာ ဦးအုပ်စိုးမှာ ယောကျ်ားမာနနှင့် စိတ်တိုတို အသည်းယားယားကြီးဖြစ်သွားရကာ–

"မင်းက ဘာအားကိုးနဲ့ ပြောနေရတာလဲ၊ ကျုပ်က ခင်းယောကျ်ား မင်းကိုထိချင်ထိမယ် လွှတ်ချင်လွှတ်မယ် ဘာဖြစ်လဲ"

"ရှင်နော် မယုတ်မာနဲ့ ရှင့်ကို ကျွန်မ အလိုမရှိဘူး သက်မခံဘူးသိလား"



www.burmeseclassic.com

www.burmeseclassic.com



"အဖွန်း ယောကျ်ားနဲ့မိန်းမ လက်ထပ်ပြီး တစ်ယောက်နဲ့တစ်ယောက် တရားဝင်ပိုင်ဆိုင်ပြီးမှတော့ အလိုမရှိလို့ မရဘူး၊ လက်မခံလို့ မရဘူး အမိ၊"

"ရှင်...ရှင် ကျွန်မအသားကို မထိနဲ့ဆို၊ ကဲဟယ်..."

"ဟင်... "

တစ်သက်လုံး ဘယ်ယောကျ်ားတစ်ယောက်၏ အပွေ့အဖက်ကိုမှ မခံခဲ့ရဖူးသော ဖြိုးမှာ ရင်ချင်းအပ်မတတ် တင်းကျပ်စွာ ပွေ့ဖက်လာသည့် မြိမြိလွန်းသည့် ဦးအုပ်စိုး၏ အပွေ့အဖက်များကြောင့် ရှက်လန့်တကြား တုန်လှုပ်စိတ်များနှင့် ထိတ်လန့်လာရသောကြောင့် ဖြိုးမှာ ရှက်ဒေါသများနှင့် လုပ်မိလုပ်ရာ ဦးအုပ်စိုးကို သူမလက်လေးနှင့် အားထည့်ကာ ရိုက်လိုက်တော့ ဦးအုပ်စိုးမှာ လည်ထွက် သွားရလေသည်။

"ဟင်... မင်း၊ ကျုပ်ကို ရိုက်တယ် ဟုတ်လား"

ဦးအုပ်စိုးမှာ လက်နှင့်ကိုင်စမ်းရင်းက ဖြိုးအား သွားများစေ့ကြိတ်ကာ ကြည့်လျက် ဆိုလိုက်လေသည်။

"ဟုတ်တယ်၊ ရိုက်တယ် ဘာဖြစ်လဲ"





"အဖွန်း... ဆိပ်ပြီး သတ္တိကောင်းနေပါလား၊ ဒီမှာ ကျုပ်ကို ကျုပ်မိခင်တောင် ရိုက်ခဲ့တာ မဟုတ်ဘူး ဒီ..."

"အဲ့ဒီတော့ ဘာဖြစ်လဲ ရှင့်အမေ မရိုက်ပေမဲ့ ကျွန်မ ရိုက်တယ်၊ ရှင်မကျေနပ်တော့ ဘာလုပ်ချင်သေးလဲ"

ဖြိုးမှာ လူ့ခွစာကြီးအား ဘုကျကျပင် ပြောလိုက်လေသည်။

"မင်းကွာ ကျုပ်ဘာမှ မလုပ်ချင်လို့ ကြည့်နေတာ မင်းကိုယ်မင်း အကောင်းမှတ်နေလား"

"အမယ် ရှင်လုပ်တော့ရော ကျွန်မက သည်းခံနေမှာတဲ့လား သတ္တိရှိရင် စမ်းကြည့်လေ"

"အဟော်... မင်းက ဆိပ်ပြီးသတ္တိရှိနေတယ်ပေါ့လေ ကောင်းပြီ ဒီလောက်တောင် သတ္တိရှိနေတဲ့မင်း ကျုပ် ဘာလုပ်မလဲဆိုတာ မင်းအခုလက်တွေ့သိစေရမယ်"

ဦးအုပ်စိုး လူချောကြီးမှာ ဖြိုးစကားကြောင့် စိတ်မှာ အတော်လေးပင် အခံရခက်သွားရသည်မို့ ဒီတစ်ခါတော့ ဖြိုးကို သူသည် အလျော့ပေးရန် စိတ်ကူးမရှိတော့ဘဲ မချင့်



www.burmeseclassic.com

www.burmeseclassic.com



မရဲနှင့် ချစ်ဒေါသစိတ်များ ပျောက်သွားရသည်မို့ ဖြိုးကိုယ်လေးကို မလှုပ်သာအောင် ရင်ခွင်ထဲသို့ ဆွဲယူလိုက်ပြီးနောက် သူမမျက်နှာလှလှလေးနှင့် သူ့မျက်နှာတစ်သားတည်း ကျအောင် ပူးကပ်ထားလိုက်တော့သည်။

ဖြိုးမှာ ရုတ်တရက်မို့ ဦးအုပ်စိုး၏ အပွေ့အဖက်များကြားတွင် လူက အငိုက်မိသွားကာ သူမကိုယ်လေးက သူ့ရင်ခွင်ထဲတွင် ရုန်းမရအောင် မွန်းကျပ်သွားရလေသည်။

သို့သော်... ။

ကြာကြာတော့ဖြင့် မဟုတ်ပါ။

ဖြိုးသည် သူမအားရှိသလောက် ဦးအုပ်စိုး၏ ရင်ခွင်ကျယ်ကြီးထဲမှ ရုန်းလိုက်ရာ တစ်ချက်မှာတော့ သူမမျက်နှာလှလှလေးသည် သူ့အနမ်းများအောက်က လွတ်ထွက်သွားရပြီး–

"အို... လွှတ်... လွှတ်၊ ရှင် ကျွန်မကိုအနိုင်မကျင့်နဲ့နော် ရှင့်ကို မချစ်ဘူး မုန်းတယ်လို့ ပြောနေတယ် မဟုတ်လား"





"အဟွန်း... ကိုယ့်မိန်းမကို ကိုယ်ချစ်တာဟာ အနိုင်ကျင့်တာမဟုတ်ဘူး၊ မင်း မုန်းတာကိုရော ကျုပ်က ဂရုစိုက်လိမ့်မယ်လို့ ထင်နေလား၊ မင်း မချစ်လဲနေ ကျုပ် မင်းကိုချစ်နေရရင် ကျေနပ်တယ်"

ပြောရင်းက သူ့အနမ်းများက ဖြိုး၏ မျက်နှာ လှလှလေးပေါ် နေရာလပ်မကျန် မွှတ်မွှတ်သိပ်သိပ်လေး ကျရောက်လာသောအခါ ဖြိုးတစ်ယောက် အသက်ရှူများ မှားသွားရလေသည်။

"လွှတ်... လွှတ် ရှင့်ကို မုန်းတယ်"

"အဟွန်း... ဟွန်း... ကျုပ်ကလဲ မင်းကို မချစ်နိုင်းပါဘူး"

"ရှင်... ရှင် မယုတ်မာနဲ့နော်"

"ချစ်တာဟာ ယုတ်မာတာ မဟုတ်ဘူး မင်းက သိပ်သတ္တိကောင်းပြီး စိန်ခေါ်နေတာကို ကဲ... ခုတော့ အမိ ဘာတတ်နိုင်သေးလဲ"

"အို... ရှင် လွှတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကျုပ်သဘောပါ"

"ရှင် မယုတ်မာနဲ့နော်"

"မင်း စကားက ဘယ်လိုလဲ ကျုပ်ကို ယုတ်မာတယ် ယုတ်မာတယ်နဲ့ ပြောနေတာ မင်းကို ကျုပ် တကယ် ယုတ်မာပြလိုက်ရမလား"

"အို… "

သူ့စကား ကြမ်းကြမ်းကြီးကြောင့် ဖြိုးမျက်နှာလှလှလေး ရဲပသွားရကာ ရှက်ကြောက် ထိတ်လန့်ခြင်းများဖြင့် ဦးအုပ်စိုး မျက်နှာချောချောကြီးကို မကြည့်ရဲတော့သလို တစ်ဆက်တည်း သူမလက်လေးများကလည်း လူ့ခွစာ လူချောကြီး ဦးအုပ်စိုး၏ မျက်နှာချောချောကြီးကို သူမလက်လေးများနှင့် ကုတ်ဆွဲပစ်လိုက်သည်။

သို့သော်မရပါ။

လျှင်မြန်လှသည့် ဦးအုပ်စိုး၏ လက်များက ဖြိုးလက်လေးအစုံကို တင်းတင်းကြီး ဆုပ်ကိုင်ထားလိုက်ပြီး–

"အဟွန်း… ဘယ်လိုလဲ





ဘာမှ မလုပ်ရသေးဘူး၊ ပါးစပ်နဲ့ပြောရုံတင် သိပ်ကြောက်နေပြီလား"

ဦးအုပ်စိုးသည် ဖြိုးမျက်နှာလေးကို စူးစိုက်ကြည့်ရင်းက သူမလက်လေးကို သန်မာလွန်းသည့် သူ့လက်များနှင့် ဆုပ်ကိုင်ကာ ဆိုလိုက်တော့၊ ဖြိုးသည် အားမတန် မာန်လျှော့သည့်ကြားက လူကမခံချင်ဖြစ်သွားရကာ သူ့အား မျက်စောင်းလေးထိုးကာ ကြည့်လာရင်း–

"ရှင်ကြီးကို သိပ်မုန်းတယ်"

"အဟွန်း… ဟွန်း… ကျုပ်ကလဲ အမိ ကျုပ်ကိုချစ်ပါလို့ မပြောရသေးပါလားဗျာ"

"တော်… ရှင် ဘာမှမပြောနဲ့ ရှင့်အသံကို မကြားချင်ဘူး၊ ရှင့်မျက်နှာကိုလဲ မကြည့်ချင်ဘူး၊ လွှတ်… လွှတ် ကျွန်မကို အခုလွှတ်… "

"လွှတ်ချင်မှတော့ မင်းကို ကျုပ် ဒီလိုဖက်ထားပါ့မလား"

ဆိုရင်းက ဦးအုပ်စိုးသည် ဖြိုးပါးပြင်နုနုလေးကို သူ့



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်ချောချောကြီးနှင့် ဖိကပ်ထားလိုက်ပြီး၊

"မင်းနဲ့ ကျုပ် တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုကြောင့်ပဲ လက်ထပ်ခဲ့ပါစေ၊ ကိုယ်လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်ကို အလှထိုင်ကြည့်နေမယ့် ယောကျ်ားထဲမှာတော့ ကျုပ်မပါဘူးဆိုတာ မင်းသိထားပါ"

"ဟင်… ရှင် ဘာပြောတာလဲ"

"အဟွန်း… ကျုပ်ဘာပြောတာလဲဆိုတာ မင်း အခုသိစေရမယ်"

ဦးအုပ်စိုးထံမှ ခပ်ကျိတ်ကျိတ် ထွက်ပေါ်လာရသော စကားသံနှင့်အတူ ဖြိုးသည် ရှေ့ဆက်၍ စကားပြောခွင့်မရအောင် ဦးအုပ်စိုး၏ အနမ်းများအောက်တွင် မွန်းကျပ်ပိတ်လှောင်သွားရသည်။

ထိုအတူ။

သူမ ကိုယ်လေးမှာလည်း သူ့ရင်ခွင်ကျယ်ကြီးထဲတွင် အားရှိသမျှ ရုန်းထွက်နေသည့်တိုင် အချည်းနှီး ဖြစ်နေရလေသည်။





အဘယ့်ကြောင့်ဆိုရသော်… ။

သူ့ကိုတွေ့တိုင်း မခံချိမခံသာ စကားများနှင့် သူ့အား တစ်ခွန်းမခံ ပြန်ရန်စွာလွန်းတတ်သည့် ဂျစ်ကျလွန်းသည့် မိန်းမဆိုး မိန်းမချောလေးကြောင့် ဦးအုပ်စိုးသည် ရင်ဝယ်လှိုက်တက်အူလာရကာ အားမလိုအားမရ မချင့်မရဲစိတ်နှင့်အတူ သူ့ရှေ့က မိန်းမချောမိစ္ဆာလေးသည် သူတရားဝင်လက်ထပ်ခဲ့သည့် ဇနီးသည်လေးပါလားဆိုသော အတွေးကဝင်လာရကာ ချစ်အနမ်းများက သူမမျက်နှာလှလှ လေးထက်ကျဲဖြန့်လို့မဆုံးနိုင်အောင် ရှိနေရတော့သည်။

ဖြိုးတစ်ယောက်မှာ အချစ်လူကြမ်းကြီး ဦးအုပ်စိုးရင်ခွင်ထဲမှ ဘယ်လိုပင် ရုန်းထွက်ပါသော်လည်း နောက်ဆုံးမှာတော့ သူမသည် ရုန်းကန်ရလွန်းသဖြင့် မောပန်းနွမ်းနယ်လာရကာ စောစောက တောင့်တင်းနေသော သူမကိုယ်လေးမှာလည်း တဖြည်းဖြည်း ပျော့ပျောင်းလာရပြီးနောက် ဖြိုးသည် ဦးအုပ်စိုး လှူ့ခွစာကြီးကို နာကျင်ဒေါသစိတ်လေးနှင့်ပင် အရှုံးပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရလေတော့သည်။

သို့တိုင်… ။

သူမပါးပြင်ထက်ဝယ် မျက်ရည်စလေးများ စိုလူးနေရသည် မဟုတ်ပါလား။

* * *



## အခန်း (၃)

"တောက်… လူ့ခွစာကြီး၊ ဒင်း မျက်နှာကို နည်းနည်းမှ ကြည့်ချင်ဘူး၊ မုန်းလိုက်တာနော် သိပ်မုန်းတာပဲ"

တက်ခေါက်သံ ခပ်ပြင်းပြင်းနှင့်အတူ မီးတောက်မီးလျှံ ဒေါသမျက်ဝန်းလေးနှင့် ရွှဲနေအောင်လှသော အလှပိုင်ရှင်လေး ဖြိုးသည် ဖူးဥနေရသော နှင်းဆီပွင့်ဖတ်လေးများလို နုညံ့လှသည့်နှုတ်ခမ်းလေးနှစ်လွှာကို တင်းတင်းစေ့ရင်းက ရင်မှာနာကျင်မှု ရှက်ဒေါသများနှင့် ပေါက်ကွဲစွာ ဆိုနေလိုက်သည်။

မုန်သည်။

ဖြိုးတစ်ယောက် ‘ထိုသို့ ဒေါသဖြစ်ရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဦးအုပ်စိုး လူချောကြီးသည် ဖြိုးဘဝလေးကို သူ့သဘော သူ့ဆန္ဒတစ်ခုတည်းနှင့် အနိုင်ယူ သိမ်းပိုက်သွားခဲ့သည်။

ဖြိုးမှာ ထိုအဖြစ်ကို တွေးတိုင်း နာကျင်ရပါသည်။

နာကျင်စိတ်နှင့်အတူ ဦးအုပ်စိုးအပေါ်မှာလည်း ဖြိုးသည် ခွင့်မလွှတ်နိုင်အောင် ဖြစ်မိရတော့သည်။

မချစ်ပါ မုန်းပါသည်လို့ နှုတ်က အကြိမ်ကြိမ်ပင် ဖွင့်ပြောထားပါရက်နှင့် ဖြိုးကို ပိုင်စိုးပိုင်းနင်း သူ့ဆန္ဒနှင့် ဖွတ်ထိုး အနိုင်ယူသွားပုံကလည်း ဖြိုးအား သူပိုင်အရုပ်လေးလို့ သဘောထားနေသည်ပဲ။

ယခင်က ဖြိုးနှင့် ယခု ဖြိုး ကွာခြားသွားရပြီဖြစ်တဲ့ ဘဝကို ဖြိုးသည် နာကျင်ခံခက်စွာ တွေးနေရင်းက နှလုံးသား တစ်ခုလုံး ထိထိခိုက်ခိုက် နာကျင်ကြေကွဲ နေရတော့သည်။

ဦးအုပ်စိုးရယ် ရှင် ကျွန်မအပေါ် အနိုင်ရသွားတယ် ဆိုပေမဲ့ ရှင့်ကို ကျွန်မ အရှုံးပေးလိမ့်မယ်လို့တော့ ရှင်မထင်လိုက်ပါနဲ့ ကျွန်မနှလုံးသားတွေ နာကျင်ခံစားရသလို တစ်နေ့ ရှင့်နှလုံးသားတွေ ပြန်ပြီး နာကျင်ခံစားစေရမယ် ဆိုတာကို ကျွန်မသစ္စာဆိုလိုက်မယ်၊ အဲ့ဒီအချိန်ကို ရှင် မျှော်မျှော်ကြီး





စောင့်နေပေဦးတော့ ဦးအုပ်စိုး။

နွမ်းကြေသွားရပြီဖြစ်တဲ့ သူမဘဝကို သူမ ယူကျုံးမရ နှမြောတသစိတ် နာကျင်ကြေကွဲစိတ်များနှင့် ဖြိုးသည် အံ လေးကြိတ်လျက်က ရင်မှာဒေါသစကားများ ကျိတ်ဆိုနေ လိုက်လေတော့သည်။

ထိုစဉ်... ။

"ဟင်... အမိ ခုထက်ထိ အိပ်ရာက မထသေးဘူးလား၊ ကျုပ် မင်းကို ကော်ဖီသောက်ဖို့ စောင့်နေတာ"

စကားသံနှင့်အတူ အခန်းထဲသို့ ဝင်လာသော ဦးအုပ်စိုး ကို ဖြိုးသည် နာကျင်မုန်းတီးသော မျက်ဝန်းစိမ်းစိမ်းလေး များနှင့် နှုတ်ခမ်းလေး ဖိကိုက်ကာ စူးခနဲကြည့်ရင်း–

"ရှင်... ရှင်... ကျွန်မကို စကားလာမပြောနဲ့ သွား"

"ဟာ..."

ဖြိုးမှာ ပါးစပ်အပြောနှင့်ပင် မကပါ လက်ကလည်း သူမအနားတွင်ရှိနေသော ခေါင်းအုံးနှင့် ဦးအုပ်စိုးမျက်နှာ ကို လှမ်း၍ပစ်ပေါက်လိုက်တာမို့ ဦးအုပ်စိုးမှာ သူမပစ်ပေါက် လိုက်သော ခေါင်းအုံးကြီးကို ရှောင်ရှားဖမ်းယူလိုက်ပြီး–



www.burmeseclassic.com

www.burmeseclassic.com



"ဟော့... ဒါ ဘာလုပ်တာလဲကွ၊ စောစောစီးစီး မင်းနဲ့ကျုပ် ပြဿနာ မဖြစ်ချင်ဘူး"

"အပွန်း... ရှင်ကပဲ ပြောရတယ်ရှိသေး ဘယ်သူကရော ရှင်နဲ့ပြဿနာဖြစ်ချင်နေလို့လဲ၊ ရှင့်မျက်နှာကို မြင်တွေ့ရတာ ကျွန်မမှာ နေလိုမီးလို ပူလွန်းလို့ သွားရှင် ကျွန်မအခန်းထဲက အမြန်ထွက်သွား"

ဖူးအိနေဖပ်နေရသော ဖြိုး၏မျက်နှာလှလှလေးမှာ စောစီးစီးဝယ် ဒေါသကြောင့် တင်းမာခက်ထန်နေရကာ အတွင်းနှုတ်ခမ်းသားလေးကို ဖိကိုက်ထားရင်းက သူမ၏ ဒေါသမျက်စောင်းလေးက ဦးအုပ်စိုးထံ အကြိမ်ကြိမ်ကျရောက်နေရတော့သည်။

"သွားလေ ရှင် ဘာလုပ်နေတာလဲ"

ဦးအုပ်စိုးမှာ မနက်ခင်းနေခြည်နှင့်အပြိုင် လှနေသော ဖြိုး၏ ဒေါသမျက်နှာလှလှလေးကို ရိဝေရူးရှူးစွာ မမှိတ်မသုန် မျက်ဝန်းစူးစူးကြီးများနှင့် မသိဟန်ပြု စိုက်ကြည့်ရင်း

"မင်း ဘာလို့ အလကားနေရင် ဒေါသဖြစ်နေရတာလဲ"

"ဘာ..."





"ရှင် ဘာပြောတယ်၊ လူ့ခွစာ လူရိုင်းကြီး ရှင်ကပဲ ဒီစကား ပြန်မေးရသေးတယ်၊ ရှင့်အပြစ် ရှင်မသိဘူးလား"

ဖြိုးမှာ ထိုစကားကို ဒေါသမျက်နှာရဲရဲလေးနှင့် ဆိုလိုက်လေသည်။

"ဘာလဲ အမိက ကျုပ်ကို ညကအဖြစ်အတွက် မကျေမနပ် ဖြစ်နေတာလား"

"ဖြစ်နေတာမဟုတ်ဘူး ဖြစ်ကိုဖြစ်နေတာ ရှင့်ကို ကျွန်မ လုံးဝ မကျေနပ်ဘူး သိလား၊ အဲ့ဒီအဖြစ်အတွက် ရှင့်ကို ဘယ်တော့မှလဲ ခွင့်မလွှတ်ဘူး ရှင့်ကို မုန်းတယ် ရွံ့တယ် နာကျင်တယ် သိရဲ့လား"

"ဟင်း..."

ဒေါသတွေနှင့်တင်းမာနေရသော လှပလွန်းသည့် ဖြိုး၏မျက်နှာလေးကို ဦးအုပ်စိုးသည် ရင်ခုန်ခြင်းများစွာဖြင့် တစ်ချက်စိုက်ကြည့်လျက် သက်မတစ်ချက်ကို ချလိုက်သည်။

ညက သူမလေး သူ့အား တွန်းထိုးငြင်းဆန်ကာ မကြည်ဖြူ မလိုလားသည့်ကြားက သူ့ဆန္ဒတစ်ခုတည်းနှင့် သူမအချစ်ကို ဖွတ်တိုးယူခဲ့သည့်အဖြစ်ကို ဖြိုးသည် နာကျင်မှု



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် သူ့အား ချွင့်မလွှတ်နိုင်တာကို ဦးအုပ်စိုး သိပါသည်။

သိပေမဲ့ ဦးအုပ်စိုးသည် ဒီအဖြစ်ကို သူဂရုမစိုက်ပါ။ ဂရုစိုက်စရာအကြောင်းလည်း သူ့တွင် မရှိဟု ထင်ပါသည်။

အကြောင်းကား… ။

ဖြိုးနှင့်သူဆိုတာ နှစ်ဖက်မိဘများ တရားဝင် လက်ထပ်ပေးထားသည့် ဇနီးမောင်နှံများဖြစ်သည်မို့ ဦးအုပ်စိုးသည် ယောကျ်ားတစ်ယောက်အနေဖြင့် ကိုယ့်ဇနီးသည်ထံမှ အချစ်ကို ရယူခြင်းသည် အပြစ်မဟုတ်ဟု ခံယူထားသောကြောင့် ဖြစ်သည်။

အစကတော့ဖြင့် သူသည်လည်း ဖြိုးမိန်းမချောထံမှ အချစ်များကို သူသည် ခွတ်ထိုးရယူရန် မရည်ရွယ်ခဲ့ပါပေ။

သို့သော်လည်း… ။

သူ့ကို မြင်သည်နှင့် မခံချင်စရာစကား၊ အသည်းယားဖွယ်ရာ အပြုအမူများနှင့် သူ၏ယောကျ်ားမာနကို အကြိမ်ကြိမ် စော်ကားလွန်းသော ဖြိုးကြောင့် ဦးအုပ်စိုးသည် ရင်မှာ မချင့်မရဲနှင့်သည်းခံစိတ်များ ကုန်ဆုံးသွားရကာ သူ၏ယောကျ်ားမာနက မခံချင်စိတ်နှင့် သူမအချစ်ကို ရယူခဲ့ခြင်း





သာ ဖြစ်ပါသည်။

သို့တိုင်… ။

ဦးအုပ်စိုးသည် သူမအပေါ် ဘယ်လိုပင် မခံချင်စိတ်နှင့် အနိုင်ယူခဲ့သည်ပဲပြောပြော တကယ်တမ်း သူ့အချစ်များ သူမအပေါ် သွန်းဖြိုးမိပြန်တော့လည်း သူ့ရင်အစုံသည် တသိမ့်သိမ့်နှင့် ရင်ခုန်လှုပ်ရှားခဲ့ရလေသည်။

သည်ခံစားမှုမျိုး ဘယ်မိန်းကလေး တစ်ဦးတစ်ယောက်နှင့်မှ သူ မဖြစ်ပေါ်ခဲ့ဖူးပေ။

ယခုမှ ဖြိုးဆိုသော မိန်းမချောလေးအပေါ် သူ့အချစ်များ အထိန်းအချုပ်မဲ့စွာ သွန်းဖြိုးခဲ့ရသည်က သူမအပေါ် မခံချင်စိတ်ထက် သူ့ရင်ထဲကလာသော အချစ်များကြောင့်သာ သူမလေးအပေါ် လွှန်ကဲသွားရခြင်းသာ ဖြစ်သည်ဆိုတာကို သူမလေး သိရှိနိုင်မည်ဆိုပါလျှင်။

မှန်၏။

ဦးအုပ်စိုး ဘဝတွင် အချစ်ဆိုတာ သူနှင့်စိမ်းလွန်းခဲ့ရသည်က အမှန်ဖြစ်သည်။ ကျောင်းပြီး၍ စီးပွားရေးလောကထဲကို ခြေစုံပစ်ဝင်ပြီးကတည်းက သူသည် လောကကြီးစွာ



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးများကိုသာ တစ်ခုပြီးတစ်ခု လုပ်လာခဲ့သည်မှာ အချိန်နှင့် အသက်အရွယ် ဆိုတာကိုပင် မေ့ခဲ့ရသည့်အထိ ဖြစ်သည်။

တကယ်တမ်း သူ့အနားတွင် သူ့အချစ်ကို လိုချင်၍ စောင့်မျှော်နေကြသော မိန်းမချောမိန်းမလှများစွာ ရှိနေသည်ကို ဦးအုပ်စိုး မသိမဟုတ် သိပါသည်။

သို့သော်လည်း ခက်သည်က သူ့နှလုံးသားပင် ဖြစ်သည်။ လှတာ ချောတာမြင်၍ ကြိုက်ရမည်ဆိုလျှင် ဦးအုပ်စိုး လူချောကြီးအနားတွင် မိန်းမချော မိန်းမလှများစွာ ရှိပါသည်။

သို့ပေမယ့် ...

ဦးအုပ်စိုးသည် ချစ်၍မရ ကြိုက်၍မရခဲ့ပါ။ ထို့အတူ သူ့နှလုံးသားတံခါးသည်လည်း သော့ဖွင့်၍မရခဲ့ပါ။

အချစ်သည် နက်နဲဆန်းကြယ်သည် ဆိုတာကို ဦးအုပ်စိုးသည် ကိုယ်တွေ့ကြုံမှ ယုံရပါတော့သည်။

မိန်းမချော မိန်းမလှများစွာနှင့် မိတ်ဆွေသူငယ်ချင်းသဘောအရ ရင်းနှီးပတ်သက်ခဲ့ပါသော်လည်း ထိုမိန်းကလေးများကို ချစ်၍မရခဲ့သော် ဦးအုပ်စိုးသည် တွေ့ရုံမျှပင်





ပေတူးတူး၊ ဂျစ်ကျကျနှင့် ခေါင်းမာကာစွာလွန်းသည့် ဖြိုး ဆိုသည့် ဒီမိန်းကလေးကိုတော့ မြင်မြင်ချင်းပင် သူ့နှလုံးသားလေး သိမ့်ခနဲ လှုပ်ရှားခဲ့ရသည်အထိ သူ့ရင်ခုန်သံတွေ မြန်ဆန်ခဲ့ရသည်ကိုတော့ ဦးအုပ်စိုး သူ့ကိုယ်သူသာ အသိဆုံး ဖြစ်သည်။

အချစ်မှာ မျက်စိမရှိ၊ ထို့အတူ ရွေးချယ်ခွင့်လည်းမရှိ ဆိုတာ ဖြိုးကိုတွေ့မှ ဦးအုပ်စိုးသည် ထိုစကား သူလက်ခံရ ပါတော့၏။

အဘယ်ကြောင့်ဆိုရသော်။

အချိန်ကြာမြင့်စွာ အိပ်ပျော်နေခဲ့ရသော သူ့နှလုံးသားထဲက အချစ်ဆိုသောအရာသည် ဖြိုးကို မြင်မြင်ချင်းမှာပင် သူ့နှလုံးသားက ဟန်မဆောင်နိုင် လိုက်ဖိုကြည်နူးခြင်းများဖြင့် ရင်ခုန်သံတွေ ထိန်းမရအောင် လှုပ်ရှားမြန်ဆန်ခဲ့ရသည့် အဖြစ်။

ရင်ခုန်တာဟာ အချစ်ကြောင့်ပါဆိုရင်တော့ ဦးအုပ်စိုးသည် မိန်းမချော မိစွာတေးလေး ဖြိုးကို သူ့ရင်မှာ ဘသည်း အသက်နှင့်ထပ်တူ ကြင်နာမြတ်နိုး ချစ်နေမိပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ဦးအုပ်စိုးသည် သူလက်ထပ်ရမည့် မိန်းကလေး ဖြိုးမှန်းသိသောအခါ သူ့ရင်ထဲတွင် ဘာနှင့်မှ မတူသည့် ကြည်နူးပျော်ရွှင်မှုဖြင့် ဖြိုးအား လိုလိုလားလားပင် လက်ခံကာ လက်ထပ်ခဲ့ရပေမဲ့ မာနခဲ ရွှေမင်းသမီးလေး ဖြိုးကတော့ သူ့အား လက်မထပ်နိုင်ပါ။ မုန်းပါသည်။ နာကျင်ပါသည်ဆိုသော မျက်ဝန်းစိမ်းစိမ်း စကားစိမ်းစိမ်းများဖြင့် သူနှင့်လက်ထပ်ရမည်ကို အကြောက်အကန် ငြင်းဆန်ခဲ့သူဖြစ်၏။

သို့ပေမဲ့။

ဦးအုပ်စိုးဆိုတာက လိုချင်တာကိုရအောင် ယူတတ်သလို ဖြစ်ချင်တာကိုလည်း ဖြစ်အောင်လုပ်တတ်သူမို့ ဖြိုးကို လက်ထပ်ဖို့ရာ မိဘများ၏ အစီအစဉ်ဆိုပေမဲ့လည်း သူ၏ ဖိအားပေးမှုကြောင့် ဦးအုပ်စိုးသည် ဖြိုးကို အမြန်ဆုံးလက်ထပ်ပိုင်ဆိုင်ခွင့် ရခဲ့ခြင်းဖြစ်သည်။

ချစ်သူလေးကို ပိုင်ဆိုင်ခွင့်ရပြီဆိုတော့လည်း ရင်မှာ ဘာနှင့်မျှ မတူသည့် ခံစားပျော်ရွှင်မှုများဖြင့် ကြည်နူးကျေနပ်ခဲ့သူ ဦးအုပ်စိုးမှာ သူ့နှလုံးသားတွင် မြတ်မြတ်နိုးနိုး ချစ်





သွားခဲ့ရသည့် ဖြိုးကို သူ့ဆန္ဒတစ်ခုတည်းနှင့် သူမထံမှ အချစ်များကို သိမ်းပိုက်လိုက်သည့်အဖြစ်က ဖြိုးအား နာကျင်မှုများ ဖြစ်သွားစေရလေသည်။

ဖြိုး သူ့အပေါ် နားလည်မှုလွဲကာ ခံစားနေရသည်ကို မြင်ရပြန်တော့လည်း ဦးအုပ်စိုး စိတ်မကောင်းပါ။

သို့သော်... ။

ခက်သည်က ဖြိုးပင် ဖြစ်သည်။

ဖြိုးအား သူသည် သနားကြင်နာစိတ်နှင့် အလျှော့ပေးလိုက်ပါက ဖြိုးသည် သူ့အားနည်းနည်းမှ ဂရုစိုက်တော့မည် မဟုတ်တော့သလို သူတို့နှစ်ဦး၏ အိမ်ထောင်ရေးကို သူမစိတ်သူမသဘောအတိုင်း လုပ်တော့မည်ဖြစ်သည်။

သူ့အနေဖြင့် ထိုအဖြစ်မျိုးကိုလည်း အဖြစ်မခံနိုင်ပါ။ ချစ်သူကို ချစ်လွန်း၍ အရယူထားပြီးမှတော့ ချစ်သူနှင့် တစ်စက္ကန့်မျှပင် သူ့အနေဖြင့် အဝေးမခံနိုင်တော့ပါ။

စားစား သွားသွား လာလာမှာ ချစ်သူကိုသာ သူ့အနား ရှိစေချင်သည်မို့ ဦးအုပ်စိုးသည် ဖြိုးအား ချစ်ရည်ရွှန်းသော မျက်ဝန်းစိုစိုကြီးများနှင့် ငေးစိုက်ကြည့်ရင်း-



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုး... "

"ဟင်... "

ဖြိုးမှာ လူ့ခွစာကြီးထံမှ သူမအမည်ခေါ်သံကို ဒါ ပထမဦးဆုံး ကြားရတာမို့ မျက်နက်ဝန်းလုံးလုံးကြီးထဲတွင် အံ့သြမှုများဖြင့် သူ့အားဖျတ်ခနဲ ကြည့်မိသွားရသည်။

ထိုအခါ... ။

သူမအား ဘယ်အချိန်ကတည်းက အကြည့်ရူးရူးကြီးများနှင့် ရူးစိုက်ကြည့်နေသည် မသိတော့ပါသော လူ့ခွစာကြီး ဦးအုပ်စိုး၏ အကြည့်များနှင့် အကြည့်ချင်း မျက်လုံးချင်း ဆုံသွားရလေသည်။

"အို... "

ဖြိုးမှာ ရီဝေရူးရှလွန်းသော ညို့မျက်ဝန်းများနှင့် သူမ တစ်ကိုယ်လုံးကို ထွင်းဖောက်မတတ် စိုက်ကြည့်နေသော ဦးအုပ်စိုး၏ အကြည့်များကြောင့် ရင်ခုန်သံတွေပင် ကသောင်း ကနင်းဖြစ်သွားရကာ သူ့အကြည့်များကို ရင်မဆိုင်ရဲအောင် ဖြစ်သွားရတော့သည်။

သို့သော်... ။





သူ့အပေါ် ဖြစ်နေရသည့် သူမဒေါသကတော့ နည်း နည်းလေးမှ လျော့မသွားပါ။

"ဖြိုး... "

"မခေါ်နဲ့ ကျွန်မနာမည် ရှင် မခေါ်နဲ့ သွား"

"ကျုပ်က ဘယ်ကို သွားရမှာလဲ မနက်စောစောကြီးမှာ ရန်မဖြစ်ချင်စမ်းပါနဲ့ ထ မျက်နှာသစ် ကော်ဖီသောက်မယ်"

ဖြိုးတစ်ယောက် သူ့အပေါ် မခံမရပ်နိုင် ရှက်ဒေါသ စိတ်တွေ တနင့်တပိုးကြီး ဖြစ်နေရသလောက် သူကတော့ သူမဒေါသကို မမှုသလိုမျိုး အေးဆေးတည်ငြိမ်စွာ ဘာမှမ ဖြစ်သည့်ဟန်နှင့် စကားဆိုနေတာမို့ ဖြိုးဒေါသတွေ ပိုဖြစ်လာ ရကာ—

"ရှင့်ကို ကျွန်မ မျက်စိရှေ့မှာ မမြင်ချင်ဘူး၊ ရှင် ထွက် သွားလို့ ပြောနေတယ် မဟုတ်လား"

"ကျုပ် မသွားနိုင်ဘူးဆိုရင် ရော... "

"ကဲ... အဲ့ဒါ မသွားနိုင်ဦး... "

"ဒုန်း... "

"ဟာ... ဟိတ်... ဟိတ်... "



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်များရယ် မြန်ဆန်သည်လို့ ပြောရမလား မသိပါ။ ဦးအုပ်စိုးကို မြင်တွေ့ရသည်ကိုပင် သူမရင်ထဲ ရှုံးနိမ့်သလို ခံစားနေရသည့်ဖြိုးမှာ ဦးအုပ်စိုးအား သူမအခန်းထဲက တွင်တွင်နှင်ထုတ်ပေမဲ့ ခေါင်းမာလွန်းသည့် လူ့ဂစောကြီး ဦးအုပ်စိုးသည် သူမစကားကို အလေးမထား အရေးမစိုက်သလို ဆိုလာသောအခါ သူမဒေါသများသည် ထိန်းလို့မရတော့ဘဲ ဖြိုးသည် အနားတွင်ရှိနေသော မှန်တင်ခုံပေါ်မှ ရေမွှေးပုလင်းနှင့် ဦးအုပ်စိုးအား ပစ်ပေါက်လိုက်သည်တွင် ဦးအုပ်စိုးမှာ အမြန်ရှောင်လိုက်၍သာ တော်ပါတော့သည်။

မဟုတ်ပါက အရှိန်နှင့်လှမ်းပစ်ပေါက်သော ရေမွှေးပုလင်းကြောင့် သူသည် ခေါင်းကွဲလျှင်ကွဲ မကွဲလျှင် သည်ထိခိုက်အနာတရတော့ ဖြစ်နေလောက်ပြီ ဖြစ်သည်။

ဖြိုး ပစ်လိုက်တဲ့ ရေမွှေးပုလင်းကို ကြည့်လိုက်တော့ ရေမွှေးပုလင်းလေးမှာ အခန်းထောင့်တွင် အစိတ်စိတ်အမြွာမြွာ ကွဲနေရပြီ ဖြစ်သည်။

“ကြည့်စမ်း... မင်း ဒီလိုပဲ မဆင်မခြင်လုပ်ရလား မတော်လို့ ကျုပ်ကို ထိသွားရင် ဘယ်နှယ့်လုပ်မလဲ”





“ထိပါစေ၊ ရှင့်ကို ထိရုံတင် မကဘူး အသေတောင် သတ်ပစ်ချင်တယ် သိလား”

“မင်း ဒီလောက်တောင် ကျုပ်ကို မုန်းနေတာလား ဖြိုး”

“မုန်းတယ်... မုန်းတယ် ရှင်ကြီးကို သေအောင်မုန်းတယ်”

“ကဲ... ဒီလောက် မင်း ကျုပ်ကို မုန်းနေမှတော့ သတ်ချင်လဲသတ်ဗျာ”

“သတ်မယ်...သတ်မယ် ရှင်ကြီးကို အသေသတ်မယ်”

သူ့အပေါ် ဒေါသတွေလွန်မကဖြစ်နေရသော ဖြိုးမှာ ဦးနှောက်ထဲတွင် သူ့အပေါ် ဒေါသဖြစ်ရသည်ကလွဲပြီး ဘာမှ မရှိတော့သလို ဖြစ်သွားရသည်မို့ ဒေါသမျက်ဝန်း ရူးရူး တောက်တောက်လေးနှင့် သူ့အားကြည့်ရင်းက နှုတ်ခမ်းလေးကို ပြတ်ထွက်လုမတတ် ဖိကိုက်ကာ–

“ရှင်ကြီးကို မုန်းတယ် အသေသတ်မယ် သိလား ကဲ... ကဲ... အဲဒါ ကျွန်မကို အနိုင်ကျင့်ဦး၊ ဗိုလ်ကျဦး”

“ဗုန်း...”



www.burmeseclassic.com

www.burmeseclassic.com



"ဗုန်း... "

"ဘုတ် ... "

ဖြိုးမှာ သူမအဖြစ်ကို သူ ယူကျုံးမရ နှမြောတသ စိတ်များနှင့် ရှက်ဒေါသများ ပေါင်းကာ ဦးအုပ်စိုး၏ ရင်ဘတ်၊ လက်မောင်းနှင့် သူ့မျက်နှာချောချောကြီးကို သူမလက်လေးနှင့် တွန်းထိုး ထုရိုက် ကုတ်ဆွဲနေတော့သည်။

"အဟင့်... ဟင့်... ဖောင့်... ရှင်ကြီးကို မုန်းတယ် သိပ်မုန်းတယ် အဟင့်... ဟင့်... ဟင့်... ပါးပြင်နုနုပေါ် မျက်ရည်များ စီးကျရင်းက ပြောလည်းပြော ငိုလည်းငို သူ့အား ရိုက်လည်းရိုက်နှင့် ရှိနေရသော ဖြိုး၏မျက်ရည်များနှင့် စိုလူးနေရသော မျက်နှာလှလှလေးကို ဦးအုပ်စိုးသည် မျက်ခုံးကြီးကြုံ့ကာ ငေးကြည့်နေရပါတော့သည်။

ဦးအုပ်စိုးသည် သူမ သူ့အား ရိုက်နေသည်ကို အတန်ကြာ ကြည့်နေရာမှ–

"ဟော့..., မင်း တော်... "

"မတော်ဘူး ရှင်ကြီးကို မုန်းတယ် အသေသတ်ပစ်မယ်"





ဒေါသနှင့်အရှက်တရား နာကြည်းမုန်းတီးမှုများ ပြည့်နေရသော ဖြိုးသည် ပြောလည်းပြော ဦးအုပ်စိုး၏ကိုယ်ကြီးကိုလည်း သူမလက်သီးဆုပ်လေးများနှင့် အဆက်မပြတ် ထုရိုက်ကုတ်ဆွဲနေတော့သည်။

ဒါကိုကြတော့ ဦးအုပ်စိုးမှာ စိတ်မရှည်တော့ပါ။ သူမလေးကို စိတ်ရှိတိုင်း လွှတ်ထားပါက မဖြစ်တော့သည်ကိုလည်း ဦးအုပ်စိုး ရိပ်မိလာရသည်မို့–

"မင်း ပြောနေတာ မရဘူးလား ဖြိုး... "

"မရဘူး... မရဘူး မရတော့ ရှင် ဘာလုပ်ချင်လဲ တဲ... ကဲ"

"မင်းကွာ"

"ဘာ မင်းကွာလဲ ကဲ... "

"အား... "

ဦးအုပ်စိုးမှာ ဖြိုး၏လက်သည်းလေးများနှင့် ကုတ်ဆွဲမှုကြောင့် သွေးများစို့တဲ့အထိ စပ်ဖျင်းဖျင်းကြီး ဖြစ်သွားရသော သူ့လည်ပင်းကို လက်နှင့်စမ်းရင်းက–

"မင်း သိပ်စွာပါလား ဖြိုး"



www.burmeseclassic.com

www.burmeseclassic.com



"စွာတယ် ဘာဖြစ်လဲ ရှင်ကြီးကို ဒီထက်မကဘူး အသေကိုသတ်ပစ်ချင်တာ သိလား"

"အေး... ဒီလောက်စွာတဲ့ မိစ္ဆာ လာခဲ့စမ်း"

"အမေ့..."

မြွေတစ်ကောင်လို တင်းကျပ်စွာ တုပ်နှောင်လာသည့် ဦးအုပ်စိုး၏ လက်ထဲတွင် ဖြိုးကိုယ်လေးမှာ ဇွေ့ခနဲပါသွားရသလို သူမကိုယ်နွေးနွေးလေးမှာလည်း သူ့ရင်ခွင်ကျယ်ကြီးထဲ ထွေးခနဲရောက်ရှိသွားရသည်။

"ရှင်... ဒါ ဘာလုပ်တာလဲ ဖယ်... လွှတ်... လွှတ်..."

"မလွှတ်ဘူး သိပ်စွာတဲ့ မင်းကို မစွာအောင်လို့ ဟော့ဒီလို..."

"ရှင်နော်..."

"အို..."

အကျဉ်းထဲအကျပ်ထဲမှာပင် သူ့အား တစ်ခွန်းမခံ ဂျစ်ကန်ကန် ပုံစံလေးနှင့် စွာနိုင်သေးသည့် မိန်းမချော ဖြိုးကို ဦးအုပ်စိုးသည် ကြည့်ရင်းက မချင့်မရဲဖြစ်လာရသည်မို့





သူ့မျက်နှာချောချောကြီးက ဖြိုးမျက်နှာလေးထက် အချိန်ကြာကြာလေး အုပ်မိုးမှုကပ်သွားရသည်။

"အို... ရှင်..."

"လွှတ်... ဖြိုး သည် မျက်နှာလေးကို လွှဲရှောင်ရင်းက ဦးအုပ်စိုး ရင်ခွင်ထဲက ခပ်ဆတ်ဆတ်လေး ရုန်းထွက်လိုက်လေသည်။

သို့သော်မရပါ။

သူမကိုယ်လေးသည် ဦးအုပ်စိုးရင်ခွင်တဲက မလွှတ်သည့်အပြင် ပို၍ပင် တင်းကျပ်လာရသည်မို့–

"ရှင်နော်... လွှတ်ဆိုတာ..."

"အဟွန်း... ကျုပ် မလွှတ်တော့ အမိ ဘာတတ်နိုင်မှာလဲ ကိုယ့်မိန်းမ ကိုယ်ဖက်တာ အပြစ်ကျူးလွန်တာမှ မဟုတ်ဘဲ"

"ဘာ ကိုယ့်မိန်းမလဲ ရှင် ဒီ စကား မပြောနဲ့ သွား... သွား..."

"အေးဗျ သွားလို့ နှင်နေသရွေ့ အမိ အနားက ကျုပ် သွားမှာ မဟုတ်ဘူး၊ ကျုပ်ကိုသွားစေချင်ရင် အမိပါ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တည်း လိုက်ခဲ့"

"ဘာကိစ္စ ကျွန်မက ရှင်နဲ့အတူလိုက်ရမှာလဲ"

"ဟောဗျာ... မင်းနဲ့ကျုပ်က အခုမှ လက်ထပ်ထားတဲ့ ကြင်စဦးဇနီးမောင်နှံတွေလေဗျာ၊ ဒီအချိန်မှာ တစ်ယောက်နဲ့ တစ်ယောက် ခွဲနေလို့ ဖြစ်ပါ့မလား"

"ဟင်... ရှင်... ရှင်... အရှက်မရှိ ဒီစကားပြောနေတယ် ရှင့်ကို ကျွန်မ ချစ်လို့ လက်ထပ်ထားတာ မဟုတ်ဘူး"

"သိတယ်... သိတယ်... ဒါကို ကျုပ်သိတယ်၊ မင်းက ချစ်လို့ပဲဖြစ်ဖြစ် မချစ်လို့ပဲဖြစ်ဖြစ် မင်းနဲ့ကျုပ်က အခု ဇနီးမောင်နှံတွေ ဖြစ်နေပြီလေ ဒါကို မင်း ငြင်းလို့ရမလား"

သူ့အားမချစ်ပါ မုန်းပါသည် ပြောနေသော ဖြိုးစကားကို ဦးအုပ်စိုးသည် အခံရခက်သလိုမျိုး အသည်းနာနာ စိတ်နာနာနှင့် အံကိုတင်းတင်းကြိတ် စေ့လျက်က ဖြိုး၏ လက်မောင်းသားနုနုလေးများကို သူ့လက်အစုံနှင့် ဖျစ်ညှစ်ရင်း အသည်းယားယားနှင့် ဆိုလိုက်တော့ ဖြိုးမျက်နှာလေးမှာ နာကျင်မှုနှင့် အတုမဲ့သွားရရှာသည်။





"ရှင် လူကို အနိုင်မကျင့်နဲ့နော်"

"မင်းကို အနိုင်ကျင့်ဖို့ဆိုတာ ကျုပ်စိတ်ကူးထဲမှာတောင် မရှိဘူး အဲ... ရှိနေရင်လဲ မင်းကို ကျုပ်ချစ်ဖို့ပဲ ဖြစ်လိမ့်မယ်"

"ဟင်... ရှင် ဘာပြောတာလဲ"

"ချစ်စကားလေ"

"ရှင် သွား"

"သွားမယ် လာခဲ့"

"အို..."

ရုတ်တရက် ဖြိုးကိုယ်လေးကို ဦးအုပ်စိုးသည် ကလေးတစ်ယောက်လို ဆွဲပွေ့ချီလိုက်ပြီးနောက် သူမကိုယ်လေးကို ရေချိုးခန်းဆီသို့ ချီလာခဲ့လိုက်သည်။

"ကဲ... ရေမြန်မြန်ချိုးလိုက် ကျုပ် ဗိုက်ဆာနေပြီနော် မင်းနဲ့အတူ ကော်ဖီသောက်ဖို့ ကျုပ်စောင့်နေတာ အခန်းပြင်မှာ ကျုပ်ရှိနေမယ် အဲ... ကြာလို့ကတော့ ကျုပ်က အခန်းတံခါး ဖျက်ပြီး ဝင်လာမှာနော် အဟွန်း... မလုပ်ဘူးလို့တော့ မထင်နဲ့နော် ကျုပ်အကြောင်း သိတယ် မဟုတ်လား"

"အို..."



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးကိုယ်လေးကို ရေချိုးခန်းထဲ အသာချပေးလိုက်ပြီးနောက် စကားဆုံးသည်နှင့် သူမနဖူးလေးကို သူ့နှုတ်ခမ်း နွေးနွေးကြီးနှင့် ဖျတ်ခနဲ နမ်းကာ ရေချိုးခန်းတံခါးကို ပိတ်ပေးကာ အခန်းထဲမှ ထွက်သွားသည့် ဦးအုပ်စိုးကို ဖြိုးသည် ဘာစကားမှ ပြောခွင့်မရလိုက်ပါ။

ဖြိုးအား ကလေးတစ်ယောက်လို ချော့သလို ခြောက်သလို ဆိုသွားသော ဦးအုပ်စိုး စကားများကိုသာ ဖြိုးသည် မကျေမနပ်နှင့် ခံရခက်ခက်လေးရှိနေရကာ သူ့အပေါ် ဂျစ်ကျချင်သည့်စိတ်များက ဖြိုးရင်မှာ အခါမလပ် ဖြစ်ပေါ်နေရသည်။

သို့သော်... ”

တကယ်တမ်းမှာတော့ ဖြိုးသည် ဦးအုပ်စိုးအား သူမစိတ်ထဲ ရှိသည့်အတိုင်း မလုပ်ရဲပါပေ။

အကြောင်းမှာ... ။

လူ့ခွစာကြီး ဦးအုပ်စိုးသည် သူပြောသွားသလိုပင် သူ့စိတ်ထဲမထင်လျှင် မထင်သလို လုပ်တတ်သည်မို့ ဘာပဲပြောပြော ဖြိုး သူ့ကိုတော့ လန့်မိရသည်က အမှန်ဖြစ်သည်။

မလန့်လို့ကလည်း မရပါ။

ဖြိုးသည် သူ့အား အရှုံးပေးခဲ့ရပြီမို့ စိတ်မှာ သူ့အား





မကျေနပ်ပါသော်လည်း အခုအခြေအနေက ဖြိုးအတွက် အားမတန် မာန်လျှော့ရမည့်အဖြစ်မို့ သက်ပြင်းမောတစ်ချက်ကို ခပ်လောလောချကာ ရေကို ခပ်မြန်မြန် ချိုးလိုက်ရသည်။

သို့တိုင်... ။

စိတ်ထဲမှာတော့ ဖြိုးသည် လူ့ခွစာကြီး ဦးအုပ်စိုးအား မုန်းလှသောကြောင့် ဖြိုးသည် ရေချိုးရင်းကပင် မျက်ရည်များက ရေနှင့်အတူ စီးမျောနေရတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"လာ... လာ... သားနဲ့သမီး လာမယ်ဆိုလို့ မာမီတို့ မျှော်နေတာကွဲ့"

ဦးအုပ်စိုးနှင့်ဖြိုး တိုက်ထဲသို့ ဝင်လာသည်ဆိုရင်ပဲ အပြုံးနှင့်ဆီးကာ ကြိုနေသည့် ဖြိုး၏ မာမီ ဒေါ်ရီရီဝင်းကို ဦးအုပ်စိုးသည် အပြုံးချောချောကြီးနှင့် ပြုံးပြလိုက်ရင်းက-

"မာမီနေကောင်းတယ်နော်"

"အမောင်း... ကောင်းပါတယ် သားရယ်၊ သားမီဘတွေရော နေကောင်းတယ်မို့လား"

"အဟွန်း... ဒယ်ဒီနဲ့မာမီလဲ အသက်လေးရလာတော့ ဒီလိုပါပဲ မာမီ၊ ကောင်းလိုက် မကောင်းလိုက်ပါပဲ၊ ဒါနဲ့ ဒယ်ဒီရော မမြင်ပါလား မာမီ ဘယ်သွားနေလဲ"







"အင်း... မင်းတို့ ဒယ်ဒီကိုတော့ မပြောချင်ဘူး သားရေ သူ့မှာလေ မိုးလင်းက မိုးချုပ် စီးပွားရေးပဲ အာရုံ နစ်နေတယ်၊ မာမီက သားတို့ ဒယ်ဒီကို အသက်လေးရလာ လို့ အေးအေးဆေးဆေး နေချင်ပေမဲ့ သားတို့ ဒယ်ဒီက အနားမယူနိုင်ဘူးလေ၊ သူ ခုလို စီးပွားရှာနေတာ သူ့သားသမီး အတွက်တင်မကဘူး မမြင်ရသေးတဲ့ မြေးအတွက်ပါ ကြိုပြီး ရှာနေတာတဲ့လေ၊ ကဲ... ကောင်းကြသေးရဲ့လား အဟင်း... ဟင်း... ဟင်း... "

"အို... "

"အဟွန်း... ဟွန်း... ဟွန်း... "

မာမီစကားကြောင့် ဖြိုးမှာ မျက်နှာလေး ရဲပသွားရကာ လူက ထူထူပူပူနှင့် ရှက်ရွံ့အနေခက်ရသည့်ကြားက မာမီ့ စကားကို သဘောတကျနှင့် ခေါင်းမှနေလိုက်ရယ်နေသော ဦးအုပ်စိုးကို ဖြိုးသည် မျက်စောင်းလေးဝင့်ကာ ကြည့်ပြီး။

"ရှင်က ဘာရယ်တာလဲ"

"ဟဲ့ သမီး... ကြည့်စမ်း မောင်အုပ်စိုးကို ဘယ်လို ပြောလိုက်တာလဲ ကိုယ့်ယောကျ်ားကို ရှင်တွေဘာတွေနဲ့ ရိုရိုသေသေ စကားပြောလေကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်အုပ်စိုးကလဲ ကိုယ့်မိန်းမကို အလိုလိုက်တာ စည်းနဲ့ကမ်းနဲ့ အလိုလိုက်လေကွယ် အခုလို ယောကျ်ားကို မရှိမသေ ပြောတာမျိုး မာမီတော့ မကြိုက်ပါဘူး"

"မာမီကလဲ..."

"အဟွန်း... ဟွန်း... ဟွန်း..."

သမီးဖြစ်သူထက် သမက်ဖြစ်သူကို ပို၍ ဦးစားပေးနေသော မာမီကြောင့် ဖြိုးမှာ ကလေးတစ်ယောက်လို နှုတ်ခမ်းရှုသွားရသည်ကို ကြည့်ပြီး ဦးအုပ်စိုးမှာ ချစ်ဇနီးချော၏ ကလေးဆန်မှုကို ချစ်မြတ်နိုးမှုနှင့် သဘောကျမဆုံး ဖြစ်သွားရ၏။

"မာမီကလဲ မလုပ်နဲ့သမီး မောင်အုပ်စိုးအလိုလိုက်တိုင်း သမီးကသိပ်ပြီး အနိုင်မယူနဲ့ ယောကျ်ားဆိုတာ ကိုယ့်အိမ်ထောင်ရဲ့ အိမ်ဦးသခင် သူ့ကို ကိုယ်က ရိုရိုသေသေ ဆက်ဆံရမယ် ဒါမှ နောင်တစ်ချိန် သားသမီးတွေက ဖခင်ကို ပိုပြီး လေးစားကြမှာပေါ့"

"ဟင်... မာမီ"

"ဘာလဲ သမီး"

"သမီး ကလေး မယူပါဘူး"





"ဟဲ့... ဟဲ့ အမယ်လေး... လေး စကားကို ဘယ်လို ပြောလိုက်တာလဲ သမီးရယ်၊ သားသမီးဆိုတာ ရတနာကွယ့် သမီးရဲ့ သူများ အိမ်ထောင်သည်တွေများ ကလေးရကြတာ မဟုတ်ဘူး ကိုယ်နဲ့ထိုက်လို့ရတဲ့ ကိုယ့်ရင်သွေးကို ကိုယ်က ခုကတည်းက ကြိုပြီးမငြင်းရဘူး သမီး ရသလောက်သာ ယူရမယ်"

"ဟာ... မာမီကလဲ ဘာတွေ ပြောနေမှန်းလဲ မသိဘူး"

ဖြိုးတစ်ယောက် ရှက်မျက်နှာရဲရဲလေးနှင့် ဦးအုပ်စိုးကိုလည်း မကြည့်ရဲတော့ဘဲ ခေါင်းလေးတွင်တွင် ငုံ့ထားရပေမဲ့ သူမကို ပြုံးပြီးစိုက်ကြည့်နေမည့် ဦးအုပ်စိုး၏ အကြည့်များကိုလည်း ဖြိုးသည် မျက်စိမှာ မြင်ယောင်ကာ စိတ်မှာသိနေရလေသည်။

သို့၍လည်း ဖြိုးသည် ရှက်ရသည်မို့ သူ့အနားက ထွက်သွားမည်အလုပ်။

"ဒါက ဘယ်လဲ သမီး"

"ဟို... သမီး ထမင်းစားခန်းထဲ သွားမလို့ပါ"

"အဲဒါဆိုလဲ မောင်အုပ်စိုးကို တစ်ခါတည်း ခေါ်သွားလေကွယ် သမီးတို့လာမယ်လို့ ဖုန်းဆက်ကတည်းက မာမီ



www.burmeseclassic.com

www.burmeseclassic.com



သမီးတို့စားဖို့ မန္တလေးနန်းကြီးသုပ် လုပ်ထားတယ်။ ကဲ ကဲ မောင်အုပ်စိုး လိုက်သွား မင်းညီမ ပြင်ပေးလိမ့်မယ်"

"မာမီရော စားပြီးပြီလား ခင်ဗျား"

"မင်း ဒယ်ဒီကို ပြင်ပေးရင်းနဲ့ မာမီလဲ စားလိုက်တယ်၊ အဝသာစားနော် မောင်အုပ်စိုး မာမီတော့ အပေါ်ထပ်ခဏ တက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ မာမီ"

ယောက္ခမလုပ်သူ အပေါ်ထပ်တက်သွားသည်နှင့် ဦးအုပ်စိုးသည် ဖြိုးရှိရာ ထမင်းစားခန်းထဲသို့ ဝင်လာခဲ့လိုက်သည်။

ထမင်းစားခန်းထဲသို့ သူရောက်ချိန် ဖြိုးသည် စားရန် အားလုံး အသင့်ပြင်ဆင်ထားပြီး ဖြစ်သည်။

"ဘာကြည့်နေတာလဲ စားလေ"

အသင့်ပြင်ဆင် ထားပါလျက်နှင့် မထိုင်သေးဘဲ ဖြိုးကိုသာ ကြည့်နေသည့် ဦးအုပ်စိုးကို ဖြိုးသည် အကြည့်လေး ခပ်လွှဲလွှဲထားရင်းက ပြောလိုက်သည်။

"ဖြိုးရော စားလေ"

"ဟင့်အင်း ရှင်အလုပ်သွားမှာ မဟုတ်လား ရှင် စား





ပါ၊ ကျွန်မ နောက်မှ စားမယ်"

"ဟာ... မဟုတ်တာကွာ၊ ဖြိုးလဲ အိမ်က ဘာမှ စားခဲ့တာမှ မဟုတ်တာ လာပါ၊ ကျုပ်နဲ့ တစ်ခါတည်း ဝင်စားပါ"

"အို... ရှင့်ဘာသာ ရှင်စားပါဆို၊ ဝမ်းချင်းဆုံတာ မှတ်လို့"

"ဝမ်းချင်းမဆုံပေမဲ့ လူချင်း မျက်နှာချင်းဆိုင်တော့ အတူတူ ဆုံချင်သေးတာပေါ့ဗျာ၊ ကဲ- ဖြိုးလာ ကျုပ်နဲ့ တစ်ခါတည်း ဝင်စား"

"မစားဘူးဆို"

"မစားလို့ မရဘူး စားရမယ်"

"ရှင်နော်"

"မင်းနော်"

ထမင်းစားပွဲကြီးကို အလယ်မှာ ထားကာ တစ်ယောက်နှင့်တစ်ယောက် အကြည့်စူးစူးများနှင့် ကြည့်ရင်း စကားအချေအတင် ရှိနေရလေသည်။

"စားလေ ဟင်းရည်တွေ အေးကုန်လိမ့်မယ်ရှင့်"

"ကျုပ်ကို စားစေချင်ရင် မင်းပါ ကျုပ်နဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



ဝင်စား”

သူ့စကားကြောင့် ဖြိုးမှာ စိတ်ညစ်သွားရကာ နှုတ်ခမ်းဖူးဖူးလေးကို သွားနှင့် ခပ်နာနာလေး ဖိကိုက်လိုက်၏။

ဒီလူ မစားတာက အကြောင်းမဟုတ်ပါ၊ တော်ကြာ မာမီအပေါ် ထပ်မှ ဆင်းလာလို့ သူ့ဒီမှုံစံအတိုင်း ဘာမှ မစားရသေးတာကို မြင်လျှင် မာမီသည် ဖြိုးကို အပြစ်တင်စကား ပြောမှာကတော့ သေချာသည်။

ထို့ကြောင့် ဖြိုးသည် သူနှင့်အတူ မျက်နှာချင်းဆုံကာ မစားချင်ပေမဲ့ မာမီဆူမှာကိုလည်း ကြောက်သည်မို့ နှုတ်ခမ်းလေး တစူစူနှင့်ပင် သူနှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ကာ မုန့်ကို စားလိုက်သည်။

သည့်တော့မှ ဦးအုပ်စိုးသည်လည်း ကျေနပ်သွားရသလို သူမနှင့်မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်ကာ မုန့်ကို စားလေ၏။

“ဖြိုး စားလေ”

“အင်း ရှင် ဘာသာ ရှင်စားပါ”

“အပွန်း... ကျုပ်လဲ စားမယ် ဖြိုးလဲ စား”

ဖြိုးသည် သူ့စကားကို အင်းမလှုပ် အဲမလှုပ် ပုံစံလေးနှင့် နှုတ်ခမ်းလေးရှူ မျက်စောင်းလေးထိုးရင်းက မုန့်ကို စားနေ





လိုက်သည်။

ဦးအုပ်စိုးမှာ မုန့်ကို အားပါးတရ စားနေရင်းက ရုတ်ခြည်း ဘာကို သတိရသွားသည် မသိ မျက်နှာချောချောကြီးမှာ ပြုံးလာကာ—

“မာမီ ပြောတာကို ဖြိုးဘယ်လို သဘောရလဲ”

“ဘာလဲ ရှင် ဘာမေးလို့ ကျွန်မက ဘာကို ဘယ်လို သဘောရရမှာလဲ”

“အပွန်း... ပွန်း... စောစောက မာမီပြောတာ ဖြိုး ကြားလိုက်ဘူးလား၊ ကျုပ်တို့ရဲ့ ရင်သွေးလေးကို ရသလောက် ယူရမယ်ဆိုတာလေ”

“အို... ရှင်နော၊ ဘာ... ဘာတွေ ပြောနေတာလဲ”

ဖြိုးမှာ သူ့စကားကြောင့် မျက်နှာလေးထူပူ ချက် နီရဲတောက်ပသွားရသည်အထိ ရှက်သွေးလေးများ မွှန်သွားရကာ စကားသံလေးများပင် အထစ်ထစ်အငေါ့ငေါ့နှင့် ဖြစ်သွားရလေသည်။

“မရှက်ပါနဲ့ ဖြိုးရယ်၊ ဒါ ရှက်စရာ မဟုတ်ပါဘူး မာမီပြောသလို ကျုပ်လဲ ကျုပ်ရင်သွေးလေးကို ရချင်တာတော့ အမှန်ပဲ ဖြိုး ကျုပ်ကို လက်ဆောင်ပေးပါလား”



www.burmeseclassic.com

www.burmeseclassic.com



"အို… "

တည်ကြည်လေးနက်သော မျက်ဝန်းစူးစူးကြီးနှင့် ဖြိုးအား စိုက်ကြည့်ကာ သူ့ရင်ထဲကဆန္ဒကို ထုတ်ပြောလာသော ဦးအုပ်စိုးကြောင့် ဖြိုးသည် သူ့ရှေ့တွင် အနေခက်လျက် ရှက်စိတ်များ ကြီးစိုးသွားရသည့်တိုင် ရင်ထဲမှာတော့ နွေးနွေးကြီးနှင့် လှုပ်လှုပ်ရှားရှားကြီး ဖြစ်သွားရလေသည်။

သို့ပေမဲ့… ။

ဖြိုးသည် သူမရင်ထဲက ခံစားချက်များကို ဦးအုပ်စိုးအား လှစ်ဟမပြဘဲ မျက်နှာလှလှလေးကို တည်တင်းတင်းလေး ထားရင်းက –

"ရှင် ဒီနေ့ အလုပ်သွားဦးမှာလား"

"သွားမယ် ဒါပေမဲ့ ကျုပ်ပြောတဲ့ စကားကိုလဲ ဖြိုး စဉ်းစားပေးဦး"

သူ ဘာကို ရည်ရွယ်ပြောသည်ကို ဖြိုးသိနေသည်မို့ မျက်နှာလေး ရဲပတောင်းခတ်သွားကာ–

"အဲ့ဒီကိစ္စ ကျွန်မ စိတ်မဝင်စားဘူး"

"စိတ်မဝင်စားလို့ မရဘူး၊ ကျုပ်နဲ့မင်းရဲ့ကြားမှာ ရင်သွေးဆိုတဲ့ သံယောဇဉ်ကြိုးလေးရှိမှ ဖြစ်မယ်"





"ကျုပ်ကို သားလေးဖြစ်ဖြစ် သမီးလေးဖြစ်ဖြစ် မွေးပေးပါ ဖြိုး"

"ရှင် ဒီနေ့ ဘယ်လို ဖြစ်နေတာလဲ ဦးအုပ်စိုး"

"အပွန်း… ကျုပ်ရင်ထဲက ဆန္ဒတွေကို ဖြိုးကို ဖွင့်ပြောနေတာလေ ဖြိုး ကျုပ်ဆန္ဒကို လိုက်လျောပေးမယ် မဟုတ်လား"

"ဒီလောက်တောင် ကလေးလိုချင်နေလဲ ရှင့်ဘာသာရှင်မွေး ကျွန်မတော့ မမွေးနိုင်ဘူး"

"ဘယ်လို ပြောလိုက်တာလဲ ဖြိုး မမြင်ရသေးတဲ့ ကျုပ်ရင်သွေးအပေါ်မှာ မင်း ဘာဖြစ်လို့ ဒီလောက်တောင် ငြင်းနေရတာလဲ"

ရင်သွေးဆိုတာနှင့် မျက်နှာလေးပျက်ကာ အကြောက်အကန် ငြင်းနေသော ဖြိုးကို ကြည့်ပြီး ဦးအုပ်စိုး မျက်နှာချောချောကြီးမှာ မှုန်တည်လျက် ပျက်သွားရလေသည်။

သူ့ရင်သွေးလေးကို ဖြိုး ဒီလို ငြင်းနေခြင်းသည် သူ့အား ဖြိုးမချစ်၍ပါလားဆိုတာကို သိလိုက်ရတော့ ဦးအုပ်စိုးရင်မှာ ဆွတ်ကျင်သွားရသည်။

"ဖြိုးရယ် မင်း မင်း ကျုပ်ရင်သွေးလေးကို အခုလို



www.burmeseclassic.com

www.burmeseclassic.com



ငြင်းနေတာဟာ ကျုပ်ကို မင်းမုန်းနေလို့ဆိုတာ ကျုပ်သိပါပြီဗျာ"

ထိခိုက်နာကျင် ကြေကွဲသွားရသော နှလုံးသားဖြင့် ဦးအုပ်စိုးသည် ထိုစကားကို တနင့်တစ်ထွေးဆိုရင်းက မှုန်မှိုင်းသွားရသောမျက်နှာဖြင့် ဖြိုးကိုပင် မကြည့်တော့ဘဲ ထမင်းစားခန်းထဲမှ ထွက်မည်အလုပ်–

"ဟော… မောင်အုပ်စိုး စားပြီးသွားပြီလား"

"ဟုတ်ကဲ့ မာမီ ကျွန်တော် အလုပ်သွားလိုက်ပါဦးမယ်"

"သြော်… အေးကွယ်၊ အေး အေး"

ဒေါ်ရီရီဝင်းမှာ သူ့အား နှုတ်ဆက်ကာ ထွက်သွားသည့် သမက်ဖြစ်သူ ဦးအုပ်စိုး၏ မသိမသာ ပျက်နေရသော မျက်နှာကို နားမလည်သောအကြည့်ဖြင့် ကြည့်ရင်းက သမီးဖြစ်သူ ဖြိုး အနားသို့ ရောက်ရှိလာခဲ့သည်။

"သမီး"

"ရှင်"

"မောင်အုပ်စိုး ဘာဖြစ်သွားတာလဲသမီး"

"ဘာဖြစ်နေလို့လဲ မာမီ"

အကဲခတ်သလို ဖြိုးမျက်[illegible] ကြည့်ကာ မေးလာ





သည့် မာမီ့စကားကြောင့် ဖြိုးသည် မာမီ့ရှေ့တွင် အပြစ်ရှိသူ တစ်ယောက်လို သူမကိုယ်သူမ မလုံမလဲလေး ဖြစ်သွားကာ

"မာမီ မုန့်စားမလား သမီး ပြင်လိုက်ရမလား မာမီ"

"နေ သမီး မာမီ စားပြီးပြီ သမီး လာထိုင်ပါဦး"

"ဟုတ်ကဲ့"

ဖြိုးမှာ မာမီ့မျက်နှာကိုလည်း ရဲရဲမကြည့်ရဲဘဲ မဝံ့မရဲ မျက်နှာလေးနှင့် မာမီ့နားဝင်ထိုင်လိုက်ရသည်။

ဒေါ်ရီရီဝင်း ခမျာ သမီးချောကို ကြည့်လိုက်ရင်းက–

"မာမီ့ကို မှန်မှန်ပြောစမ်း သမီး၊ မောင်အုပ်စိုးနဲ့ သမီး ဘာဖြစ်ထားလဲဆိုတာ"

"ရှင်…"

"အဟင်း…မာမီလဲ ယေရာက် ကြီးလာတဲ့ သူပါကွယ် မောင်အုပ်စိုး မျက်နှာကို ကြည့်တာနဲ့ သမီးတို့ တစ်ခုခု ဖြစ်ထားတယ်ဆိုတာ မာမီ သိတယ်"

"မာမီရယ်"

ဖြိုးမှာ မာမီ့ကို မညာချင်တော့ပါ။ မာမီ့ကို ညာလို့လည်း မရဆိုတာ ဖြိုးသိသည်မို့ ဦးအုပ်စိုးနှင့် သူမအကြောင်းကို မာမီ့အား ဖွင့်ပြောလိုက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း... သမီးက အိမ်ထောင်သာကျသွားတယ် စိတ်က ကလေးစိတ် ရှိနေတုန်းကိုး အဲ့ဒီလိုနေလို့ မရတော့ဘူ သမီး ခု သမီးက အိမ်ထောင်သည် ဖြစ်သွားပြီ ဒီတော့ တစ် ဦးကို တစ်ဦး နားလည်မှုတွေနဲ့ အိမ်ထောင် ရေးကို သာသာ ယာယာ ဖြစ်အောင် သမီးကြိုးစားရတော့မယ်၊ အဲ့ဒီနေရာမှာ အဓိကက သမီးပဲ၊ ကိုယ့်ယောကျ်ား ကိုယ့်အပေါ်တွယ်တာ လာအောင် သမီးက ကိုယ့်ဆန္ဒထက် သူ့ဆန္ဒကို ပိုပြ ဦးစားပေးရမယ်၊ အခု သမီးပြောသလိုဆိုရင် မောင်အုပ်စိုးက သားသမီးလိုချင်တယ် သမီးက မယူချင်ဘူး ဒီနေရာမှာတ သမီးနဲ့ မောင်အုပ်စိုး သဘောထားကွဲနေပြီ၊ အိမ်ထောင်ရယ် ကျပြီး အိမ်ထောင်သည်ဖြစ်လာမှတော့ သားသမီးဆိုတာ လာမှာပဲ၊ သမီး သားသမီးရှိမှလဲ အိမ်ထောင်ရေးဟာ ပိုပြ ခိုင်မာလာမယ်၊ သာယာပျော်ရွှင်တဲ့ မိသားစုဘဝလေး ဖြ လာမယ်၊ ဒါမှ တကယ့်အိမ်ထောင်သည်ဘဝနဲ့ တူတော့မှ ပေါ့"

"မာမီရယ် ပြောတော့ လွယ်တယ်၊ သမီးမှ သူ့ မချစ်ဘဲ၊ ပြီးတော့ သူ့ရင်သွေးကိုလဲ သမီးမလိုချင်ပါဘူ

ထိုစကားကို ဖြိုးသည် သူမရင်ထဲရှိသည့်အတိုင်





မာမီအား ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလိုက်ခြင်းဖြစ်သည်။

ဒေါ်ရီရီဝင်းမှာ သမီးရင်ထဲက ခံစားချက်ကို နားလည် သည်မို့ သမီးချော၏ ဆံနွယ်နုနုလေးများကို အသာအယာ သပ်တင်ပေးလိုက်ရင်း–

"မာမီ့သမီးရယ် သမီးရင်ထဲက ခံစားချက်တွေကို မာမီနားလည်ပါတယ်ကွယ်၊ ဒါပေမဲ့ သမီးက အရင်လို လွတ် လပ်တဲ့ အပျိုစင်လေး မဟုတ်တော့ဘူး၊ မောင်အုပ်စိုးရဲ့ ဇနီး မယားအဖြစ်နဲ့ အိမ်ထောင်သည်ဆိုတဲ့ ဘဝထဲကို ရောက်နေပြီ၊ ဒါကြောင့်မို့ အရင်က စိတ်တွေကို သမီးပြင်ပြီး မောင်အုပ်စိုး အပေါ် ကောင်းကောင်းမွန်မွန် ပြောဆိုဆက်ဆံပါကွယ်"

"အဟင့်... ဟင့်... ဟင့်... သမီးတော့ သိပ်စိတ်ညစ် တာပဲ မာမီရယ်၊ အစကတည်းက သမီး အိမ်ထောင်မပြု ချင်ပါဘူးလို့ မာမီတို့ကို ပြောခဲ့ရက်နဲ့"

"အိုကွယ် သမီးရယ် ဘယ်နှယ့်ခုချိန်မှ ဒီစကားတွေ ပြောနေရတာလဲ သမီး ဒယ်ဒီက သမီးအတွက် စိတ်ချမ်းသာ နေတာ၊ တိတ်ပါ သမီးရယ် တိတ်ပါ၊ ခုချိန်မှာ သမီး ဦးစား ရမှာက သမီးတို့ အိမ်ထောင်ရေးကို ဒီ့ထက်အဆင် ပြေပြေလေး ဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာပဲ သမီး



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားရမယ်၊ မာမီပြောတာ နားလည်တယ်နော် သမီး”

မိခင်ဖြစ်သူ ဒေါ်ရီရီဝင်းမှာ သမီးချောကို ကြည့်ကာ ချော့မော့နှစ်သိမ့်နေသည့်တိုင် ဖြိုးသည် မာမီ့စကားကို နား ထောင်နေသလိုလိုနှင့် စိတ်ထဲမှနေ လူ့ခွစာ ဦးအုပ်စိုး၏ အပြုအမူ၊ အပြောအဆိုများကို မြင်ယောင်ကာ ဒေါသတွေ ကျိတ်ဖြစ်နေရသည်။

“သမီး”

“ရှင်”

“မာမီ ပြောတာ ကြားလား”

“ရှင် မာမီ ဘာပြောတာလဲ”

ဖြိုးမှာ မိခင်ကြီး၏ စကားကို မကြားအောင် အတွေ လွန်သွားရသည့် သူမအဖြစ်ကို သူမ ဒေါသလေးများ ဖြ သွားရလေသည်။

“မောင်အုပ်စိုးနဲ့သမီးတို့အိမ်ထောင်ရေး ပိုပြီးခိုင်မြ အောင် သမီးတို့အတွက် ရင်သွေးလေးတစ်ယောက်တော လိုအပ်နေပြီ”

“ဟင်း... မာမီကလဲ”

ဖြိုးမှာ မျက်နှာရဲရဲလေးနှင့် စိတ်ညစ်ညစ်လေး ဆိုလို





တော့ ဒေါ်ရီရီဝင်းမှာ သမီးဖြစ်သူကို သဘောကျသလို အပြုံးနှင့်ကြည့်ကာ–

“မာမီကလဲ မလုပ်နဲ့သမီး၊ မောင်အုပ်စိုး ကြည့်ရတာ လဲ သူ့ရင်သွေးလေးကို သူမျှော်လင့်တောင့်တနေပုံပဲ၊ ဒါကြောင့် ဘာပဲဖြစ်ဖြစ် သမီး ကလေး ယူကိုယူရမယ်”

“အို... ”

သမီးဖြစ်သူ၏ ရင်ထဲက ဆန္ဒကို မကြည့်တော့ဘဲ သမက်ဖြစ်သူအတွက် ကြည့်ကာ ပြောနေသော မာမီ့ကို ဖြိုးသည် ဘာမှ မပြောချင်တော့ပါ။ ပြောလို့လည်း ရမည် မဟုတ်တာမို့ ဖြိုးသည် စိတ်ညစ်ညူးဟန်နှင့် လူက တုပ်တုပ်မျှ မလှုပ်တော့ဘဲ မကြည်မလင် မျက်နှာလေးနှင့် နှုတ်ခမ်းလေး စူကာ နေလိုက်သည်။

ဒေါ်ရီရီဝင်းမှာ ကိုယ်မွေးထားသည့် သမီးအကြောင်း ကိုယ်သာအသိဆုံးမို့ နှုတ်ခမ်းစူ စိတ်ကောက်နေသည့် သမီး ၏အဖြစ်ကို မသိဟန်ပြုထားလိုက်ရသည်။

တကယ်တော့ ဒေါ်ရီရီဝင်းသည် သမီးချောကို ထိခိုက် မလုပ်ချင်ပါ။

သို့သော်လည်း... ။



www.burmeseclassic.com

www.burmeseclassic.com



သမီးသည် နေရာတကာ ကလေးဆန်လျက် ဆိုးချင်သည်မို့ မတော် ကလေးစိတ်နှင့် စိတ်လိုက်မာန်ပါ မောင်အုပ်စိုးနှင့် ကွာရှင်းလာမည့်အဖြစ်ကိုလည်း မိဘတစ်ယောက်အနေဖြင့် ဒေါ်ရီရီဝင်းသည် အဖြစ်မခံနိုင်ပါ။

ထို့ကြောင့် ယခုကတည်းက သမီးဖြစ်သူကို သတိပေးစကားဆိုရင်း သူတို့နှစ်ဦး၏ အိမ်ထောင်ရေး ဒီ့ထက်ပို၍ ခိုင်မာသာယာစေရန်အတွက် ကလေးယူခိုင်းနေရခြင်းဖြစ်သည်။

ပြောသာပြောရပါသည် တကယ်တမ်း မောင်အုပ်စိုးမှ ကလေးလိုချင်တောင့်တသည် မဟုတ်ပါ။ ဒေါ်ရီရီဝင်းတို့ဇနီးမောင်နှံကိုယ်တိုင်ကလည်း မြေးဖြစ်သူကို ချီချင်နေရပြီမို့ သမီးဖြစ်သူကို ကလေးယူစေချင်သည်က အမှန်ဖြစ်သည်။

ဒါကို ဘာမှမသိသည့် သမီးကတော့ သူ မလုပ်ချင်သည့် အလုပ်များကို လုပ်ခိုင်းရပါ့မလားဟုဆိုကာ နှုတ်ခမ်းဆစစိတ်ကောက်နေသည်မို့ ဒေါ်ရီရီဝင်းသည် သမီးချောကို ကြည့်ကာ ပြုံးရုံသာပြုံးနေလိုက်ပါတော့သည်။

* * *



## အခန်း (၅)

ယခုတလော မျက်နှာချောချောကြီး မှုန်တည်တည်လျက် မသာမယာနှင့် ရှုတည်တည်ဖြစ်နေရသော ဦးအုပ်စိုးကို ဖြိုးသတိထားမိသည်မှ ကြာပါပြီ။

မှတ်မှတ်ရရ ပြောရလျှင် မာမီ့အိမ်မှ ပြန်လာပြီးကတည်းကလို့ ပြောလျှင် မမှားပါ။

မှန်သည်။

ဖြိုးအား သူ့ရင်သွေးလေးအား မယူရပါ့မလား၊ လက်မခံရပါ့မလားဆိုကာ တစ်ယောက်နှင့်တစ်ယောက် စကားအချေအတင်များပြီးကတည်းက ဦးအုပ်စိုးသည် ဖြိုးအား ခပ်တည်တည် ခပ်မှန်မှန် မျက်နှာထားကြီးနှင့် ဖြစ်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

သူ ဖြိုးအပေါ် ထိုသို့ ဆက်ဆံရေးပြောင်းလဲသွား လေလေ ဖြိုး မိန်းမချောလေးမှာလည်း အခံရခက်လေလေ ရှိနေရသည်။

သို့ပေမဲ့... ။

ဖြိုးသည် ဦးအုပ်စိုးကိုတော့ဖြင့် နည်းနည်းလေးမှ ဂရုမစိုက်ပါပေ။

သူ့ဘက်က ဒီလိုမျိုးဆက်ဆံရေး ပြောင်းသွားသည်ကို ပင် ဖြိုးသည် သူ့အား စိတ်မှာကျိတ်၍ ကျေးဇူးတင်ရမည် ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော်။

ဖြိုးသည် ဦးအုပ်စိုးအား နဂိုကတည်းက ကြည့်ရလွ သူတော့ မဟုတ်ပါ။

အိမ်ထောင်သည်ဘဝမှာ ဖြိုးသည် ဦးအုပ်စိုးအား အိမ်ဦးသခင် လင်ယောကျ်ားတစ်ယောက်အနေနှင့် သူ့အပေါ် သူမဘက်က အိမ်ရှင်မတာဝန်ကျေအောင် ပြုစုလုပ်ကိုင်ပေး နေရပေမဲ့ ဦးအုပ်စိုးကိုတော့ ဖြိုးမုန်းပါသည်။

ထို့အတူ... ။





သူ့အပေါ် ဖြိုးသည် ခွင့်မလွှတ်ပါ။

ဖြိုးဘဝလေးကို ဖြိုးဆန္ဒမပါဘဲ ဖွတ်တိုးအနိုင်ယူရက် သူအဖြစ် ဖြိုးသည် သူ့ကို နာကျင်မုန်းတီးနေသူဖြစ်သည်။

သို့သော်... ။

ဖြိုး ဘယ်လောက်ပဲ မုန်းနေခဲ့ပါစေ၊ ဦးအုပ်စိုးဆိုသည့် လူချောကြီး သူမအမုန်းများကို ဂရုမစိုက် မသိသလိုလိုနှင့် သူမထံမှ အချစ်များကို သူမ မကြည်ဖြူသည့်ကြားက ဖွတ် တိုးယူတတ်သူလည်း ဖြစ်လေသည်။

နှုတ်မှ တဖွဖွ ဖြိုးအား ချစ်စကားတွေ ဆိုခဲ့ပေမဲ့ ဖြိုးသည် သူ့အချစ်များကို အသိအမှတ်မပြုခဲ့ပါပေ။

သူ့အချစ်များသည် သူမ့ရင်ကို ပူလောင်စေရသည် ကိုလည်း ဦးအုပ်စိုး သိမည်မဟုတ်ပါ။

မချစ်မနှစ်သက်သောသူနှင့်အတူ ပေါင်းသင်းနေထိုင်ရ သော ဖြိုးသည် သူ ဖြိုးကို ဘယ်လိုပုံစံနှင့်ပင် အကြင်နာတွေ ပေးပေး ဖြိုးသည် သူ့ကို လျစ်လျူရှုခဲ့သူလည်းဖြစ်၏။

ထိုအချိန်က ဖြိုးက ပြေးလေ သူက လိုက်လေ ဖြစ်ခဲ့ တော့ ဦးအုပ်စိုးသည် ယခုတော့လည်း သူမဟုတ်တော့သည့် အတိုင်း ဖြိုးအပေါ် ကြင်နာနွေးထွေးခြင်းများ မရှိတော့သလို



www.burmeseclassic.com

www.burmeseclassic.com



အပြုအမူအပြောအဆိုများက ခပ်စိမ်းစိမ်းနှင့် သူမအားဥပေက္ခာ ပြုလာသောအခါ ဖြိုး နှလုံးသားလေးက အခံရခက်လာရသည် မဟုတ်ပါလား။

နေပေါ့ ... ။

သူ ဂရုမစိုက်တော့ရော ဖြိုးက မှုရမှာတဲ့လား။ ဖြိုးဆို တာ အစကတည်းက ဦးအုပ်စိုးဆိုတဲ့ သူ့ကိုကြည့်၍ ရခဲ့သူ မဟုတ်။

ဒီပုံစံအတိုင်း သူ ဖြိုးကို စိတ်ကုန်သွားလို့ နှစ်ယောက် သား မြန်မြန်ကွဲသွားလည်း ကောင်းတာပဲလေ။

ထိုအတွေးက ဝင်လာတော့ ဖြိုးနှလုံးသားလေး ဆတ်ခနဲ တုန်ခါသွားရသည်။

ဘုရားရေ... ။

ကြည့်စမ်းပါဦး... ။

ဖြိုးသည် ဦးအုပ်စိုးနှင့် ပတ်သက်ကာ ဒီအတွေးများ တွေးနေပြီတဲ့လား သူမ ဦးအုပ်စိုးကို တကယ်ပဲ မုန်းနေရ သည်ပေါ့။

ထိုအဖြေကို ဖြိုးသည် သူမကိုယ်သူမ ပြန်မေးနေမိရသည်။ သို့သော် အဖြေက ရှိမလာပါ။





တကယ်တော့ ဖြိုးသည် အချစ်နှင့်ကင်းကွာခဲ့သူ တစ်ယောက်ဆိုလျှင် မမှားပါ။

အချစ်နှင့်ကင်းကွာသည်ဆို၍ ဖြိုးအား မလှမပသည့် မိန်းကလေးတစ်ယောက်ရယ်လို့ မထင်လိုက်ပါနှင့်။

ဖြိုးဆိုတာ ကျိုကျိုတက်ချမ်းသာလာတဲ့ မိဘနှစ်ပါးမှ မွေးဖွားလာသည့် တစ်ဦးတည်းသောသမီးချော ရတနာ တစ်ယောက်ပင်ဖြစ်သည်။

ဝင်းဝါစိုပြည်ကာ ကြည်စင်သန့်ရှင်းသော အသားအရေ နှင့် မိန်းကလေးအများစုထဲတွင် မြင့်သောအရပ်ကို ပိုင်ဆိုင် ထားသော ဖြိုးသည် ကိုယ်တိုင်က ဘွဲ့ရခေတ်ပညာတတ် တစ်ယောက် ဖြစ်သလို ထူးခြားလွန်းသော အလှများကို ပိုင်ဆိုင်ထားသူလေးလည်း ဖြစ်သည်။

သွယ်မရောင်နှင့်ပိုင်းသော မျက်နှာလေးနှင့် မျက်ခုံး နက်နက်တန်းတန်းလေးအောက်က နက်မှောင်ကြည်စင် တောက်ပလွန်းသည့်သမင်မျက်လုံးလေးအစုံက စိုရွှန်းတောက် ပနေရသလို နှာတံလုံးလုံးလှလှလေးနှင့် သွေးရောင်ကြွေနေ သည့် နှင်းဆီလို နှုတ်ခမ်းစူစူတော[illegible]တောက်လေးက မြင်ရသူအဖို့ အသည်းယားချင်စဖွယ်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ... ။

မြင့်သောအရပ်နှင့် လိုက်ဖက်သည့် ကိုယ်နေဟန်ရှင်းရှင်း သွယ်သွယ်လေးကလည်း သူ့နေရာနှင့်သူ အချိုးကျပြေပြစ်လှပလျက် မြင်ရသူအဖို့ ငေးမောမဆုံးနိုင်သလို တင်ပါးအောက် ဖြာဝေဝဲကျနေသည့် ပိုးသားလို နက်မှောင်နူးညံ့လွန်းသည့် မဟူရာပိုးသားနှယ် ဆံနွယ်ရှည်ရှည်တုတုအိအိလေးများကလည်း သူမအလှကို ပိုမိုအားဖြည့်ထားကာ နတ်မိမယ်လေးအလား သူမအလှက လွန်စွာလှပနေရသည်။

သည်လို သိပ်ကိုလှပလွန်းသော ဖြိုးကို လိုချင်၍ ပိုးပန်းနေသော အစ်ကိုကာလသားများကလည်း သူမအနားတွင် မနည်းပါ၊

ဘယ်လိုပင် မနည်းပါစေ၊ ဖြိုးကတော့ အစ်ကိုကာလသားများ၏ အချစ်ကို ဥပေက္ခာပြု လျစ်လျူရှုကာ အချစ်ရေးဆိုတာကို စိတ်မဝင်စားခဲ့သူဖြစ်သည်။

ထို့ကြောင့်လည်း ဖြိုးသည် အချစ်ဆိုတာကို မရှာဖွေခဲ့သလို သူမတွင် ချစ်သူရည်းစားလည်း မရှိခဲ့ခြင်းဖြစ်သည်။

သူမဘဝကို အချစ်နှင့်အိမ်ထောင်ရေးဆိုတဲ့ စည်းအိုးဘောင်ထဲမှာ နစ်မြုပ်မထားချင်သော ဖြိုးသည် မိန်းမသားများ၏





ဘဝက ယောကျ်ားများအတွက် ပေးဆပ်စရာ မဟုတ်ဟုခံယူကာ သူမအချစ်တောင်းခံလာသူများကို ဖြိုးသည် အားလုံးငြင်းဆန်ပယ်ချခဲ့သော်လည်း နောက်ဆုံးမှာတော့ ဖြိုးသည် မိဘများ၏ ဆန္ဒတစ်ခုတည်းနှင့် ဦးအုပ်စိုးဆိုသည့် လူ့ခွစာ ကို ကြည့်မရ မုန်းပါသည်ဆိုတဲ့ကြားက လက်ထပ်ခဲ့ရလေသည်။

သို့သော်... ။

လက်ထပ်ပြီး အိမ်ထောင်သည်ဘဝ ရောက်ပြန်တော့လည်း အိမ်ထောင်တာဝန်၊ အိမ်ထောင်ရှင်မတစ်ယောက်၏ တာဝန်များနှင့် ရှုပ်ထွေးခဲ့ရသော ဖြိုးသည် ကိုယ်က သူ့အပေါ် မချစ်ပါသော်လည်း မိဘများဆုံးမထားသည့် သမီးကောင်း သမီးအလိမ္မာတစ်ယောက်ပီပီ ကိုယ်လက်ထပ်ထားသည့် ခင်ပွန်းသည်တစ်ယောက် အပေါ်မှာတော့ သူမဘက်က အိမ်ထောင်တာဝန် ကျေပွန်ချင်သည်မို့ သူမဘက်က ဝတ္တရားမပျက် ပြုစုလုပ်ကိုင်ပေးခဲ့ပါသည်။

ဖြိုးအဖြစ်က မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို ကိုယ်က သူ့ကိုမချစ်ပေမဲ့ သူ့အပေါ် ဖြိုးတာဝန်မပျက်သည့်ကြားက ဦးအုပ်စိုးသည် ဖြိုးအား ထိုသို့ ဆက်ဆံလာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးသည် မာနနှင့် မခံချင်ဖြစ်လာရသည်။

သည်လူ ဖြိုးအား ဘာအချိုးချိုးနေသည်လဲ၊ သူက တောင် ဖြိုးအပေါ် ဒီလို ဆက်ဆံနိုင်သေးလျှင် ဖြိုးသည်လည်း သူ့အပေါ် ဘာဖြစ်လို့ ထိုသို့ ပြန်၍မဆက်ဆံနိုင်ရမှာတဲ့လဲ။

မုန်းစရာ ကောင်းလိုက်တာနော်။

နေရာတကာ သူ့သဘော၊ သူ့ဆန္ဒဖြစ်ချင်ရအောင် သူသည် ဖြိုးကို သက်မဲ့အရုပ်များ မှတ်နေသည်လား မသိပါ။

သူ ဒီလောက် ကလေးလိုချင်နေလဲ သူ့ဘာသာသူပဲ မွေးပါတော့လား။

အတွေးနှင့်ဖြိုးသည် ဦးအုပ်စိုးအား စိတ်တိုလာရသည်၊ ဖြိုးကို သူဒီလိုလာပြော၍ မရပါ။ သူကတောင် ဖြိုးကို ဂရု မစိုက် အလေးမထားသေးလျှင် ဖြိုးလည်း သူ့ကို ဂရုစိုက် စရာ မလိုသည်မို့ ဖြိုးအခံရခက်သလို သူ့အားပြန်၍ အခံရ ခက်စေရန် ဖြိုးသည် စိတ်ဝယ် တစ်စုံတစ်ရာ ဆုံးဖြတ်ချက် ချလိုက်ပြီးနောက် သူမခြေလှမ်းလေးအစုံက စာကြည့်ခန်း ထဲတွင် စာဖတ်နေသော ဦးအုပ်စိုးအနားသို့ ရောက်ရှိသွားကာ—

"ဒီမယ်... "





"ဟင်... "

"ကျုပ်ကို ခေါ်တာလား"

"ဒီအခန်းထဲမှာ ရှင်နဲ့ကျွန်မပဲ ရှိတာ ရှင့်ကို မခေါ်လို့ ဘယ်သူ့ကို ခေါ်ရမှာလဲ"

"အဟွန်း... မသိဘူးလေဗျာ အမိက လူကို နာမည် မခေါ် ဘာမခေါ်နဲ့ဆိုတော့ ကျုပ်ကလဲ မေးရသေးတာပေါ့"

နှစ်ဦးသား အတူနေ အိမ်ထောင်သက်လေးများ ကြာ လာပြီဖြစ်ပေမဲ့ သူ့အား ဘယ်လိုနာမ်စားမှ တပ်မခေါ်ဘဲ ပြောစရာရှိက "ဒီမယ်..." "ဟိုလူ..."နှင့် သာ ခေါ်တတ်သည့် ဖြိုးကို ဦးအုပ်စိုးသည် အသည်းယားယား မချင့်မရဲ ဖြစ်ရပေမဲ့ သူမကိုဖြင့် သူဘာမှ မပြောခဲ့ပါ။

သူမလေး စိတ်ချမ်းသာသလို ခေါ်ပါစေတော့ဆိုသည့် စိတ်အတွေးနှင့် ဦးအုပ်စိုးနေခဲ့ ပါသည်။

သို့သော်... ။

ယခုတော့ဖြင့် ဦးအုပ်စိုးသည် သူမထံမှ တုံ့ပြန်လာမည့် ကြင်နာမှုချစ်ခြင်းများကို စိတ်ဝယ် လိုလိုချင်ချင်ကြီး တောင့် တလာရသည်မို့ ဦးအုပ်စိုးသည် ဖြိုးအား ထိုသို့ ပြောလိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ဖြိုး ကျုပ်ကို ဖြိုး ဘာပြောမလို့လဲ"

"ကျွန်မ မ ါတို့အိမ် သွားနေမလို့"

"ဟင်... "

"ဘာပြောတယ် ဖြိုး"

"မာမီတို့အိမ် ကျွန်မ ခဏသွားနေမယ်လို့ ပြောတာ"

"ဟာ... အဓိပ္ပာယ်မရှိတာကွာ၊ ဘာကိစ္စ ဖြိုးက မာမီ တို့အိမ် သွားနေရမှာလဲ"

ဦးအုပ်စိုးမှာ ဖြိုးစကားကို အလိုမကျ သဘော တွေ့သလိုမျိုး မျက်ခုံးထူထူကြီး စုံတွန့်ရင်းက အကြည့်စူးစူး များနှင့် စိုက်ကြည့်ကာ မေးလိုက်သည်။

"ကျွန်မ မိဘအိမ် ကျွန်မ သွားတာ အဓိပ္ပာယ်ရှိရဦး မှာလား"

"ဟာကွာ... ကျုပ်ပြောတာ အဲလိုသဘောမျိုး ပြောတာ မဟုတ်ဘူး ဒီမှာ မင်းရော ကျုပ်ရော နှစ်ယောက်စလုံးရှိနေတာ ဒါကို မင်းက ဘာကြောင့် မာမီ့အိမ်သွားနေရမှာလဲ ပြောတာ"

"ဒီမှာ ဦးအုပ်စိုး ရှင် ဘယ်လိုလူလဲဟင်၊ ကျွန်မ မာမီအိမ်သွားနေတာ အကြောင်းပြချက် ရှိနေရဦးမှာတဲ့လား"

နှုတ်ခမ်းလေးကို စူလျက်က မှုန်တင်းနေသော မျက်နှာ





လေးနှင့် ဖြိုးသည် မကျေမနပ်လေး ပြောလိုက်သည်။

"ကျုပ် စကားကို ဘာလို့ နားလည်မှုလွဲနေရတာလဲ ဖြိုး မာမီတို့အိမ်သွားတာ အကြောင်းမဟုတ်ပေမဲ့ ကျုပ်ရှိနေ ရက်နဲ့ ဖြိုး အဲ့ဒီမှာ သွားနေရင် ဖြိုးကို ဘာပြောမလဲ ပြီးတော့ လူကြီးတွေစိတ်ထဲမှာရော ကျုပ်တို့နှစ်ယောက်ကို ဘယ်လို ထင်သွားမလဲ"

"အို... ဘယ်လိုမှ ထင်စရာ အကြောင်းမရှိဘူး ကျွန်မ သွားချင်လို့ သွားတာ"

"မင်း သွားချင်ပေမဲ့ ကျုပ်က ခွင့်မပြုဘူး ဖြိုး"

"ရှင်နော်"

တည်တင်းနေသော မျက်နှာချောချောကြီးနှင့် ဖြိုးအား စူးစူးစိုက်စိုက်လေး ကြည့်ကာ ဆိုလာသည့် ဦးအုပ်စိုး စကား ကြောင့် ဖြိုးသည် ဒေါသလေးများ ဖြစ်သွားရကာ ဒေါသ မျက်နှာရဲရဲလေးနှင့် ဦးအုပ်စိုးကိုကြည့်ရင်း–

"ရှင် ခွင့်မပြုတော့ရော ကျွန်မက ဘာဂရုစိုက်ရမှာလဲ ကျွန်မစိတ်နဲ့ ကျွန်မကိုယ်ပါ"

"အဟွန်း... လုပ်ကြည့်လေ၊ ဖြစ်မယ်ထင်ရင် မင်းလုပ် ကြည့်ပေါ့၊ မင်းစိတ်နဲ့မင်းကိုယ် ဆိုပေမဲ့ မင်းဟာ ကျုပ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဇနီးသည် ဖြစ်နေပြီဆိုတာ မမေ့နဲ့ဦးလေ”

“ဟင်... ရှင်... ရှင်နော်...”

မခံချင်စရာ သူ့စကားများကြောင့် ဖြိုးသည် ဒေါသနှင့် အသားများပင် တဆတ်ဆတ်တုန်လာရသည်။

သည်လူ သူမကို ဒါဘာစကားပြောတာလဲ၊ တရားဝင် လက်ထပ်ထားသည့် ခင်ပွန်းသည် တစ်ယောက်ဆိုပြီး ဖြိုးကို ဒီလိုမျိုး ချုပ်ချယ်လို့များ ရမည်ထင်နေသည်လား မသိပါ။

ဖြိုးဆိုသည့် သူမကလည်း ငယ်စဉ်ကနေ ယခုအချိန် အထိ မဟုတ်ရင် မခံတတ်သလို သူမမှန်တယ်ထင်သည် ကိစ္စကိုလည်း နောက်မဆုတ်တမ်း လုပ်တတ်သူမို့ ယခုလည်း ဦးအုပ်စိုး သူမကို ယခုလို ချုပ်ခြယ်စကား ဆိုလာသောအခါ ဖြိုးသည် မခံချင်စိတ်မာနနှင့် ဒေါသလေးများ ဖြစ်လာရကာ

“ရှင် ကျွန်မကို ငါပိုင်ပြီးဆိုပြီး ချုပ်ချယ်ဖို့တော့ မစဉ်းစားနဲ့ ဦးအုပ်စိုး ကျွန်မက ဘယ်သူ့အချုပ်အခြယ်ကိုမှ ခံမှာ မဟုတ်ဘူး...”

“အထူးသဖြင့် ရှင့်ရဲ့ ယခုလို အပြုအမူအပြောအဆို တွေကို ကျွန်မ အမုန်းဆုံးပဲ”

ဒေါသတွေနှင့်ဆိုရင်းက ဖြိုးသည် သူ့ရှေ့ကနေ အဝေး





ထပ်သို့ ခြောင့်ခြောင့်အောင့်အောင့်လေး တက်သွားတော့ ဦးအုပ်စိုးသည် မျက်မှောင်ကြီး ကြုံ့သွားကာ ဖြိုးနောက်မှနေ ခြေလှမ်းကြဲကြီးများ တလွှားလွှားနှင့် တက်လိုက်လာခဲ့သည်။

“ဟေ့... ဒီမှာ နေဦး”

“အမေ့...”

“ဟင်... ရှင် ဘာလုပ်တာလဲ”

အခန်းထဲရောက်သည်ဆိုရင်ပဲ နောက်နားကနေ အရှိန် နှင့် လှမ်းဆွဲလိုက်သည့် ဦးအုပ်စိုးကြောင့် ဖြိုးကိုယ်လေးမှာ တစ်ပတ်လည်သွားရပြီး ဦးအုပ်စိုး၏ ရင်ခွင်ထဲ ရင်ချင်းအပ်၍ ရောက်ရှိသွားရသည်။

“အို... လွှတ်...”

ဝင်းမွတ်ဖူးအိနေရသော အလှများဖြင့် သူ့ရင်ခွင်ထဲက ရုန်းထွက်နေသော ဖြိုးမျက်နှာလှလှလေးကို ဦးအုပ်စိုးသည် မျက်ဝန်းတည်တည်ကြီးနှင့် အတန်ကြာ စူးစိုက်ကြည့်လိုက်ပြီး

“မင်း ဒါ ဘယ်သွားမလို့လဲ”

“ဘယ်သွားသွား ရှင့်အလုပ် မဟုတ်ဘူး ဖယ်... လွှတ်...”

“မလွှတ်ဘူး၊ မင်း ဘယ်မှ မသွားရဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော် လွှတ်ဆိုတာ"

"မလွှတ်တော့ ဘာဖြစ်လဲ ကွာ"

စိတ်ဝယ် အသည်းတယားယားနှင့် မချင့်မရဲကြီး ဖြစ်လာရသော ဦးအုပ်စိုးမှာ ဖြိုးအား သူ၏ ရှုန်းစိုတောက်ပနေရသော မျက်ဝန်းရူးရူးကြီးနှင့် တမေ့တမော ငေးစိုက်ကြည့်ရင်းက ဘုကျကျဆိုကာ ဖြိုးကိုယ်ကလေးကို တင်းတင်းကြီး ဖျစ်ညှစ်လိုက်လေသည်။

"ရှင်... ကြည့်စမ်း လွှတ်ဆိုတာ ဒါ ဘာလုပ်တာလဲ"

အဟွန်း... ဟွန်း... ဟွန်း ဘာလုပ်တယ်လို့ အမိမြင်လို့လဲ"

"အို... "

ရူးရဲလွန်းသော အကြည့်နှင့်အတူ မခံချင်စရာ သူ့စကားကြောင့် ဖြိုးမျက်နှာလေး ရဲပသွားရပြီး–

"ရှင် လူကို အနိုင်မကျင့်နဲ့နော်"

"အနိုင်ကျင့်တာ မဟုတ်ဘူး ချစ်တာ၊ ဖြိုးကို သိပ်ချစ်တယ်၊ မင်းနဲ့ကျုပ် ခွဲပြီးမနေချင်ဘူး"

"မပြောနဲ့ မကြားချင်ဘူး သွား... သွား... ရှင်ထွက်သွား"





"ဘယ့်နှယ့် လူကို အတင်း သွားခိုင်းနေရတာလဲ၊ ကျုပ်က ခင်ဗျားလေးအနားမှာ အမြဲမခွဲအတူနေချင်တယ်တဲ့ လူဗျ"

"ရှင်... ရှင်... ဘာတွေပြောနေတာလဲ ဖယ်... လွှတ်... သွားဆိုတာ ကျွန်မ မာမီ့ အိမ်သွားမလို့"

ဖြိုးသည် ရဲပနေရသော မျက်နှာလေးနှင့် သူ့ရင်ခွင်ထဲက ရုန်းထွက်နေတော့သည်။

"မင်းကို မသွားရဘူးလို့ ကျုပ်ပြောနေတယ် မဟုတ်လား"

"မပြောနဲ့ မကြားချင်ဘူး၊"

"မကြားချင်လို့ မရဘူး မင်း မသွားရဘူး"

"သွားမယ်"

"မသွားရဘူး"

"သွားမယ်ဆို"

"ဒီလောက်သွားချင်တာ ကဲကွာ"

"အင့်... "

နှစ်ဦးသား စကားအချေအတင်နှင့် ရင်ခွင်ထဲက ရှပ်ထိုး ရုန်းထွက်နေသူလေးကို ဦးအုပ်စိုးသည် မချင့်မရဲ ဖြစ်လာရသောကြောင့် သူမကိုယ်လေးကို တင်းတင်းကြီး ဖျစ်ညှစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရာ ဖြိုးမှာ အသက်ရှူများ မှားသွားရသည်။

"လွှတ်စမ်း ရှင် ဘယ်လို လုပ်လိုက်တာလဲ"

"အဟွန်း... ပြောလို့မရတဲ့လူကို ဆုံးမတာလေဗျာ"

"ဘာ... ကဲ... အဲ့ဒါလူကို ဆုံးမဦး"

"အား... "

ဗလအားကိုနှင့် အနိုင်ကျင့်ရပါ့မလားဆိုကာ ဒေါသတွေနှင့် စိတ်တွေတိုလာရသော ဖြိုးမှာ ဒေါသတွေ့နှင့်မျက်ဝန်းထဲ ဘာမှ မမြင်တော့ဘဲ ဦးအုပ်စိုး ရင်ဘတ်ကြီးကို သူမ၏ သွားစွယ်ချွန်ချွန်လေးများနှင့် အားကုန်ဖိုကိုက်ပစ်လိုက်သောကြောင့်ဖြစ်သည်။

"ဟာကွာ ကျွတ်... ကြည့်စမ်း မင်း ကျုပ်ကို ကိုက်တယ် ဟုတ်လား"

"ဟုတ်တယ် ကျွန်မကလည်း ရှင့်လိုပဲပြောလို့ မရတဲ့လူကို ဒီနည်းနဲ့ပြန်ဆုံးမလိုက်တာလေ"

"အဟွန်း... ဟွန်း... မင်းဆုံးမနည်းက သိပ် ထိရောက်ပါလား ဖြိုး"

"အဟင်း... ဟင်း... အဲ့ဒါ ရှင့်အတွက် အစပဲရှိသေးတယ်"





"ဘာကွ... အဲ့ဒါ အစပဲရှိသေးတယ် ဟုတ်လား"

"ဟုတ်တယ် ရှင် နောက်တစ်ခါ ကျွန်မကို အနိုင်ကျင့်လို့ကတော့ ဒီ့ထက်ဆိုးမယ်မှတ်"

"ဩော်... အဲဟော်... မင်းက သိပ်ပြီး အားကိုးရှိနေတယ်ပေါ့လေ"

"ဒါပေါ့ မယုံရင် ရှင် စမ်းကြည့်လိုက်လေ"

"ဘာလဲ ဒါ မင်း ကျုပ်ကို စိန်ခေါ်တာလား"

"ရှင် ကြိုက်သလို ထင်နိုင်တယ်"

မထီမဲ့မြင် မျက်နှာလေးနှင့် သူ့အား မျက်နက်ဝန်းစူးစူးတောက်တောက်လေးနှင့်ကြည့်ကာ ပြောနေသော ဖြိုး၏ လှပလွန်းသောမျက်နှာလေးကို ဦးအုပ်စိုးသည် စူးခနဲ စိုက်ကြည့်ရင်းက—

"အဟွန်း... မင်းကပဲကျုပ်ကို စိန်ခေါ်နိုင်မလား၊ ကျုပ်ကပဲ မင်းကို ဆုံးမနိုင်မလား သိသွားအောင် ကဲဗျာ"

"အမေ့... "

"အို... ရှင်... "

စကားအဆုံး ဦးအုပ်စိုးသည် ဖြိုးကိုယ်လေးကို သူ့ရင်ခွင်ကျယ်ကြီးထဲသို့ ဖျတ်ခနဲ ဆွဲသွင်းပစ်လိုက်သည်။

www.burmeseclassic.com



"ဟင်... ရှင်... ရှင်... လွှတ်..."

ဖြိုးမှာ နှုတ်ခမ်းလေးကို ပြတ်ထွက်လုမတတ် ဖိကိုက်ရင်းက မခံချင်စိတ် ရှက်ဒေါသ နာကျင်မှုန်တီးစိတ်မယားနှင့် ဦးအုပ်စိုး ရင်ဘတ်ကြီးကို တွန်းထိုးထုရိုက်ကာ ဆိုလိုက်ပါသော်လည်း ဦးအုပ်စိုးကာ ဖြိုးအထုအရိုက်များကို နည်းနည်းမှ မမှုသလိုမျိုး ဖြိုးမျက်နှာလှလှလေးကိုသာ စူးစူးစိုက်စိုက်ကြည့်ရင်းက သူ့လက်အစုံက ဖြိုးလက်လေး နှစ်ဖက်ကို ချုပ်ကိုင်ထားလိုက်ပြီး–

"စိန်ခေါ်တဲ့ လူကလဲ အခုတော့ ဘယ်လိုလဲဗျ အရှုံးပေးတော့မှာလား"

"အဟွန့်... ဝေးပါသေးတယ်၊ ရှင်ကြီးကို သေတောင် အရှုံးမပေးဘူးမှတ်၊ လွှတ်... ရှင့်ကိုမုန်းတယ်"

နီရဲတောက်ပနေရသော မျက်နှာလေးနှင့် ဖြိုးမှာ ဦးအုပ်စိုးအား မခံချင်စွာ ပြောနေရပေမဲ့ သူမကိုယ်လေးကတော့ ဦးအုပ်စိုးရင်ခွင်ထဲက ဘယ်လိုမှ ရုန်းထွက်လို့ မရနိုင်အောင် ရှိနေရသည်။

သူ့ရင်ခွင်ထဲက ရုန်းထွက်လို့မရလေလေ ဖြိုးသည်





ချင့်မရဲမာနစိတ်နှင့် သူ့အပေါ် ဒေါသများ ဖြစ်ရလေလေမို့–

"လွှတ်ဆို ရှင့်ကို မပေါင်းဘူး ကွာမယ်"

"တော်စမ်း အဓိပ္ပာယ်မရှိတဲ့ စကားတွေ မင်း မပြောစမ်းနဲ့"

"ပြောမယ် ပြောတယ် ရှင့်ကို မပေါင်းဘူး၊ ကွာမယ် ခု ကွာမယ် သိလား"

သူ မကြိုက်သည့်စကားကိုမှ ရွေးပြောနေသော ဖြိုးစကားကြောင့် ဦးအုပ်စိုး လူချောကြီးမှာ နလုံးသားများ တဆတ်ဆတ်နာသွားရပြီး မျက်မှောင်ကြီးကြုတ်သွားကာ–

"ဖြိုးနော် ဒီစကားကို မင်း မပြောနဲ့ဆိုတာ"

"ပြောတော့ ဘာဖြစ်လဲ"

"မင်းကွာ..."

ရင်မှာ ခံခက်နာကျင်ဒေါသများဖြင့် ဒေါသတွေ ပေါက်ကွဲမတတ် ဖြစ်လာရသော ဦးအုပ်စိုးမှာ ဖြိုး ကိုယ်လေးကို လှုပ်ကိုင်ဆွဲခါလိုက်ရင်းက အံကိုကြိတ်ကာ ဆိုလိုက်ပါသော်လည်း ဖြိုးသည် သူ့စကားကို အရေးမစိုက်သလို သူ့ရင်ခွင်ထဲမှ ရုတ်ရုန်းထွက်နေသောအခါ ဦးအုပ်စိုးတစ်ယောက် ထိန်းချုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားရသမျှ စိတ်တွေ ပေါက်ကွဲသွားရပြီး–

"ဒီလောက် ပြောရခက်တဲ့ မိန်းမ မင်းလာစမ်းကွာ"

"အို... ရှင်... "

မြန်လိုက်ပါသည့် ဦးအုပ်စိုးသည် စကားဆက်၍ မဆိုနိုင်ရှာပါတော့။

ချစ်အသည်းနာနာနှင့် စိတ်မှာ အခံရခက်သွားသော ဦးအုပ်စိုးမှာ ဖြိုးကိုယ်နွေးအိအိလေးကို သူ့ရင်ခွင်ထဲနစ်မြုပ်သွားအောင် တင်းတင်းကြီး ပွေ့ဖက်ထားလိုက်ပြီးနောက် သူ့မျက်နှာချောချောကြီးက ဖြိုးမျက်နှာလေးအား ပူးကပ်ထားလိုက်ပါတော့သည်။

ရုတ်တရက်တော့ဖြင့် ဖြိုးသည် ဦးအုပ်စိုးအား ရှောင်ချိန်မရလိုက်ပါ။

"ရှင့်ကို သိပ်မုန်းတယ်"

"မင်း မုန်းတာ ကျုပ် ဂရုစိုက်မယ် ထင်လား"

"အဟင့်... ဖာင့်... ရှင့်မျက်နှာကို မကြည့်ချင်ဘူး"

နာကျင်မှု ဒေါသများဖြင့် ဖြိုးသည် နှုတ်ခမ်းလေး ဖိကိုက်လျက် ဆိုလိုက်ရင်းက မျက်ရည်စများက ပါးပြင်ပေါ်





လိမ့်ဆင်းကျလာလေသည်။

တကယ်တော့ ဖြိုးသည် ဒီလူ့ရှေ့တွင် မျက်ရည်ကျအညံ့မခံချင်ပါ။

သို့သော်... ။

ကိုယ်တိုင်ကလည်း သူ့ရင်ခွင်ထဲက ရုန်းထွက်လို့မရသည်မို့ ဖြိုးသည် နှုတ်ခမ်းလေး စေ့ပိတ်လျက်က မခံချင်စိတ်နှင့် အရှုံးပေးထားလိုက်ရသည်။

"ဖြိုး... "

"ရှင်... သွား"

ရွှန်းဝေကြည်စင်သော မျက်နက်ဝန်းအစုံနှင့် ဖြိုးသည် ဦးအုပ်စိုးအား ခပ်စိမ်းစိမ်းကြည့်ရင်း–

"လွှတ်... လွှတ်စမ်း"

ဖြိုးသည် ဦးအုပ်စိုးရင်ခွင်ထဲမှ အားလေးထည့်ကာ ရုန်းလိုက်သည့်တိုင် မရပါ။

မြဲမြံသန်မာလှန်းသည့် သူ့လက်အစုံက ဖြိုးအား မြွေတစ်ကောင်လို တင်းတင်းကြီး ရစ်ပတ်ချည်နှောင် ပွေ့ဖက်ထားသည်မို့ ဖြိုးသည် ဦးအုပ်စိုးရင်ခွင်ထဲတွင် နှုတ်ခမ်းလေး



www.burmeseclassic.com

www.burmeseclassic.com



ဖိုကိုကလျက် ငြိမ်သက်နေလိုက်သည်။

"ဖြိုး မောင့်ကို မုန်းနေပြီလား"

ဖြိုးမျက်နှာလေးထက် သူ့မျက်နှာကြီး တိုးဝှေ့ပူးကပ် လာရင်း မေးလာသည့် ဦးအုပ်စိုးကို ဖြိုးသည် နာကျင်မုန်းတီး ရိပ်များနှင့် စိမ်းလဲ့နေသောမျက်ဝန်းလေးနှင့် ပြန်ကြည့်ရင်း–

"ဒီစကား ရှင်မေးနေဖို့တောင် မလိုဘူး ကျွန် အမုန်းဆုံးက ရှင်ပဲသိလား"

ဦးအုပ်စိုးအပေါ် မကျေနပ်၊ ခံပြင်းခြင်း၊ နာကျင်မှုဒေ သများကြောင့် ဖြိုးသည် ထိုစကားကို သူ့အား ခပ်စိမ်းစိမ်း ကြည့်ရင်းက တုန်နင့်တထွေးကြီး ဆိုလိုက်ခြင်းဖြစ်သည်။

"အဟွန်း... ဟွန်း... ဖြိုးမုန်းပေမဲ့ မောင်က ဖြိုး ချစ်တယ်၊ သိပ်ချစ်တယ်၊ ဖြိုးနဲ့သာယာတဲ့ အိမ်ထောင်တစ်ခု ပျော်ရွှင်မှုတွေနဲ့ ထူထောင်ဖို့ကိုလဲ မောင်ဆုံးဖြတ်ထားပြီးပြီ ဒါကြောင့် ဘာအကြောင်းနဲ့မှ ဖြိုးကို မောင် မခွဲနိုင်ဘူး ကွာရှင်းဖို့ဆိုတာ ဝေးရော"

"ရှင်... ရှင်... အလကားလူ ကိုယ့်ဘက်ကိုယ်ကြည့်တဲ့ လူ"





နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့ရင်းက ဖြိုးသည် ဦးအုပ်စိုး၏ မျက်နှာတည်တည်ချောချောကြီးကို နာကျင်မှု တို့ဖြင့် ကြည့်ကာ ဆိုလိုက်သည်။

အုပ်စိုးမှာ ဒေါသတွေကြီးနေရသော ဖြိုးမျက်နှာ ချစ်အသည်းယားမှုများဖြင့် စူးစိုက်ကြည့်လိုက်ပြီး–

"ဘာလို့ဒေါသတွေ ဒီလောက်ကြီးနေရတာလဲ ဖြိုး၊ ဖြိုးနဲ့ မောင်တို့ရဲ့ အိမ်ထောင်ရေးကို ဖြိုး ဒီ့ထက်သာယာအောင် မကြိုးစားတော့ဘူးလား"

ဦးအုပ်စိုးမှာ မျက်မှောင်ကြီးတွန့်လျက် နှုတ်ခမ်းလေး တစ်ချက်စေ့ပိတ်ကာ စိုက်ကြည့်ရင်း မချင့်မရဲကြီး ပြောလိုက် သည်။

သို့တိုင်... ။

ဖြိုးသည် ဦးအုပ်စိုးအကြည့်များကို ဂရုမစိုက်သည့်ဟန် ဖြင့် အကြည့်များရှောင်လွှဲရင်းက–

"ကြိုးစားရအောင် ရှင်နဲ့ကျွန်မ တစ်ယောက်နဲ့ တစ် ယောက် ချစ်လို့ လက်ထပ်ခဲ့တာမှ မဟုတ်ဘဲ"

"မင်း ဘယ်လိုပြောလိုက်တာလဲ ဖြိုး၊ ဖြိုးနဲ့မောင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကြောင့်ပဲ လက်ထပ်ခဲ့ လက်ထပ်ခဲ့ ခုမောင်တို့နှစ်ယောက်က ဇနီးမောင်နှံတွေဖြစ်နေပြီ၊ ပြီးတော့ မောင်ဖြိုးကို သိပ်ချစ်တယ်၊ မောင်သိပ်ချစ်တဲ့ဖြိုးကို မောင်ဘယ်လိုမခွဲနိုင်ဘူး၊ မောင်သိပ်ချစ်တဲ့ဖြိုးဟာ မောင့်အရိပ် မောင့်မျက်စိအောက်မှာ မောင့်ထွက်သက်နဲ့အတူ အမြဲရှိနေရမယ် ဒါဟာ ဖြိုးအပေါ်မှာ မောင်သိပ်ချစ်ရတဲ့ မောင့်ရဲ့ သစ္စာတရားပဲ"

သေလိုက်၊ သွားသေလိုက်စမ်း ဦးအုပ်စိုး ရှင့်ရဲ့စကားတွေကို ကျွန်မက ယုံကြည်မယ်လို့များ ရှင်ထင်နေလားဝေးပါသေး ဦးအုပ်စိုး ကျွန်မအပေါ်မှာ တွေ့စကတည်းကအမျိုးမျိုး အနိုင်ယူခဲ့တဲ့ ရှင့်ကို ကျွန်မ ဘယ်တော့မှ ခွင့်လွှတ်ဘူးဆိုတာ ရှင်သိထားပါ။

ဖြိုးသည် ထိုစကားများကို စိတ်မှာနာကျင်စွာ ကျိတ်ဆိုရင်းက ဦးအုပ်စိုးအား မုန်းတီးရိပ်များ ယှက်ဖြာနေသောမျက်ဝန်းလေးနှင့် ကြည့်လျက် သူ့ရင်ခွင်ထဲမှ အားစိုက်ရုန်းထွက်လိုက်ရာ ဒီတစ်ခါတော့ဖြင့် ဖြိုးကိုယ်လေးသည် ဦးအုပ်စိုးရင်ခွင်ထဲမှ လွတ်ထွက်သွားရသည်။





ဦးအုပ်စိုးရင်ခွင်ထဲက ဖြိုးကိုယ်လေး လွတ်ထွက်သွားရသည် ဆိုရင်ပဲ ဖြိုးသည် အခန်းထဲမှနေ ချာခနဲလှည့်ထွက်သွားသည်မှာ နောက်ကို တစ်ချက်ကလေးမှ လှည့်မကြည့်ပါလေတော့။

ကျန်ရစ်ခဲ့သည့် ဦးအုပ်စိုးမှာသာ သူ့အပေါ် နားလည်မှုများ လွဲနေသည့် ချစ်ဇနီးချော၏ နောက်ကျောပြည့်ပြည့်လှလှလေးကို ရင်မောစွာကြည့်ရင်း သက်ပြင်းတွေ အခါခါချနေမိတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

ဦးအုပ်စိုးအပေါ် မကျေနပ်မှု၊ နာကြည်းမှု၊ မုန်းတီးမှုမျ
ဖြင့် တည်ထောင်ခဲ့ရသော ဖြိုးတို့အိမ်ထောင်ရေးမှာ နေ့ရ
လေးများ ဖြတ်ကျော်လို့ လများပင် တစ်လပြီးတစ်လ ကု
ဆုံးလာရပြီဖြစ်သည်။

ထိုရက်များအတွင်းမှာ ဖြိုးသည် ဦးအုပ်စိုးနှင့်ခပ်ကင
ကင်း ခပ်စိမ်းစိမ်းနေခဲ့ပေမဲ့ ဦးအုပ်စိုးကတော့ဖြင့် ဖြိုးအ
ဂရုစိုက်မပျက်ပါလေ။

သူ့အပေါ် သူမ ဘယ်လိုပင် စိမ်းကားစွာဆက်ဆံ
ပါစေ သူကတော့ဖြင့် ဖြိုး၏ စိမ်းကားလွန်းသည့် အပြုအ
အပြောအဆိုများကို နည်းနည်းလေးမှ ဂရုမစိုက်သည့်အလ





အပြုံးမပျက်ရှိနေတတ်သည်မို့လည်း ဖြိုးမှာ သူ့ကိုကြည့်ကာ စိတ်မှာ ခံရခက်ခက်နှင့် မချင့်မရဲကြီး ဖြစ်နေရလေသည်။

ကြည့်လေ။

ဦးအုပ်စိုးလုပ်နေပုံက ဖြိုးအတွက် ဘယ်လောက် အသည်းယားဖို့ ကောင်းလိုက်သလဲဆိုတာ။

ဖြိုး သူ့ကို မုန်းပါသည်ဆိုတဲ့ကြားက ဦးအုပ်စိုးသည် ဖြိုးအမုန်းများကို ဂရုမစိုက်အလေးမထားသလို ဖြိုးမကြည် ဖြူသည့်ကြားက သူ့ထံက အကြင်နာ၊ အယုအယတွေ ဖွတ် ပေးနေပုံက သူ့ကျောပြင်ကြီးကို ထုရိုက်ပစ်ချင်စရာပင် ကောင်းနေတော့သည်။

ဒါကြောင့်မို့လည်း ဖြိုးသည် သူ့ထံမှ အကြင်နာအယု အယများကို လက်မခံ၊ သူ့အနားမှနေ မသိသလို မျက်နှာ လေးနှင့် ရှောင်ဖယ်သွားတတ်ပေမဲ့ ဦးအုပ်စိုးဆိုသည့် သူကတော့ ဖြိုးအပေါ် စိတ်ပျက်၊ စိတ်ကုန်ခြင်းမရှိ သူမ အနားတွင် မခွဲအတူ ရှိနေတတ်သူဖြစ်သည်။

သူမသွားလေရာ သူမအနားတွင် အရိပ်အဖြစ်အမြဲရှိ နေတတ်သော ဦးအုပ်စိုးကြောင့် ဖြိုးသည် စိတ်မှာကျဉ်းကျပ်



www.burmeseclassic.com

www.burmeseclassic.com



နေရပေမဲ့ သူ့ကို သူမအနားက ဖယ်ခွာဖို့ဆိုတာကလည်း မဖြစ်နိုင်ပြန်။

စူးရှသောမျက်ပန်း၊ တည်ကြည်သောအပြုံးမျက်နှာ ချောချောကြီးနှင့် မျက်ဝန်းများကို မေးစင်းကာ ကြည့်တတ် သော ဦးအုပ်စိုးကြောင့်လည်း ဖြိုးတစ်ယောက် ရှင်ခုန်သံတွေ အကြိမ်ကြိမ် မူမမှန်ဖြစ်ခဲ့ရသည်က မနည်းတော့။

သူနှင့်ပတ်သက်ကာ ဖြိုးသည် ထိုသို့ ရင်ခုန်သံများ ခံစားရမည်ကို ကြောက်ပါသည်။

ဦးအုပ်စိုးဆိုတာ ဖြိုး နာကြည်းမုန်းတီးရသည့်လူ ဖြိုးသည် သူနှင့်ပတ်သက်တာ ဘာခံစားမှုကိုမှ မလိုချင်ပါ

ထို့ကြောင့်လည်း ဖြိုးသည် သူနှင့်တတ်နိုင်သလောက် ခပ်ကင်းကင်း ခပ်ရှင်းရှင်းနေခဲ့ပါသော်လည်း သူနှင့်ပတ် သက်ဖို့ အကြောင်းက ဖြိုးအတွက် ကြုံဖန်ပေါ်လာရပြန်၏။

အကြောင်းကား... ။

ဖြိုးသည် ခါတိုင်းနိုးနေကျ အချိန်ရောက်သည်နှင့် အိပ်ရာက အထတွင် မျက်လုံးများပြာဝေလျက် ခေါင်းထဲမိုက် ခနဲဖြစ်သွားရကာ လူက ယိုင်ထိုးသွားရသည်မို့ ဖြိုးမှာ ခုတင်





ပေါ်သို့ အသာပြန်၍ ထိုင်ချလိုက်ရသည်။

"ဘုရား... ဘုရား... ရင်မှာ တလှပ်လှပ်နဲ့ ခေါင်းတွေ နောက်လိုက်တာ ဘာဖြစ်တာပါလိမ့်"

ဖြိုးသည် ရင်ဘတ်ပေါ် လက်လေးဖိတင်ရင်းက မျက်ဝန်းလေး အသာစုံမှိတ်ရင်း စိတ်မှာတီးတိုးရေရွတ်လိုက် မိသည်။

"ဟင်... ဖြိုး ဘာဖြစ်တာလဲ ဘာဖြစ်လို့လဲဟင် နေ ကောင်းဘူးလား"

ဖြိုးအဖြစ်ကို သတိထားမိသည့် ဦးအုပ်စိုးမှာ ဖြိုးအား စူးရိမ်စွာကြည့်ရင်းက မေးလိုက်သည်။

ထိုအခါ ဖြိုးသည် မျက်ဝန်းလေး အသာစုံမှိတ်ထား ရင်းက–

"ဘာဖြစ်မှန်းလဲ မသိဘူး ရင်မှာ တလှပ်လှပ်နဲ့ ခေါင်း တွေလည်း အရမ်းမူးတာပဲ ကျွန်မ ဒါမျိုးတစ်ခါမှ မဖြစ်ဖူးဘူး"

ဝေဒနာကြောင့် နွမ်းလျှနေသည့် မျက်နှာလေးနှင့် တိုး ဘိတ်စွာ ထွက်ပေါ်လာသော ဖြိုးစကားကြောင့် ဦးအုပ်စိုး မျက်နှာချောချောကြီးမှာ စိုးရိမ်မှုများဖြင့် ပျက်သွားရကာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မဖြစ်ဘူး ဆရာဝန်နဲ့ပြမှ ဖြစ်မှာပေါ့ ဖြိုး ဒီအတိုင်း ငြိမ်ငြိမ်လေးလှဲနေဦးနော် မောင် ဆရာဝန်ပင့်လိုက်ဦးမယ် ဟုတ်လား ဖြိုး"

ဦးအုပ်စိုး ပြောစကားများကို ဖြိုးသည် ဘာမှ ပြန်မပြောနိုင်ပါ။ ပြန်ပြောဖို့ရာလည်း ဖြိုးတွင် အင်အားမရှိ။

ခံစားရသည့် ဝေဒနာကြောင့် လူက နေရာမှာတင် မလှုပ်မယှက်ချင်လောက်အောင် အားအင်များ ကုန်ဆုံးသလို လူက နွမ်းနယ်နေရတော့သည်။

ဦးအုပ်စိုးမှာ ဖြိုး၏မျက်နှာနွမ်းလျလျလေးကို စိတ်မချသလို စိုးရိမ်မှုများဖြင့် တစ်ချက်စိုက်ကြည့်ရင်းက အခန်းထဲမှ ခပ်သွက်သွက်ထွက်သွားလေသည်။

မကြာလိုက်... ။

ဖြိုးရှိရာ အခန်းထဲသို့ ဦးအုပ်စိုးသည် ပြန်လည်ရောက်ရှိလာပြီး-

"ဖြိုး ဘယ်လိုနေသေးလဲ၊ သက်သာရဲ့လားဟင်၊ မောင် သူငယ်ချင်း ဒေါက်တာစံလှကို မောင်ဖုန်းဆက်ထားတယ်၊ ခဏနေ သူရောက်လာလိမ့်မယ်၊ ဖြိုးဘာမှ အားမငယ်နဲ့နော်၊





ဖြိုးအနားမှာ မောင်တစ်ယောက်လုံးရှိတယ် ဟုတ်လား"

ခုတင်ပေါ်တွင် မျက်ဝန်းလေးမှိတ်ကာ မှိန်းနေရှာသည့် ဖြိုးကိုကြည့်လျက်က ဦးအုပ်စိုးသည် ဖြိုးလက်လေး တစ်ဖက်ကို တင်းတင်းလေး ဆုပ်ကိုင်ထားရင်း အားပေးစကား ပြောသိုက်လေသည်။

ခါတိုင်းလိုဆိုပါက ဖြိုးသည် သူ့လက်ကို ဖယ်ရှားပုတ်ထုတ်ကာ သူ့အနားက ရှောင်ထွက်သွားမှာ ဖြစ်မေမဲ့ ယခုတော့ ဖြိုးသည် သူမတွင် အင်အားများမရှိတော့လောက်အောင် ကုန်ဆုံးနေရသည်မို့ သူပြောသမျှစကားများကို နားထောင်ရင်းက လူက ငြိမ်သက်နေရသည်။

ဖြူဖျော့နေသော မျက်နှာလေးနှင့်ဖြိုး ထိုသို့ ငြိမ်သက်နေလေလေ ဦးအုပ်စိုးမှာ ဖြိုးအတွက် ခြေမကိုင်မိ လက်မကိုင်မိနှင့် အစိုးရိမ်ပိုရလေလေ ရှိနေတော့သည်။

"ဖြိုး... "

"မောင် ဘာလုပ်ပေးရမလဲ ဟင်... "

ဝေဒနာဖြင့် နွမ်းနယ်နေရသော ဖြိုးမှာ ဦးအုပ်စိုးကို စကားမပြောနိုင်ပါဘူးဆိုကာမှ သူမကို တတွတ်တွတ်ပြောက



www.burmeseclassic.com

www.burmeseclassic.com



မေးနေသော အလိုက်ကမ်းဆိုး မသိသည့် ဦးအုပ်စိုးကို ဖြိုးသည် စိတ်မှာ ကျိတ်ကာ ဒေါသတွေဖြစ်နေရတော့သည်။

ဒါကို ဘာမှ မသိသည့် ဦးအုပ်စိုးကတော့ ဖြိုးထိုသို့ ငြိမ်သက်နေရလေလေ သူ့ရင်မှာ ဖြိုးအတွက် စိုးရိမ်မှုများ ပိုလာရလေလေမို့ မျက်စိမျက်နှာပျက်ပျက်နှင့် ဖြိုးအား ကရုဏာသက်စွာ ကြည့်ရင်း–

"ဖြိုး မောင်ပြောတာ ကြားလား၊ ဖြိုးနေသာ့ရဲ့လား ဟင်၊ မောင် ဖြိုးအတွက် စိုးရိမ်လိုက်တာဗျာ၊ မောင့်ကို ကြည့်ပါဦး"

ကြည့်ပါဆိုကာ ကြည့်နိုင်းသူက ကြည့်နိုင်းပေမဲ့ ဖြိုးကတော့ မျက်ဝန်းလေးပွင့်မလာပါ။

မျက်ဝန်းလေး စုံမှိတ်ထားဆဲက–

"ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာ လူက နေမကောင်းရတဲ့ကြားက ရှင်က တစ်မျိုးပါလား"

နေမကောင်းသည့်လူက သူ့အားပြန်၍ ရန်စွာနိုင်သေးသည်မို့ ဦးအုပ်စိုးမှာ သဘော ကျသလို မျက်နှာကြီးပြုံးသွားကာ–





"အဟွန်း… မောင်ကဖြိုးအတွက် စိုးရိမ်လို့ စိတ်ပူပြီး မေးတာပါဗျာ၊ မောင့်ကို စိတ်မဆိုးပါနဲ့"

ဖြိုးလက်လေးတစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ကာ ဆောင်းပန်နေပေမယ့် ဖြိုးမှာ သူ့ကို ဘာစကားမှ မပြောပါ။

သည်လူနှင့် မပတ်သက်ချင်ပါဘူးဆိုကာမှ ကြံဖန်လာ ပတ်သက်နေရသည့်အဖြစ်။

ရင်မှာခံစားရသည့် ဝေဒနာက တကယ့်ကို ခံရခက်ခက် နှင့် ဆိုးဆိုးဝါးဝါးကြီး ဖြစ်နေရသည်မို့ ဖြိုးမှာ စကားပြော ချင်စိတ်မရှိအောင်လည်း လူက နုံးခွေမှုးမိုက်လျက် ရှိနေ သည်။

ထိုစဉ်။

ဦးအုပ်စိုး ဖုန်းဆက်ထားသည့် ဒေါက်တာစံလှမှာ ဆေး သေတ္တာဆွဲကာ အခန်းထဲ ရောက်ရှိလာသည်။

"အုပ်စိုး… မင်းကွာ စေစောစီးစီး တယ်ဒုက္ခပေးပါ လား"

"ဟာ… သူငယ်ချင်းစံလှ လာကွာ၊ ဒီမှာ ဖြိုး ဘာ ဖြစ်တယ် မသိဘူး ကြည့်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ အုပ်စိုး"

"မသိဘူးကွာ ခေါင်းတွေမူးပြီး ရင်တွေ တလှပ်လှပ် ဖြစ်လာတယ် ပြောတာပဲ၊ ဖြိုးကို မင်းကြည့်စမ်းပါဦး ဘာဖြစ်တယ်ဆိုတာ"

"အေးပါကွာ၊ ငါရောက်လာပြီပဲ၊ ဒီလောက်လဲ မစိုးရိမ်ပါနဲ့"

ပြောရင်းက ဒေါက်တာစံလှသည် ဖြိုးကို လိုအပ်သည့် စမ်းသပ်မှုများ ပြုလုပ်နေလေသည်။

မကြာလိုက်... ။

"ဟာ... မင်းတော့ ထီးပေါက်တာပဲ မောင် ဝမ်းသာပေတော့"

"ငါက ဘာကို ဝမ်းသာရမှာလဲကွ မင်းစကားက ငါ နားလည်အောင် ရှင်းရှင်းပြောစမ်းပါကွာ"

"ဟား... ဟား မင်းကတော့ကွာ ငါ ဒီလောက် အရိပ်ပြနေတာတောင် အကောင်မမြင်ပါလား၊ ငါပြောတာ မင်းကလေးအဖေ ဖြစ်တော့မှာကို ပြောတာကွ အုပ်စိုးရ"

"ဟာ..."





"ဟင်..."

ထိုအသံက ဦးအုပ်စိုးဆီကပါမက ဖြိုးဆီကပါ အံ့သြမှုများဖြင့် နှုတ်မှကိုယ်စီ ထွက်သွားရခြင်းဖြစ်သည်။

"စံလှ... မင်းပြောတာက ဖြိုး... ဖြိုးမှာ"

"ဟုတ်တယ် အုပ်စိုး၊ မင်းမိန်းမ ဖြိုးမှာ မင်းရင်သွေးလေးရှိနေပြီ"

"အို..."

ဒေါက်တာစံလှ စကားအဆုံးဝယ် ဖြိုးမှာ ရောင်ရမ်းကာ မျက်ဝန်းလေးအစုံကို တင်းတင်းကြီး မိတ်ထားလိုက် မိတော့တယ်။

"ဘုရား... ဘုရား... ။

သူမမှာ... သူမမှာ ဦးအုပ်စိုးရဲ့ ရင်သွေးလေး ရှိနေပြီဆိုပါလား၊ မထင်မှတ်ခဲ့ပါလားကွယ်။

ဖြိုးမှာ ဦးအုပ်စိုးရင်သွေးလေး ရှိနေပြီဆိုတာ ဖြိုးနည်းနည်းလေးမှ မထင်ထားခဲ့မိပါလား။

နာကျင်မှုန်းတီးခြင်းများဖြင့် သူ့အနားက ဖယ်ခွာသွားနိုင်ခပ်ဝေးဝေးနေချင်ပါသည် ဆိုကာမှ သူနှင့်ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



သည့်သံယောဇဉ်ကြိုးက ဖြိုးနှလုံးသားကို တင်းတင်းကြီးလာ၍ ရစ်ပတ်ချည်နှောင်လာသည့်အဖြစ်။

ဖြိုး… ဖြိုး ဘာလုပ်ရမည်တဲ့လဲ။ ဦးအုပ်စိုးကတော့ ဖြိုးမှာ သူ့ရင်သွေးလေးရှိနေပြီဆိုတာကို သိသည်နှင့် ဘယ်လောက်ထိ အံ့ဩဝမ်းသာသွားရသည် မသိပါ။

လိုက်ဖြာတုန်ခါနေသော အသံကြီးဖြင့် ဖြိုးလက်ကလေးကို ဖျစ်ညှစ်ဆုတ်ချေရင်းက–

"စံလှ မင်းပြောတာသေချာတယ်နော်၊ ဖြိုးမှာ ငါ့ရင်သွေးလေး ရှိနေပြီဆိုတာ တကယ်နော်"

"ကျွတ်… အုပ်စိုး မင်းကွာ ငါသေချာစမ်းသပ်ပြီးပါပြီကွ၊ မင်းသာ အခုကတည်းက ကလေးအနှီးဖိုး ကြိုရှာထားပေတော့"

"ဟွန်း… ဟွန်း… ဟွန်း… စံလှရာ ကျေးဇူးပဲကွာ၊ ငါတစ်ယောက် ကလေးအဖေဖြစ်ပြီပေါ့နော် ဝမ်းသာလိုက်တာကွာ၊ အရမ်းဝမ်းသာတာပဲ၊ ငါကွ ကလေးအဖေ ဖြစ်တော့မယ်၊ ဖြိုး… ဖြိုးရေ မပျော်ဘူးလားဟင်၊ ဖြိုးမှာ မောင့်ရင်သွေးလေးရှိနေပြီတဲ့ မောင်တော့ သိပ်ပျော်တာပဲဗျာ





တကယ်… တကယ်"

ဦးအုပ်စိုးမှ အမှန်ပင် ဘယ်လောက်ထိပျော်နေရသည် မသိပါ။ ဖြိုးလက်ကလေးကို မလွှတ်တမ်း ဆုတ်ကိုင်လျက် မျက်ဝန်းလေး မှိတ်ထားသည့် ဖြိုးမျက်နှာလှလှလေးကို မလွှတ်တမ်း ငေးစိုက်ကြည့်ကာ ဆိုလိုက်လေသည်။

"ဟိတ်ကောင် အုပ်စိုး၊ ငါတစ်ယောက်လုံး ရှိသေးတယ်ဆိုတာလဲ သတိထားဦးလေ၊ကွာ၊ မင်းကွာ တော်တော်သည်းလဲသည်းတဲ့ ကောင်"

ဒေါက်တာစံလှစကားကို ဦးအုပ်စိုးမှာ စိတ်မဆိုးနိုင်ပါ။

သူ့ရင်ထဲတွင် ပျော်ရွှင်ကြည်နူးခြင်းများက ရင်ထဲမှာ ဘာနှင့်မှ နှိုင်းယှဉ်ပြလို့မရနိုင်သည်မို့ သူ့မျက်နှာချောချောကြီးမှာ အပြုံးများဖြင့် လက်ဖြာနေရသည်။

"စံလှ မင်းက လူပျိုကြီးဆိုတော့ ဒီလိုခံစားမှုမျိုး မင်း မခံစားတတ်ပါဘူးကွာ"

"အေးပါ မင်းပြောသလို ငါပဲမခံစားတတ်ဘူး ထားပါတော့၊ ခံစားတတ်တဲ့မင်း ပိုပြီး ခံစားတတ်အောင် လွှတ်လွှတ်လပ်လပ် ခံစားတော့မောင်၊ ငါတော့ မင်းနိုပ်စက်လို့ အိပ်



www.burmeseclassic.com

www.burmeseclassic.com



ရေးပျက်ထားတာ အိမ်ပြန်အိပ်လိုက်ဦးမယ်"

"ကျေးဇူးပဲကွာ စံလှ"

"မလိုပါဘူးကွာ အချင်းချင်းတွေပဲ ကဲ ငါပြန်ပြီ"

ဦးအုပ်စိုးမှာ ဒေါက်တာစံလှကို ကားနားအထိ သူ ကိုယ်တိုင် လိုက်ပို့ပေးလိုက်သည်။

ဒေါက်တာစံလှ ပြန်သွားသည်နှင့် ဦးအုပ်စိုးသည် ဖြိုးအနားသို့ ပြန်လည်ရောက်ရှိလာပြီး–

"ဖြိုး… "

ဖြိုးမှာ မထူးပါ၊ ထို့အတူ လူကလည်း မလှုပ်မယှက် ငြိမ်သက်နေရသည်။

သို့သော်… ။

သေချာကြည့်မည်ဆိုပါက ဖြိုး၏ မျက်ဝန်းထောင့်ဝယ် မျက်ရည်စများ စီးကျနေရလေသည်။

ဦးအုပ်စိုးမှာ ဖြိုးမျက်နှာလှလှလေးကို ကြည့်ရင်းက–

"ဖြိုးရယ် ဝမ်းသာရမယ့်အချိန်မှာ ဘာလို့ မျက်ရည်တွေ ကျနေရတာလဲဗျာ"

မျက်ဝန်းထောင့်မှ မျက်ရည်စများကို ဦးအုပ်စိုးသည်





လက်နှင့်အသာအယာတို့သုတ်ပေးရင်းက ဖြိုးအား ချော့မော့ နှစ်သိမ့်စကားဆိုလိုက်ပေမဲ့ ဖြိုးကတော့ဖြင့် မျက်ရည်များ စီးကျဆဲဖြစ်သည်။

သူကတော့ဖြင့် ပျော်နိုင်မှာပေါ့လေ၊ ဖြိုးမှာသာ သူ့အပေါ် နာကျင်ပါသည်ဆိုတဲ့ကြားက အရှုံးတွေပေးနေရသည်မို့ အခံရခက်စွာ ဝမ်းနည်းနေရတော့သည်။

"မောင့်ရင်သွေးလေးကို လွယ်ပေးထားတဲ့ ဖြိုးကို မောင်သိပ်ပြီးကျေးဇူးတင်ရပါတယ်ဗျာ၊ မောင်လေ မောင့် ရင်သွေးလေးကို အရမ်းမျှော်လင့်နေတာ၊ ခုတော့ မောင့်ဆန္ဒ တွေပြည့်ပြီမို့ မောင့်ရင်မှာ အရမ်းပျော်တာပဲ ဖြိုးရယ်"

ဦးအုပ်စိုးဆိုသည် သူ့အပေါ်မှာ အနိုင်မရချင်နေပါစေ။ အရှုံးတော့ဖြင့် မပေးချင်ပေမဲ့ အခြေအနေက သူမဘက်က အရှုံးတွေနှင့်သာ ဆက်တိုက်ရင်ဆိုင်နေရသည်မို့ ဖြိုးသည် နှုတ်ခမ်းလေးကို ဖိကိုက်ထားလိုက်သည်။

"ဖြိုး မောင့်ကို စကားပြောပါဦးဗျာ"

နဖူးပေါ် ခပ်နွေးနွေးကျရောက်လာသည့် သူ့အနမ်းများ ကို ဖြိုးမရှောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ... ။

ဖြိုးသည် ဦးအုပ်စိုးအား စကားပြောချင်စိတ်မရှိပါ။ ရင်သွေးဟူသော အသိက ဖြိုးနှလုံးသားများကို တုန်လှုပ်ချောက်ချားစေရကာ ရင်မှာ ဝမ်းသာဝမ်းနည်းစိတ်တို့ဖြင့် ဝေဒနာနွမ်းနယ်နေသည့်ကြားက လှိုက်ဖြာလာရသော ခံစား မှုများဖြင့် ဖြိုးနှလုံးသားလေးသည် တသိမ့်သိမ့် နွေးလှိုက်နေ ရသည်။

ထိုခံစားမှုသည် ဖြိုးကိုယ်ဖြိုး ဘာကြောင့်ဖြစ်ရသည်လဲ မသိပါ။

သေချာသည်က ဖြိုးသည် ရင်သွေးဟူသောအသိဖြင့် နှလုံးသားလေးတုန်လှုပ် လှိုက်ဖိုနေရသည်ကာ ရင်မှာ ဝမ်းသာ ဝမ်းနည်းစိတ်များဖြင့် နက်ရှိုင်းသည့်ခံစားမှုများ ဖြစ်ပေါ် နေရကာ ထိုခံစားမှုကြောင့်ပင် မျက်ရည်များ ကြွေသက်ဆင်း ကျနေရသည် မဟုတ်ပါလား။

"မငိုနဲ့... မငိုပါနဲ့ဖြိုးရယ်၊ ဖြိုးမျက်ရည်တွေက မောင့်ရင်ကို နာကျင်ထိခိုက်စေရပါတယ်ဗျာ၊ ခုချိန်ကစပြီး ဖြိုးတို့သားအမိကို မောင်အရင်ကထက် တိုးလို့ပိုပြီး ယုယ ကြင်နာပါ့မယ်ဆိုတာ မောင်ကတိပေးပါတယ်ဗျာ"





တိုးတက်လှိုက်ဖြာသော စကားသံဖြင့် ဦးအုပ်စိုးသည် ဆိုစကားများကို လေးနက်စွာ တစ်ခွန်းချင်း ဆိုရင်းက ဖြိုးပါးပြင်ပေါ်မှ မျက်ရည်စမများကို သူ့ပါးပြင်ချောချောကြီး နှင့် ညင်သာစွာ ဖယ်ရှားပွတ်တိုက်လျက် ဖြိုးပါးပြင်နုနုထက် ၌ အနမ်းများ ကျရောက်နေရတော့သည်။

သည်တစ်ခါတော့ဖြင့် ဖြိုးသည် ဦးအုပ်စိုးအနမ်းများ ဖယ်ရှား မရုန်းကန်တော့ပါ။

သူမပုံစံလေးက အားမတန်မာန်လျှော့သည့်နှယ် မျက်လွှာလေးစုံမှိတ်လျက် နှုတ်ကဘာစကားမှမဆိုဘဲ ရှိနေရသည်မှာ သူနှင့်ပတ်သက်၍ သူမရင်တွင် အထပ်ထပ် ရစ်ပတ်လာသည့် နှောင်ကြိုးများကြောင့် ဖြစ်ပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ဖြိုးကိုယ်ဝန်ရှိပြီဆိုကတည်းက ဖြိုးအပေါ်မှာ ယခင်က
ထက် ကြင်နာယုယမှုများပေးကာ ဖြိုးအားမျက်စိအောက်မှ
အပျောက်မခံနိုင်အောင် အဖြစ်သည်းလွန်းသည့် ဦးအုပ်စိုး
ကြောင့် ဖြိုး၏စိတ်တွင် အနေကျဉ်းကျပ်သလို ရှိနေရကာ
သူ့အကြင်နာ သူ့အယုယများကိုလည်း ဖြိုးသည် နည်းနည်း
လေးမှ အသိအမှတ်မပြုခဲ့ပါလေ။

ဦးအုပ်စိုးပုံစံက သူ့ရင်သွေးလေး ဖြိုးလွယ်ထားရသည်
ကိုပင် စိတ်မှာကြည်နူးကျေနပ်နေရသလိုမျိုး မျက်နှာချော
ကြီးက အပြုံးလွန့်လွန့်နှင့် ချိုကြည်မြဲစွာရှိနေရကာ ဖြိုးအား
အရိပ်တကြည့်ကြည့်နှင့် ကြည့်နေတတ်သူ ...းဖြစ်သည်





ဖြိုးအပေါ် သူဘယ်လိုပင် အကြင်နာတွေပေးပေး
ဖြိုးကတော့ဖြင့် ဂရုမစိုက်ပါပေ။ ဖြိုးအပေါ်အနိုင်ယူရက်သူ
အဖြစ် ဦးအုပ်စိုးအား ဖြိုးမုန်းပါသည်ဆိုကာမှ ဖြိုးဘဝလေး
အား မလှုပ်သာအောင် ရစ်ချည်လာသည့် ရင်သွေးဟူသော
နှောင်ကြိုးကြောင့် ဖြိုးသည် သူ့ဘဝထဲက ရုန်းထွက်လို့
မရအောင်ရှိနေရတော့သည်။

တစ်ခါတစ်ရံတော့လည်း ဖြိုးသည် သူမအဖြစ်ကို
သူမတွေးကာ နာကျင်စိတ်ပျက်မိရ၏။

ဦးအုပ်စိုးဆိုသည့် သူ့ကို အနိုင်ယူချင်ပါသည်ဆိုကာမှ
သူနှင့်ပတ်သက်ကာ သူမဘက်က အရှုံးများနှင့်သာ ဆက်တိုက်
ရင်ဆိုင်နေရသည့်အဖြစ်က ဖြိုးစိတ်ကို များစွာ အခံရခက်စေ
ရသည်။

ဒါကြောင့်လည်း ဖြိုးသည် အရှုံးပေးထားရသည့် သူမ
အဖြစ်အတွက် ဦးအုပ်စိုးအပေါ်မှာ ကြဲဖန်အနိုင်ယူတတ်သူ
လည်းဖြစ်သည်။

ဖြိုးစိတ်ထဲတွင် သူမကြောင့် ဦးအုပ်စိုးစိတ်ထဲမှာ
တစ်စုံတစ်ရာ ထိထိခိုက်ခိုက် ခံစားသွားရမည့်အဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုကြည့်လိုသည်မို့ သူ့ကို စိတ်ဆိုးနာကျင်အောင် သူမဘက်က ဘယ်လိုပင် လုပ်ပါသော်လည်း ဦးအုပ်စိုးကတော့ဖြင့် သူမထင်သလို ဖြ ပလာပါ။

သူမ သူ့ကို ဘယ်လောက်ပဲ စိတ်ဆိုးနာကျင်အောင် လုပ်လုပ် သူကတော့ သူမလုပ်သမျှကို နာကျင်မှုမရှိသလို ခွင့်လွှတ်ပြုံးဖြင့် ရှိနေတတ်သူလည်း ဖြစ်သည်။

သူထိုသို့ စိတ်ရှည်လေလေ ဖြိုးစိတ်ထဲမှာ ပို၍ မချင့်မရဲ ဖြစ်ရလေမို့ သူ့အပေါ် အသည်းယားယားနှင့် ရှိနေတတ်သူဖြစ်သည်။

သို့ပေမဲ့ ဖြိုးသည် သူ့ကို အလျှော့မပေးချင်ပါ၊ ဖြိုးဆိုတာက အရာရာကို လွယ်လွယ်နှင့် အရှုံးပေးတတ်သူမဟုတ်။

ထို့ကြောင့်လည်း ဖြိုးသည် ဦးအုပ်စိုးနှင့် ပတ်သက်ကာ သူ့စိတ်ကို အမြဲကသိကအောက်ဖြစ်အောင် စဉ်းစားနေတတ်သူ ဖြစ်သည်။

သို့သော်...

သူမဘက်က ဘယ်လိုပင် ကြိုးစား ြိုးစား ဦးအုပ်စိုး





ဆိုသည့် သူကတော့ သူမထင်သလို ဘယ်တော့မှ ဖြစ်လာလိမ့်မည်မဟုတ်ပါ။

အဘယ်ကြောင့်ဆိုရသော်... ။

ဦးအုပ်စိုးလူချောကြီးသည် ဖြိုးအပေါ် ထာဝစဉ် ကြင်နာယုယမှုများဖြင့် ခွင့်လွှတ်ထားတတ်သူ ဖြစ်သောကြောင့် ဖြစ်သည်။

"ဟင်... "

သူ့အကြောင်းကို တွေးရင်းက ဖြိုးသည် သက်မတစ်ချက်ကိုချပြီး ပြင်လက်စ သူမမျက်နှာလေးကို မှန်ထဲကြည့်ရင်း ကိုယ်လေးနောက်သို့အလှည့်–

"ဖြိုး... "

"အမေ့... "

"ဟင်... ရှင်... "

သူမနောက်တွင် ဘယ်အချိန်ကရောက်နေသည်မသိ သူမအား ပြုံးပြုံးကြီးစိုက်ကြည့်နေသော ဦးအုပ်စိုးကြောင့် ...းမှာ အယောင်ယောင်အမှာမှားနှင့် ရင်ဘတ်ပေါ် လက်လေး ...တင်မိသည်အထိ လူကထိတ်လန့်လို့ သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း… သိပ်လန့်သွားလားဖြိုး ဆောရီးပဲကွာ"

"ဘာဆောရီးလဲ ရှင်အသံမပေးဘာမပေးနဲ့ ရမ်းဝင်လာရလား"

"ဟောဗျာ ခင်ဗျာလေးက လူကိုရန်တွေ့နေပါလား"

"ရန်တွေ့မှာပေါ့ ရှင်ဘာဖြစ်လို့ လူကို လန့်အောင်လုပ်လဲ"

"အမယ်လေးဗျာ… စွာလိုက်တာလဲ လွန်းပါရောလား။ ဒါနဲ့ ပြင်ဆင်ပြီး ဖြိုးဘယ်သွားမလို့လဲ"

"ဘယ်သွားသွား"

မျက်တောင်ရှည်ကြီးများ စင်းစင်းချကာ နှုတ်ခမ်းလေးရှုံ့လျက် ဂျစ်ကျနေသော ဖြိုးကြောင့် ဦးအုပ်စိုးမှာ အသည်းယားသွားရသည်။

သည်မိန်းမက အမြဲတမ်း ဒီလိုပါပဲ၊ သူ့အပေါ် တစ်ခုမဟုတ်တစ်ခု ဂျစ်ကျနေရမှ ကျေနပ်နေတတ်သူမို့ ဦးအုပ်စိုးသည် ဖြိုးအပေါ် မချင့်မရဲနှင့် ချစ်အသည်းယားခဲ့ရသည့် အဖြစ်များကလည်း မနည်းတော့။

တကယ်ဆို ဖြိုးသူ့အပေါ် တမင်ဆိုးနွဲ့အနိုင်ယူနေသည့်





အဖြစ်ကို သူမသိမဟုတ် သိပါ၏။ သိပါသော်လည်း ချစ်သူလေး စိတ်ချမ်းသာလျှင်ပြီးရော သဘောထားကာ ဦးအုပ်စိုးသည် ဖြိုး၏ ကလေးဆန်ဆိုးနွဲ့မှုများကို ခွင့်လွှတ်ချစ်ဖြင့်ချစ်နေရသူဖြစ်သည်။

သူမလေး သူ့အပေါ် ဘယ်လိုပင် ဆိုးနွဲ့အနိုင်ယူနေပါစေ ဦးအုပ်စိုးသည် ဖြိုးအပေါ်မှာ ဘယ်တော့မှ အပြစ်ယူမည်မဟုတ်ပါ။ ခွင့်လွှတ်ချစ်ဖြင့် ချစ်ရသည့်သူ၏ ချစ်ခြင်းများကို သူမလေး တစ်ချိန်မှာတော့ နားလည်လာလိမ့်မည်ဖြစ်သည်။

ထိုအချိန်သည်က ဖြိုး၏အချစ်များ သူ့ထံသို့ ပြန်လည်ရောက်ပြန်လာမည့် အချိန်လည်းဖြစ်လေသည်။

မည်သို့ပင်ရှိစေ သူကတော့ ထိုအချိန်ကို ဖွဲရှိရှိ စိတ်ရှည်ရှည်နှင့် သည်းခံစောင့်စားရမည်ဆိုတာကို ဦးအုပ်စိုးနားလည်ပါသည်။

နားလည်မှုနှင့်အတူ ဖြိုးအပေါ်သူ၏ အချစ်များကလည်း အတိုင်းအဆမရှိရင်မှာ ဖြစ်ပေါ်နေရသည်ကိုတော့ ဖြိုးဆိုသည့်သူမလေး သိမည်မဟုတ်။

သူ့မှာသာ တစ်ဖက်သတ် ခံစားနေရသည့် ချစ်ဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် ဖြိုးမျက်နှာလေးကို စိုက်ကြည့်ရင်း–

"ဟိတ်... မောင်မေးနေတာ ဖြေဦးလေကွာ၊ ဒါဘယ်လဲ ဆိုတာ"

သူမေးတာကို မဖြေဘဲ သူ့ရှေ့ကနေ လှည့်ထွက်သွားသည့် ဖြိုးကြောင့် ဦးအုပ်စိုးသည် စိတ်မှာ ခံရခက်ခက်ကြီး ဖြစ်သွားရသည်မို့ နှုတ်ခမ်းလေးနှစ်လွှာကို တင်းတင်းစေ့ပိတ်ရင်းက စူးရှသောမျက်ဝန်းများဖြင့် ဖြိုးအား စူးခနဲစိုက်ကြည့်လျက် သူမရှေ့မှာ ပိတ်ရပ်လိုက်လေသည်။

"ရှင်နော် ဒါဘာလုပ်တာလဲ၊ ဖယ်ပါ ကျွန်မသွားမဲ့ ရှေ့က"

မျက်ဝန်းစူးစူးလေးနှင့် ဖြိုးသည် သူ့အားကြည့်ရင်းက ပြောလိုက်သည်။

"မောင်မေးတာ ဖြေဦးလေဗျာ"

"ရှင်နော် ဘာလဲ"

"အဟွန်း... ဖြိုးဘယ်သွားမှာလဲလို့ မောင်မေးတာ"

"အိမ်အတွက် လိုအပ်တာတွေ ဝယ်ရင်း ဈေးသွားမလို့"

"ဒါဆို မောင်လဲ လိုက်ခဲ့မယ်လေ"





"ရှုပ်လိုက်တာ ဘာလိုက်လုပ်မှာလဲ"

သူလိုက်မည်ဆိုတာနှင့် အလိုမကျသလို မျက်နှာလေးမှုန်တည်သွားရသော ဖြိုးကိုကြည့်ပြီး ဦးအုပ်စိုးမှာ မျက်မှောင်ကြီး တွန့်သွားရကာ–

"မောင့်မိန်းမကို မောင်စိတ်မချလို့ လိုက်တာက ရှုပ်တာလားဗျ"

"ကြည့်စမ်း ရှင်ဘာစကားပြောတာလဲ စိတ်မချရအောင် ကျွန်မက ကလေးလား"

"အေးဗျ ကလေးဆိုရင် ခင်ဗျားလေးကို ကျုပ်သွားလေရာ ခေါ်သွားလို့ရတယ်၊ ခုဟာက ကလေးမဟုတ်လို့ မောင့်မိန်းမကို မောင်စိတ်မချတာပေါ့"

"ရှင်နော် လူကို စိတ်မချဘူး စိတ်မချဘူးနဲ့ ကျွန်မ သိက္ခာကို မစော်ကားနဲ့သိလား၊ စိတ်မချရအောင် ကျွန်မက ဘာလုပ်နေလို့လဲ"

ဖြိုးမှာ သူမကို စိတ်မချပြောရကောင်းလားဆိုကာ မာနနှင့် မခံချင်စိတ်လေးဖြစ်လာရသည်မို့ ဦးအုပ်စိုးအား မခံချင်စွာ ရန်တွေ့လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး... မောင်ပြောတာ ဖြိုးထင်သလိုမျိုး မဟုတ်ဘူး၊ မောင့်မိန်းမက သိပ်လှတော့ မောင်ကစိုးရိမ်ပြီး စိတ်မချတာကို ပြောတာ"

"တော်ပါ ရှင်စကားတတ်တိုင်း လျှောက်ပြောမနေပါနဲ့"

"အဟွန်း... မပြောနဲ့ဆိုလဲ မပြောတော့ပါဘူးဗျာ၊ ကဲ...ဖြိုးအပြင်သွားမှာ မဟုတ်လား မောင်လိုက်ပို့ပေးမယ်ဟုတ်လား"

သူ့စကားကို ဖြိုးသည် ခေါင်းမညိတ်၊ ခေါင်းလည်းမခါမိတော့ပါ။ ထို့အတူ သူ့ကိုလိုက်မပို့နှင့်ဟု ပြောလို့ကလည်း ရမည်မဟုတ်သည်မို့ ဖြိုးသည် မျက်နှာလေးခပ်စူစူထားလျက် သူနှင့်အတူ ဈေးသို့ထွက်လာခဲ့လိုက်သည်။

ဈေးသို့ရောက်တော့လည်း ဖြိုးမှာ သူ့အပေါ် ဒေါသတွေ ဖြစ်ရပြန်လေ၏။

အကြောင်းမှာ... ။

ဖြိုးဈေးဝယ်ရာ နောက်ကို တကောက်ကောက် လိုက်နေသော ဦးအုပ်စိုးသည် ဖြိုးနောက်မှ ရိုးရိုးလိုက်သည် မဟုတ်၊





ဖြူစင်ဝင်းနစ်သော အသားအရေနှင့် သိပ်လှသောဖြိုးကို အမျိုးသားများ ကြည့်သည်နှင့် ဦးအုပ်စိုးသည် ဖြိုးလက်လေး တစ်ဖက်ကို တင်းတင်းကြီးဆုပ်ကိုင်လျက် ဖြိုးအား ပိုင်ရှင်ရှိကြောင်းပြကာ ရင်မှာ မနာလိုဝန်တိုမှုများ ဖြစ်နေရတော့သည်။

ယောကျ်ားဖြစ်သူတစ်ယောက်လုံး ဘေးမှာပါနေတာတောင်မှ အားမနာ ပန်းသွေးရောင်ထက်အောက်ဆင်တူ ဝတ်စုံလေးနှင့် သိပ်လှလွန်းသော ဖြိုးကို ပုရိသ ယောကျ်ားများက အားမနာတမ်း ငမ်းနေသော မျက်လုံးများကြောင့် ဦးအုပ်စိုး တစ်ယောက် ချစ်ဇနီးအပေါ် စိုးရိမ်စိတ်မချမှု ဝန်တိုခြင်းများဖြင့် ရှိနေရသည်မို့ မျက်နှာချောချောကြီးမှာ မှုန်တည်တင်းမာနေရကာ လူကလည်း ဘာကို ဒေါသဖြစ်ရမှန်း မသိ။ တစ်ယောက်တည်း ဒေါသတွေ ကျိတ်ဖြစ်နေရလေသည်။

ဦးအုပ်စိုး ထိုသို့ မျက်နှာပျက်ပျက်နှင့် ဖြိုးလက်လေးကို မလွှတ်တမ်း ဆုပ်ကိုင်ထားသမျှ ဖြိုးသည်ကတော့ ရှက်ဒေါသများဖြင့် စိတ်တွေတိုနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ သူမစိတ်မတိုဘဲ နေမည်တဲ့လား၊ လူတွေကြည့်၍ ဖြိုးသည် ရှက်ပါသည်ဆိုကာမှ ဦးအုပ်စိုးသည် ဖြိုးလက်လေးကို မလွှတ်တမ်း တင်းတင်းကြီး ဆုပ်ကိုင်ထားသည်မှာ မလွန်လွန်းပေဘူးလား။

"ဖယ်… လွှတ်စမ်းပါ"

ဖြိုးမှာ သူမလက်လေးကို တင်းတင်းဆုပ်ကိုင်ထားသည့် ဦးအုပ်စိုးလက်ထဲမှ သူမလက်ကို ရုန်းလိုက်သော်လည်း ဦးအုပ်စိုးကတော့ဖြင့် ဖြိုးလက်လေးကို မလွှတ်ပါပေ။

သူ့ကိုယ်သူ ပိုင်ရှင်ရှိကြောင်းပြကာ ရုန်းကန်နေသည့် ဖြိုးလက်လေးကို ပို၍ပင် တင်းတင်းကြီး ဖျစ်ညှစ်ဆုပ်ကိုင်ထားရင်းက–

"ဘာဖြစ်တာလဲကွာ ဘာဖြစ်လို့ ဒီလောက် ရုန်းနေရတာလဲ"

ဘုရားရေ… ။

ကြည့်စမ်းပါဦးတော့ သူကပင်ပြန်၍ မျက်နှာတည်တည်ကြီးနှင့် ဖြိုးကို အလိုမကျသလို ပြောနေသည်မို့ ဖြိုးမှာပို၍ ဒေါသဖြစ်သွားရကာ–





"ရှင်ကပဲ ပြောရသေးတယ်၊ ဖယ်… ကျွန်မလက်ကို လွှတ်ပါ"

"ဘာလဲ မင်းကို လူတွေက အပျိုထင်အောင်လို့လား"

"ဘာရှင့်… "

"ရှင်… ရှင်… "

သူမလက်ကို မလွှတ်တမ်း ပိုင်ပိုင်ဆုပ်ကိုင်ထားရင်းက သူ့ကိုယ်သူ ငါပိုင်ရှင်ဆိုတာသိအောင် ပြနေသည့် ဦးအုပ်စိုးကို ဖြိုးတစ်ယောက် ဒေါသဖြစ်ရလွန်းသဖြင့် ရုတ်တရက် စကားများပင် ပျောက်ကွယ်နေရသည်။

သည်လူနဲ့ လာမိတာကိုက သူမအမှားပါပဲလေ။ တကယ် သူဒီလိုမျိုး သဝန်တိုတတ်တာကို ဖြိုးသည် မသိ၍ မဟုတ် သိပါသည်။ သိရက်နှင့် ဖြိုး သူနှင့်လာမိသည်က ဖြိုးအမှားပင် ဖြစ်လေသည်။

"တော်ပြီ ပြန်မယ်"

"ဟင်… ဈေးမဝယ်တော့ဘူးလား"

"မဝယ်တော့ဘူး အလကားလိုက်လာပြီး လူကို သက်သက် နှောင့်ယှက်တယ်၊ သိပ်မုန်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး… ခင်ဗျားလေး ဘယ်သူ့ကို ပြောနေတာလဲ"

ဖြိုးတစ်ယောက် မကျေနပ်သမှု ပါးစပ်က ပွစိပွစိပြော နေသည်ကို ဦးအုပ်စိုးမှာ ဒေါသတွေနှင့် လှနေရသော ဖြိုးမျက်နှာလှလှလေးကို စိုက်ကြည့်လျက်က မေးလိုက်သည်။

"ဘယ်သူ့ကို ပြောရမှာလဲ ရှင်ကြီးကိုပေါ့"

"အလိုလေးဗျာ… ကျုပ်ကို ဟုတ်လား"

"ဟုတ်တယ်"

"ကဲ… ပြောပါဦးဗျာ၊ ကျုပ်မှာ ဘာအပြစ်များရှိလို့လဲ ဆိုတာ"

"ရှင့်အပြစ် ရှင်မသိဘူးလား"

"ဟင့်အင်း…"

"အို… တော်ပြီ ရှင်နဲ့ စကားဆက်ပြောနေရင် ကျွန်မ အသက်တိုလိမ့်မယ်၊ ပြန်မယ်"

ဖြိုးမှာ တကယ်ပင် ဒေါသတွေ ဖြစ်နေရသည်။ မျက်နှာလှလှလေးမှာ ရဲပလျက် နှုတ်ခမ်းဖူးဖူးလေးကို သွားဖြူ ချွန်လေးဖြင့် ခပ်နာနာဖိကိုက်ကာ ဒ နားမှ ချာခနဲ လှည့်ထွက်





သွားတော့ ဦးအုပ်စိုးသည်လည်း ဖြိုးနောက်မှ လိုက်ပါလာခဲ့ ရသည်။

လှပပြေပြစ်သောဖြိုး၏ နောက်ကျောလှလှလေးကို ကြည့်ပြီး ဦးအုပ်စိုးသည် ဖြိုး သူ့ကို စိတ်ဆိုးနေပြီဆိုတာ သိလိုက်၏။

သိပေမဲ့ ဖြိုးကို ယခုချော့ဖို့ဆိုတာကလည်း မဖြစ်နိုင်ပြန်။

အကြောင်းကား… ။

ရှေ့သွားနောက်လိုက်ညီလွန်းကာ လိုက်ဖက်လွန်းသည့် သူတို့နှစ်ဦးကို အားကျသည့်အကြည့်များဖြင့် ကြည့်နေသည့် မျက်ဝန်းများကြောင့် ဦးအုပ်စိုးသည် ဖြိုးကို ချော့ဖို့အရေး လောလောဆယ် ထိုဆန္ဒများကို ရင်မှာ မျိုသိပ်ထားလိုက်ရလေ သည်။

အပြန်လမ်းမှာတော့ ကားထဲတွင် နှစ်ဦးသား တိတ် ဆိတ်လျက် တစ်ယောက်နှင့်တစ်ယောက် ဘာစကားမှမဆို ရှိနေရလေသည်။

ဖြိုးဘက်ကတော့ မည်သို့နေမည် မသိပါ။ ဦးအုပ်စိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဖြိုးအား စကားပြောချင်၍ သူမမျက်နှာလေးကို ကားမောင်းရင်းက မကြာခဏ လှည့်ကြည့်နေပေမဲ့ ဖြိုးကတော့ သူ၏ အကြည့်များကို နည်းနည်းလေးမှ ဂရုမစိုက်ပါ။

မျက်နှာလှလှလေးကို စူတူင်းတင်းလေးထားရင်းက နှုတ်ခမ်းလေး ဖိကိုက်ကာ ရှိနေသည်မို့ ဦးအုပ်စိုးမှာ သူမအား စကားစရန် အခက်ကြီးခက်နေရတော့သည်။

ရင်မှာ မတင်မကျ ထိုခံစားမှုနှင့်ပင် ဦးအုပ်စိုးမောင်းလာသည့် ကားလေးက အိမ်သို့ပြန်လည်ရောက်ရှိလာခဲ့ရသည်။

ပေါ်တီကိုအောက်တွင် ကားထိုးရပ်လိုက်သည်ဆိုလျှင်ပဲ ဖြိုးသည် သူ့ရှိရာကို တစ်ချက်လေးမှ လှည့်မကြည့် မျက်နှာတည်တည်လေးဖြင့် ကားပေါ်မှ ဆင်းကာ အပေါ်ထပ်သို့ တက်သွားလိုက်လေ၏။

သူမ၏ အပြုအမူများကို ဦးအုပ်စိုးသည် နှုတ်ခမ်းကို တင်းတင်းစေ့ပိတ်ရင်းက မချင့်မရဲကြီး လိုက်နေပေမဲ့ ဖြိုးက ဂရုမစိုက်ပါ။

ရင်ထဲတွင် သူ့အပေါ် ဒေါသတွေ ဖြစ်ရလွန်းသောကြောင့် ကိုယ်ထဲရှိ သွေးကြောများပင် ဆူပွက်မတတ်ဖြစ်နေ





ရသည်။

တော်ပါပြီလေ။

နောင်အခါများဆို ဒီလူနှင့်တတ်နိုင်သရွေ့ ဘယ်မှ မသွားအောင် သူမဘက်က ရှောင်ရမည်ဖြစ်သည်။

အတွေးများဖြင့် မွန်းကျပ်လျက် မကျေမနပ်ဖြစ်နေရသော ဖြိုးမှာ သူ့ရှိရာနောက်ကို တစ်ချက်လေးမှ လှည့်မကြည့်ဘဲ တက်လာခဲ့သည်မှာ သူမအခန်းထဲပင် ရောက်ရှိခဲ့ရသည်။

သို့တိုင်... ။

ဖြိုးနောက်တွင် ဦးအုပ်စိုးပါလာသည်ကို မသိသော ဖြိုးမှာ အခန်းတံခါးပိတ်ရန် ကိုယ်လေးအလှည့်။

"ဟင်... ရှင်... "

"ဖြိုး... "

"ဘာ ဖြိုးလဲ မခေါ်နဲ့ သွား"

ဖြိုးမှာ သူမအား မျက်ဝန်းတည်တည်စူးစူးကြီးများဖြင့် စိုက်ကြည့်နေသော သူမရှေ့မှ ဦးအုပ်စိုးကိုယ်ကြီးကို သူမလက်လေးအစုံနှင့် တွန်းထုတ်ရင်းက မျက်စောင်းလေးဖြင့် ကြည့်ကာဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးတွန်းထုတ်ပေမဲ့ ဦးအုပ်စိုးကိုယ်ကြီးက နေရာမှ မရွေ့ပါပေ။ ၁ ကို တွန်းထုတ်လာသည့် ဖြိုးလက်လေးကို သူ့လက်ချွေးချွေးကြီးနှင့် အသာအယာ ဖမ်းဆုပ်ချုပ်ကိုင်ရင်းက–

"မောင့်ကို ဖြိုးစိတ်ဆိုးနေလား"

"ရှင့်ကိုယ်ရှင် မသိဘူးလား"

"သိတယ် သိလို့ ဖြိုးကို မောင် တောင်းပန်နေတာပေါ့"

"အော်... လူတစ်ယောက်ကို စိတ်ဆိုးဒေါသဖြစ်အောင် လုပ်ပြီးမှ တောင်းပန်တာကို ကျွန်မဘာကျေနပ်ရမှာလဲ"

"ဖြိုးကို မောင်တမင်စိတ်ဆိုးဒေါသဖြစ်အောင် လုပ်တာ မဟုတ်ပါဘူးဗျာ၊ ဖြိုးကို လူတွေဝိုင်းကြည့်နေတော့ မောင်လဲ သဝန်တိုပြီး ဖြိုးဘေးမှာ မောင်ရှိကြောင်း ပြတာပါ"

"အဲဒါကိုက ရှင် ကျွန်မကို စိတ်တိုအောင် လုပ်နေတာ သူတို့ဘာသာသူတို့ မျက်လုံးပါလို့ကြည့်တာ ရှင့်အသား ပဲ့ပါသွားလို့လား"

"အသားပဲ့ပါသွားတာကမှ ခံနိုင်ဦးမယ်၊ ခုဟာက မောင့်နှလုံးသားတွေ ပဲ့ပါသွားတာက သိပ်ချစ်တဲ့ဖြိုးကို





အကြည့်နဲ့တောင်မှ အကြည့်မခံနိုင်ဘူး ဖြိုးကို မောင် အဲ့ဒီလောက် ချစ်တယ်"

"မချစ်နဲ့ ရှင် ချစ်တာကို မလိုချင်ဘူး"

"မလိုချင်လို့ မရဘူး၊ ဖြိုးကို သားတွေမြစ်တွေရတဲ့အထိ မောင်ချစ်သွားမှာ"

ဖြိုးသည် ဦးအုပ်စိုးစကားကို မကြားသလိုမျိုး ပေတူးတူးချစ်ကျကျမျက်နှာလေးနှင့် သူမမျက်နှာလှလှလေးကို တစ်ဖက်သို့ လွှဲထားလိုက်သည်။

ဒါကလည်း သူနှင့်မျက်နှာချင်းဆိုင်ဆုံတိုင်း အမြဲလိုလုပ်နေကျ သူမ၏ အသည်းယားဖွယ်ပုံစံပြဖြစ်သည်။

ချစ်ဇနီးလေးသည် ကလေးဆန်လွန်းသည့် အပြုအမူများဖြင့် သူ့နှလုံးသားကို လှုပ်ခတ်လာအောင်ပြုမူတတ်သူသည်းဖြစ်သည်။

ယခုလည်း သူ့ရင်ထဲမှလာသည့် ချစ်သစ္စာစကားကို ဂရုမစိုက်သလို၊ အလေးမထားသလို မျက်နှာလေးနှင့် အသည်းယားအောင်လုပ်နေပုံက သူ့စိတ်ကို အတော်ပင် ထိန်းချုပ်ထားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံလေးက သူ့ချစ်စကားများကို အသိအမှတ်ပြု ထက် သူ့အနားကပင် ရှောင်ဖယ်ပြေးဖို့သာ အာရုံရောက် နသည်မို့ ဦးအုပ်စိုး ချစ်ဇနီးလေးကို မချင့်မရဲကြီး ကြည့်လိုက် င်း–

“မောင်ပြောတာ ဖြိုးကြားရဲ့လား”

“ဘာလဲ”

“ဟာကွာ... မောင့်စကားကို ဖြိုး နည်းနည်းမှ စိတ် ဝင်စားဘူးလား”

“ရှင့်စကားကရော စိတ်ဝင်စားစရာ ကောင်းလို့လား”

“ဖြိုး... ”

“အို... မသိဘူး၊ ဖယ်... ကျွန်မသွားမယ်”

ပြောပြောဆိုဆို ဖြိုးသည် ဦးအုပ်စိုးက သူမအား ဘာ ကားမှ မပြောရသေးခင် ဖြိုးသည် အခန်းထဲက လှစ်ခနဲ ပြုးထွက်သွားသည်မှာ ရွှေသမင်မလေးအလား ရှိနေရတော့ သည်။

“ဟူး... ဖြိုးရယ် မောင် မင်းကို ဘယ် းလည့်ရမှာလဲ ဗျာ”





သက်ပြင်းမောနှင့်အတူ ဦးအုပ်စိုးသည် ဖြိုးနာမည်လေး အား ခပ်ညည်းညည်းလေး ရေရွတ်လိုက်ရင်းက ရင်မှာ မချင့်မရဲ ဖြစ်နေရတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကုန်ဆုံးလာသောရက်နှင့်အတူ ဖြိုး၏ ကိုယ်ဝန်မှာလည်း တဖြည်းဖြည်း လရင့်လာပြီဖြစ်သည်။

သို့သော်... ။

ဖြိုးကတော့ဖြင့် ကိုယ်ဝန်လရင့်လာရသော်လည်း နေတာထိုင်တာ စားသောက်တာကအစ ယခင်အတိုင်း ပေါ့ပါးလွတ်လပ်ကာ စိတ်မြန်ကိုယ်မြန်ရှိနေရဆဲမို့ ဦးအုပ်စိုးမှာ ဖြိုးကိုကြည့်ကာ ရင်တမမနှင့် စိုးရိမ်စိတ်မချ ဖြစ်နေရသည်။

တကယ်တော့ ဦးအုပ်စိုး ထိုသို့ စိုးရိမ်စိတ်မချဖြစ်မည်ဆိုကလည်း စိတ်မချချင်စရာပင်ဖြစ်သည်။

အကြောင်းမှာ... ။





ဖြိုးသည် ကိုယ်ဝန်လရင့်လာရသည်ဆိုပေမဲ့ သူမနေထိုင်သွားလာ စားသောက်သည်များက ဟိုယခင်ကလိုပင် နည်းနည်းမှ မပြောင်းလဲဘဲ သူမလုပ်ချင်သည့် ကိစ္စမှန်သမျှကို စိတ်ထဲရှိသည့်အတိုင်း စိတ်မြန်ကိုယ်မြန်ရှိနေရဆဲမို့ ဦးအုပ်စိုးမှာ သူမ၏ကိုယ်ဝန်အတွက် ရင်မှာကျိတ်ကာ စိုးရိမ်နေရတော့သည်။

စိုးရိမ်လို့ ချစ်ဇနီးကို ပြောပြန်တော့လည်း ဖြိုးမှာ သူ့စကားကို လက်မခံပါ။

သူပြောမှပင် ဖြိုးသည် သူ့အားပို၍ အရွဲ့တိုက်သည် ထင်သည်။ သူမကြိုက်သည်များကို သူမစိတ်ထဲရှိသည့်အတိုင်း တစ်ခုပြီးတစ်ခု လုပ်ပြနေသည်မို့ ဦးအုပ်စိုးသည် ဖြိုးအား ကြည့်ကာ မချင့်မရဲ စိုးရိမ်စိတ်မချ ဖြစ်ခဲ့ရသည့် အဖြစ်များက မနည်းတော့။

ဖြိုးကြည့်ရတာ သူ့စေတနာကို စေတနာရယ်လို့လည်း အသိအမှတ် ပြုပုံမရပါ။

သူ့အပေါ် ဆိုးနွဲ့ချင်တာ တစ်ခုတည်းနှင့် အရွဲ့တိုက် အနိုင်ယူပြနေပုံက ကလေးတစ်ယောက်သာ ဆိုပါက နာနာ



www.burmeseclassic.com

www.burmeseclassic.com



လေးရိုက်ပြီး ဆုံးမချင်စရာပင်ဖြစ်သည်။

ယခုတော့ သူမလေးသည် သူ့အပေါ် အနိုင်ယူဆိုးနွဲ့လို့ရတိုင်း ဆိုးနွဲ့နေတတ်သည်ကို ဦးအုပ်စိုးသည် စိတ်မှာ အသည်းတယားယားနှင့် ဒီအတိုင်း လက်ပိုက်ကြည့်နေရသည့်အဖြစ်က သူ့အတွက် တကယ့်ကို ခံရခက်ခက်ကြီးဖြစ်သည်။

သူ့အနေဖြင့်ကလည်း ဖြိုးအား သူသည် ဒီ့ထက်ပို၍ မပြောရဲပါပေ။

အဘယ့်ကြောင့်ဆိုသော်... ။

ကလေးဆန်ကာ အရွဲ့တိုက်အနိုင်ယူချင်သော ဖြိုးသည် သူ့အပေါ် အရွဲ့တိုက်အနိုင်ယူချင်တာ တစ်ခုတည်းနှင့် သူမစိတ်ထင်တိုင်း အရွဲ့တိုက်လိုက်မည်ဆိုပါက မမြင်ရသေးသည့် ရင်သွေးလေးအတွက် သူသာ ခံစားရဖွယ် ရှိတော့သည်။

ထိုအဖြစ်မျိုးကိုတော့ ဦးအုပ်စိုးသည် အဖြစ်မခံနိုင်ပါ။

သူ့ရင်မှာ အသက်နှင့်အမျှ မျှော်လင့်တောင့်တနေရသော သူ့အင်မတန် မျှော်လင့်နေပါသည့် ရင်သွေးလေးကို ဦးအုပ်စိုးသည် ဘာအတွက်နှင့်မှ အထိခိုက်မခံဆိုင်ပါ။





ဖြိုးနှင့်ရင်သွေးကလေးက သူ့အတွက်တော့ သူ့ဘဝ၊ သူ့ကမ္ဘာမို့ ဦးအုပ်စိုးသည် ဖြိုးအား သူ့မျက်စိအောက်က နည်းနည်းလေးမှ အပျောက်မခံနိုင်အောင် ရှိနေရသည်။

ဒါကို ချစ်ဇနီးချောသည် သိပုံမရပါ။ သူမကို ထိုသို့ဂရုစိုက်နေတတ်သည့် သူ့ကိုပင် ဖြိုးသည် စိတ်ဆိုးသလိုမျိုး သူမအရိပ်နှင့်အမြဲရှိနေတတ်သည့် သူ့အား မျက်စောင်းလေးတဝင့်ဝင့်နှင့် နှုတ်ခမ်းလေးတစူစူရှိနေတတ်သည်မို့ ဦးအုပ်စိုးမှာ ချစ်ဇနီးချော၏အဖြစ်ကို သူ့ရင်မှာ သဘောကျလို့ မဆုံးနိုင်အောင် ရှိနေရတော့သည်။

ချစ်ဇနီးချော၏ ကလေးဆန်မှုလေးများကို သဘောတကျနှင့် မျက်နှာချောချောကြီးထက်ဝယ် အပြုံးမြမြနှင့် တွေးကာ အလုပ်မှပြန်လာသော ဦးအုပ်စိုးတစ်ယောက် ကားကို ပေါ်တီကိုအောက် ထိုးရပ်လိုက်သည်ဆိုရင်ပဲ သူ့မျက်ဝန်းအကြည့်စူးစူးများက ဖြိုးအရိပ်လေးအား လိုက်ရှာလျက် တိုက်ထဲသို့ ဝင်လာခဲ့လိုက်သည်။

ဖြိုးအား အောက်ထပ် ဧည့်ခန်းထဲတွင် မတွေ့ရ၍ ဦးအုပ်စိုးသည် ချစ်ဇနီးလေးအပေါ်ထပ်တွင် ရှိသည်အထင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ခြေလှမ်းများကို အပေါ်ထပ်သို့တက်ရန် ခြေလှမ်း အပြင်... ။

"မမလေး... မမလေးနဲ့ ဒီအသုပ်တွေနဲ့ တည့်လို့လား အစ်ကိုလေးက အေးသိန်းကို မှာထားတယ်၊ အပူအစပ်ပါတဲ့ အစားတွေကို မမလေးကို မကျွေးရဘူးတဲ့ စားရင်လဲ မစားရအောင် အေးသိန်းတားရမယ်တဲ့၊ ခု ဒီအသုပ်တွေ အရမ်းစပ်တယ် မမရဲ့ မစားပါနဲ့ အစ်ကိုလေးသိရင် အေးသိန်းကို ဆူလိမ့်မယ်"

"အမယ်လေးဟယ်...သူ့အစ်ကိုလေးကို ကြောက်တတ်လိုက်တာလဲလွန်းရော၊ နင်အစ်ကိုလေးကို နင် အဲလောက်ကြောက်ရင် ခုမမစားတာတွေကို နင့်အစ်ကိုလေးကို ပြန်မပြောနဲ့ပေါ့၊ သူမေးရင် မမ အပူအစပ်တွေ မစားပါဘူးလို့ပဲပြော ကြားလား အေးသိန်း"

"ဟုတ်...ဟုတ်ကဲ့ပါ မမလေး၊ ဒါပေမဲ့ မမလေးရယ် ဒီအပူအစပ်တွေက မမလေးနဲ့မှ မတည့်တဲ့ဟာ မစားပါနဲ့လား"





"နင် မသိဘူး အေးသိန်းရယ်၊ ငါ့စိတ်ထဲမှာ ဒါမျိုးတွေပဲ စားချင်နေမိတယ်၊ ပြီးတော့ သူမရှိတဲ့အချိန်ပဲ ဒီလိုမျိုးတွေ ငါကစားရတာ၊ နင့်အစ်ကိုလေးရှိရင် ဒါမျိုးတွေ ပေးစားမှာ မဟုတ်ဘူး၊ ဒါကြောင့် ငါစားချင်တာတော့စား... စား"

"ဟင်..."

ဖြိုးတစ်ယောက် ပြောလက်စ စကားပင် မဆုံးလိုက်ရပါ သူမတို့ရှိနေရာ ထမင်းစားခန်းဝတွင် ပေါ်လာရသော ဦးအုပ်စိုးကို တွေ့လိုက်ရတာကြောင့် သူမ၏ ပြောလက်စ စကားများရပ်သွားရကာ လူကလဲ မျက်လုံးပြူးပြူးလေး အဝိုင်းသားနှင့် ဦးအုပ်စိုးအား ကြည့်မိသွားရလေသည်။

"ကဲ... ဆက်ပြောပါဦး၊ ကျုပ်မရှိတုန်း ခင်ဗျားလေး ဘာတွေစားချင်တာတွေစားနေတာလည်း ဆိုတာ"

"အို..."

မျက်နှာတည်တည်ကြီးနှင့် ပြောလိုက်သည့် ဦးအုပ်စိုးကြောင့် ဖြိုးမျက်နှာလှလှလေးမှာ ပျက်သွားရသည်။

သူမအဖြစ်ကလည်း တစ်ခါခိုး တစ်ခါမိဆိုသလို သူ့ရှေ့တည့်တည့်ပါမှ ခိုးထုပ်ခိုးထည်နှင့် မိနေရသည့်အဖြစ်မို့



www.burmeseclassic.com

www.burmeseclassic.com



ဦးအုပ်စိုးစကားကို ဘာပြန်ပြောရမှန်း မသိအောင် မျက်နှာလေး ပျက်လျက် ရှိနေရသည်။

"ကြည့်စမ်းပါဦး ဒါတွေ ခင်ဗျားလေး စားနေတာ လား"

ငရုတ်သီးဆီရွှဲရွှဲနှင့် စားချင်စဖွယ်သုတ်ထားသည့် သူ့ရှေ့က အသုတ်စုံပန်းကန်ကို ကြည့်ပြီး ဦးအုပ်စိုးသည် မျက်ခုံးကြီး တွန့်ကာ မျက်နှာကြီးမှုန်တည်လျက် ဖြိုးအား စူးစူးရဲရဲလေး ကြည့်ရင်း မေးလိုက်သည်။

ဦးအုပ်စိုးအမေးကို ဖြိုးသည် မဖြေပါ။ နှုတ်ခမ်းအလွှာ အစုံကို တင်းတင်းစေ့ပိတ်လျက်က သူ့အကြည့်များကို ရှောင်လွှဲလျက် လူက ငြိမ်သက်နေလေသည်။

ဒါ သူမအပြစ်လုပ်ထားသည့် ပုံစံပေါ့။ ဦးအုပ်စိုးသည် ဖြိုး၏ မလှုပ်မယှက်ရှိနေရသည့် မျက်နှာလှလှလေးကို အသည်းယားစွာ စိုက်ကြည့်ရင်းက—

"ကျုပ်စကားကို မင်းဘာဖြစ်လို့ နားမထောင်ရတာလဲ ဖြိုး၊ ဒီအပူအစပ်တွေက မင်းနဲ့မတည့်လို့ မင်းအတွက်စိုးရိမ်လို့ ကျုပ်တားနေရတာ၊ ကျုပ်စေတနာကို မင်းနည်းနည်းလောက်





ဖြစ်ဖြစ် နားလည်စမ်းပါဗျာ"

ဦးအုပ်စိုးမှာ သူ့စေတနာကို နားမလည်ရပါ့မလား ဆိုသည့် မချင့်မရဲစကားသံကြီးနှင့် ဆိုလိုက်ရင်း ဖြိုးလက်လေး ဝစ်ဖက်အား ဆုပ်ညှစ်လိုက်တော့—

ဖယ်... လူကိုမထိနဲ့၊ သွား"

စူပုတ်ချိတ်ကောက်နေရသော မျက်နှာလေးနှင့် သူ့အား မျက်စောင်းလေးရွယ်လျက် သူမလက်အားဆုပ်ကိုင်လာသည့် ဦးအုပ်စိုး၏လက်ကို ဖြိုးသည် ပုတ်ထုတ်လိုက်တော့ ဦးအုပ်စိုး မျက်နှာချော့ချော့ကြီးမှာ ပျက်သွားရကာ—

"ဘာဖြစ်လို့ မောင့်အပေါ် အနိုင်ယူခယင်ရတာလဲ ဖြိုး၊ မောင်က ဖြိုးနဲ့မတည့်လို့ပြောတာ၊ ဖြိုးနဲ့ရင်သွေးလေးကို မောင် ဘာအကြောင်းကြောင့်မှ အထိခိုက်မခံနိုင်ဘူး၊ ဖြိုး တို့သားအမိက မောင့်ဘဝ၊ မောင့်ကမ္ဘာ မောင့်စိတ်ကို နား လည်စမ်းပါ ဖြိုးရယ်၊ ဒီစကားတွေ ပြောနေရတာ မောင် ဖြိုးကို သိပ်ချစ်လွန်းလို့ပါ"

ပြောသူက တကယ်ခံစားချက်နှင့် နင့်နင့်သည်းသည်း ပြောနေပေမဲ့ ဖြိုးကတော့ သူ့စကားများကို နားမှာမဝင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဦးအုပ်စိုးအပေါ်မှာ ဒေါသတွေဖြက်နေရတော့သည်။

သူမအဖြစ်က စားခါနီး ထမင်းလုတ်ကို ပုတ်ချခံရသည့် လူတစ်ယောက်လို ရင်မှာ ပူစပ်ပူလောင်နှင့် ခံရခက်ခက် ဒေါသတွေ ကြီးနေရတော့သည်။

မကြီးဘဲနေမည်တဲ့လား။

ကြည့်လေ၊ သူမအဖြစ်က ဘယ်လောက်အသည်းယားဖို့ ကောင်းလိုက်သည်လဲဆိုတာ။

စားချင်လွန်းလို့ သူမရှိသည့်အချိန် စားပါမည်ဆိုကာ ကိုယ်တိုင်ကိုယ်ကျ အသုပ်ကိုလုပ်ထားပြီးခါမှ စားခါနီး သူပြန်ရောက်လာရသည်မို့ သူမစားချင်တာ မစားရသည့် အတွက် ဒေါသတွေ ကျိတ်ပြီးဖြစ်နေရတော့သည်။

"အေးသိန်း"

"ရှင် အစ်ကိုလေး"

"ဒါတွေ သိမ်းလိုက်"

"ဟုတ်ကဲ့"

ထမင်းစားပွဲပေါ်က ဖြိုးစားမည့် အသုပ်စုံပန်းကန်ကို အေးသိန်းအား သိမ်းခိုင်းနေသည့် ဦးအုပ်စိုးကို ဖြိုးသည်





မျက်ဝန်းတည်တည်စူးစူးလေးနှင့် ဖျတ်ခနဲကြည့်ရင်းက–

"အေးသိန်း မသိမ်းနဲ့"

"ရှင်"

ဖြိုးစကားကြောင့် အေးသိန်းမှာ ပန်းကန်ကိုပဲဆက်သိမ်းရမည်လား၊ မသိမ်းဘဲ ဒီအတိုင်းပဲ ထားရမည်လားဆိုတာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားရလေသည်။

"အေးသိန်း ငါပြောသလို သိမ်းလိုက်တော့"

"မသိမ်းနဲ့ အေးသိန်း"

သည်တစ်ခါတော့ ဦးအုပ်စိုး၏ အကြည့်များက ဖြိုးထံသို့ အကြည့်မလွှဲတမ်း စူးစူးစိုက်စိုက်ကြီး ရောက်ရှိသွားသာ–

"မောင့်စကားကို ဖြိုး ဘာဖြစ်လို့ အရွဲ့တိုက်ချင်နေရတာလဲ"

"ကျွန်မ ဘယ်သူ့ကိုမှ အရွဲ့မတိုက်ဘူး"

"အရွဲ့မတိုက်ဘူးဆိုပေမဲ့ ဒီအစားတွေက ဖြိုးနဲ့မှ မသင့်တာ၊ ဒီဟာကလွဲရင် ဖြိုးဘာစားချင်လဲပြော၊ ဖြိုးစားချင်တာ မောင်လိုက်ကျွေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဒီအသုပ်ပဲ စားချင်တယ်"

"ကျွတ်... မဟုတ်သေးပါဘူး ဖြိုးရာ မောင်က ဖြိုးတို့သားအမိအတွက်ပြော"

"အို... တော်ပြီတော်ပြီ တစ်ခါလာလဲ ဒီသားအမိ ဒီသားအမိနဲ့ ကျွန်မလွတ်လပ်ခွင့်ကို ရှင်အမြဲလိုက်ချုပ်ခြယ် တာ ဘာသဘောလဲ"

ဖြိုးမှာ ပြောရင်းက တကယ်ပင် ဒေါသဖြစ်လာရသည် မို့ မျက်နှာလှလှလေးမှာ အနီရောင်သမ်းလာရကာ နီရဲစိုဥ ရသည့် နှုတ်ခမ်းဖူးဖူးလေးနှစ်လွှာမှာလည်း အလိုလိုရှုလာ ရသည်။

"ချုပ်ချယ်တယ်လို့ ဖြိုး မောင့်ကို ဘာကြောင့် ဒီစကား ပြောရတာလဲ၊ အဲလိုပြောမယ့်အစား ဖြိုး မောင့်စေတနာ၊ မော မေတ္တာတွေကို နားလည်အောင် ကြိုးစားပါတော့လား"

"မကြိုးစားဘူး၊ နားလည်း နားမလည်ချင်ဘူး၊ ရှင်ကြ ကို မုန်းတယ်သိလား"

ပြောရင်းက ဖြိုးသည် ဒေါသများပေါက်ကွဲလာရသည် ဟန် မျက်နှာနီနီရဲရဲ လှလှလေးနှင့် ဦးအုပ်စိုးကိုယ်ကြီးအ





တွန်းတိုက်လျက် ခြေလှမ်းလေးဆောင့်ကာ အနားမှထွက်သွား သောအခါ ဦးအုပ်စိုးရင်အစုံဝယ် နာနာကျင်ကျင်ကြီး ဖြစ်သွား ရပြီး–

"ဖြိုး..."

ဖြိုးအားခေါ်ရင်းက သူမနောက်ကနေ လိုက်လာမယ့် ဖြိုးကား ဦးအုပ်စိုးအားလှည့်မကြည့်ပါ။

နှုတ်ခမ်းလေးကို စိကိုက်ရင်းက လွှယ်ထားရသည့် ကိုယ်ဝန်ကြီးကိုမှ အားမနာ ခြေလှမ်းလေးဆောင့်ကာ အပေါ် ထပ်သို့ တက်သွားတော့ ဦးအုပ်စိုးသည် ဖြိုးကို မိုးထက်မိုး သည်းမခံနိုင်တော့သလိုမျိုး နာကျင်ရသော စေနာဖြင့် နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပိတ်လိုက်ရင်းက–

"ဖြိုး မောင်ခေါ်နေတယ်လေ"

ဖြိုးသည် ကြားပါသည်။

သို့သော်... ။

သူနှင့် မျက်နှာချင်းမဆိုင်ချင်သောကြောင့် ဖြိုး လှည့်မကြည့်ပါပဲ ထိုပုံစံအတိုင်းပင် အပေါ်ထပ်သို့ ဆက်လက် တက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုး ခြေတစ်လှမ်းလှမ်းလိုက်တိုင်းမှာ နာကျင်သွားရသ ရှိမျိုး ခံစားနေရသူက ဦးအုပ်စိုးဖြစ်သည်။

သည်မိန်းမ ကိုယ့်ကိုယ်ကိုယ် ကိုယ်ဝန်အရင့်အမာနှင့် ကိုယ်ဝန်သည် တစ်ယောက်ဆိုတာရော သတိရရဲ့လား မသိပါ။

သူ့မှာသာ သူမကိုကြည့်ရင်း ရင်သွေးလေးအတွက် သူမအတွက် စိုးရိမ်စိတ်များဖြင့် လူကခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာရတာ—

"ဖြိုး လမ်းကို ဘယ်လိုလျှောက်နေတာလဲ၊ ဖြည်းဖြည်း လျှောက်လေကွာ၊"

"အို... ကျွန်မဘာသာကျွန်မ ဘယ်လိုလျှောက်လျှောက် ရှင့်အလုပ်လား"

"မောင့်အလုပ်ပဲ ဖြိုး၊ ဒီလိုသာလုပ်နေရင် ရင်သွေးလေး ထိခိုက်သိမ့်မယ်၊ ဖြိုးဗိုက်ကိုလဲ ဖြိုးသတိထားဦးမှပေါ့"

ဦးအုပ်စိုးစကားကြောင့် ဖြိုးမှာ မျက်နှာလေး ရဲခနဲ ဖြစ်သွားရပြီး—

"အဲဒါ ရှင့်အပူ မဟုတ်ဘူး၊ ကျွန်မကိုယ်ကျွန်မ





သိတယ်"

"သိတယ်ဆိုလဲ လမ်းကို ကောင်းကောင်းလျှောက် ပါလားကွာ၊ မတော် ဖြိုးဗိုက်ထဲက မောင်တို့ရင်သွေးလေး တစ်ခုခုဖြစ်သွားမှဖြင့်"

"ရှင်... ရှင်သိပ်စကားများတဲ့ လူပါလား၊ လျှောက် တယ်ရှင့် ကျွန်မကြိုက်သလိုလျှောက်မယ်၊ ဘာဖြစ်လဲ ကဲ... ကဲ..."

"ဖြိုး..."

ဖြိုးမှာ သူ့ကိုပြောရပါမလားဆိုကာ ဦးအုပ်စိုးအပေါ် ဒေါသများနှင့် အရွဲ့တိုက်ချင်လာရသည်မို့ လှမ်းလက်စ သူမခြေလှမ်းလေးကို ပို၍ပင် ခပ်ဆောင့်ဆောင့်လေး ပစ် လျှောက်လိုက်တော့ ဦးအုပ်စိုးသည် ခေါင်းမာကာ အရွဲ့ တိုက်ချင်လွန်းသည့် ဖြိုးအပေါ် စိုးရိမ်မှုနှင့်ဒေါသများဖြစ် သွားကာ—

"ကဲ... ဒီလောက်တောင် ခေါင်းမာတဲ့မိန်းမ လာစမ်း ကွာ"

"အို..."



www.burmeseclassic.com

www.burmeseclassic.com



"အမေ့… "

"ဟင်… ရှင်ဘာလုပ်တာလဲလွှတ်… လွှတ်"

ကလေးတစ်ယောက်လို ဖြူးကိုယ်လေးမှာ ဦးအုပ်စိုး၏

ရင်ခွင်ထဲ ဇွတ်ဆွဲပါသွားရတော့ ဖြူးမှာ မျက်ဝန်းလေး

အဖြူးသားနှင့် ထိတ်လန့်သွားပြီး ရှက်မျက်နှာရဲရဲလေးနှ

သူ့ရင်ခွင်ထဲက ရုန်းထွက်လိုက်လေသည်။ သို့တိုင်… ။

ဖြူးကိုယ်လေးက ဦးအုပ်စိုး၏ မြဲမြံလှန်းသည့် လက်အ

၏ ထွေးပက်ထားမှုကြားက မလွှတ်ပါပေ။

"ရှင်… ရှင် ဘာလုပ်တာလဲ လွှတ်… လွှတ် အခု ကျွန်

ကို အောက်ချပေး"

"မလွှတ်ဘူး၊ မင်းလေးက ကောင်းကောင်းပြောလို့

မရတဲ့မိန်းမ မဟုတ်တော့ ဒီလို လုပ်ရမှာပဲ"

"ဟင်… ကြည့်စမ်း ရှင်ကပဲ ဒီစကားပြောရသေးတယ်

လို့ ကျွန်မကို ဒေါသဖြစ်အောင် ရှင်လုပ်နေတာ မဟုတ်လား"

"အဟွန်း… ဒေါပါတော့မှာ မောင့်အပြစ်လို့ပဲ၊ ဒါပေ

မင်းလေး မောင့်ရင်ခွင်ထဲက ထိပ်မရုန်းနဲ့ဗျ ကျုပ်

စင်များတို့သားအမိကို နှစ်ယောက်စလုံးထားရတာ"



အဖြူးလွှန်းလွှန်းနှင့် ဖြူးမျက်နှာလေးကို စူးစိုက်ကြည့်

ရင်းက ပြောလိုက်သည့် ဦးအုပ်စိုးစကားကြောင့် ဖြူးမျက်နှာ

လေး ရဲပတောင်းတော်သွားရကာ–

"ရှင့်ကို ဘယ်သူက ချီနိုင်းနေလို့လဲ လွှတ်၊ ရှင်ကြီး

ကျွန်မအသားကို မထိနဲ့၊ ရှင့်မျက်နှာကို မကြည့်ချင်ဘူး"

"အဟွန်း…, မကြည့်ချင်လို့ မရဘူး၊ မောင်ကဖြူးတို့

သားအမိနှားမှာ အမြဲမခွဲအတူရှိနေမယ့်လူ"

"ရှင် ရှင် လွှတ်"

"မလွှတ်ဘူး မောင့်နောက်ကို ဒီအတိုင်းပဲ အေးအေး

ဆေးဆေးလိုက်ခဲ့၊ မဟုတ်ရင် ဖြူးကမောင့်ကို အသည်းမှာ

အောင် လုပ်နေဦးမှာ"

"ရှင်နော် ဘာပြောတာလဲ"

"ဘာမှ မဟုတ်ဘူး၊ ဘာမှ မဟုတ်ဘူး"

"ဘာမှမဟုတ်ရင် လွှတ်"

"အေးဗျ ဒါတော့မဖြစ်ဘူး၊ ဖြူးကကိုယ်ဝန်ကြီးနဲ့

မောင့်ရင်သွေးလေးလွယ်ထားရတာ၊ လမ်းကို အဲလို အကြမ်း

မြန်မြန်ကြီး လျှောက်လို့မရဘူး၊ ဒီတော့ မောင်ပွေ့တဲ့အတိုင်း

www.burmeseclassic.com



သော ဒီအတိုင်း ငြိမ်ငြိမ်လေးလိုက်ခဲ့ ဟုတ်လား"

"အို... ဘာတွေလဲမသိဘူး ရှင် ကျွန်မကို လွှတ်မလား မလွှတ်ဘူးလား ဒါပဲပြော"

"မလွှတ်ဘူး"

"ဟဲ... အဲ့ဒါ မလွှတ်ဦး"

"ဗုန်း..."

"ဗုန်း..."

ဖြိုးတစ်ယောက် ပြောရင်းက ဒေါသများဖြစ်လွန်းမော ဖြစ်လာရသည်မို့ နှုတ်ခမ်းလေးကို ဖိကိုက်ရင်းက ဦးအုပ်စိုး ရင်ခွင်ထဲမှနေ သူ့မလက်လေးအစုံနှင့် ဦးအုပ်စိုးရင်ဘတ်ကြီးကို ထုရိုက်ကုတ်ဆွဲနေလိုက်သည်။

ဦးအုပ်စိုးမှာ ဖြိုးလုပ်သမျှကို ဘာစကားမှာမဆိုပဲ ဒေါသမျက်နှာလှလှလေးနှင့် သူ့ရင်ခွင်ထဲတွင် သိပ်လှနေသော ကိုယ်ဝန်သည် ချစ်ဇနီးချောကိုသာ မျက်ဝန်းအညှိုအစုံနှင့် စိုက်ကြည့်ရင်းက–

"တော်ပါတော့ ဖြိုးရယ်၊ မောင့်ကို ရိုက်ရလွန်းလို့ ဖြိုးလက်လေးတွေ နာသွားပါဦးမယ်"





"နာနာ ရှင်ကြီးကို ဟောဒီလို အဆောက်ကိုသတ်ပစ်မယ် သိလား၊ ဘုတ်... ဘုတ်"

ပြောလည်းပြော လက်သီးဆုပ်လေးများဖြင့်လည်း သူ့ထံအဆက်မပြတ် ကျရောက်လာသောအခါ ဦးအုပ်စိုးခမြည် ဝန်းဝန်းစိုစိုနှင့် လှပနုဖပ်နေသော ဖြိုးကို စိတ်မသက်သာဟန် တစ်ချက်ကြည့်လိုက်ပြီး–

"ဖြိုး ဒီလောက် ဒေါသကြီးနေရင် မောင်တို့ရင်သွေး"

"ဘာ မောင်တို့ ရင်သွေးလဲ"

ဦးအုပ်စိုးပြောလက်စ စကားပင် မဆုံးလိုက်သေး ဖြိုးသည် တင်းမာနေသော ဒေါသမျက်နှာလေးနှင့် သူ့စကားကို ကြားဖြတ်ပြောလိုက်တော့ ဦးအုပ်စိုးသည် မျက်ခုံးကိုရောင် ရောင်တွန့်လျက် နှုတ်ခမ်းကိုစေ့လိုက်တာ ဖြိုးအား အသည်းယားဖွယ် ကြည့်လိုက်ပြီး–

"ဟောဗျာ... ဖြိုးဗိုက်ထဲက ရင်သွေးက မောင့်ရင်သွေး မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဟင်... ဒါဖြင့် ဒီရင်သွေးလေးက"



www.burmeseclassic.com

www.burmeseclassic.com



"ဆို… ကျွန်မလွယ်ထားရမှတော့ ကျွန်မရင်ခွေ့ပဲပေါ့"

"အဟွန်း… ဟွန်း… ဟွန်း"

သူ့အားလည်း မကြည့် မျက်နှာရဲရဲလေးနှင့် ပြောလိုက်သည့် ဖြိုးစကားကို ဦးအုပ်စိုးသည် ဘယ်လောက်ထိ သဘောကျနှစ်မြို့က်သွားရသည်မသိ၊ ဖြိုးကိုယ်လေးကို ပွေ့ချီထားဆဲက သွားဖွယ်ချွန်ချွန်လေးများ ပေါ်အောင် နှစ်နှစ်မြို့က်မြို့က်ကြီး ရယ်မောနေတာမို့ ဖြိုးသည် သူ့အရယ်မျက်နှာချောချောကြီးကို မမြင်မှုသွေ့လို့ ငေးငေးကြည့်မိသွားရသည်။

ထိုအခါ။

တိုက်တိုက်ဆိုင်ဆိုင်လို့ ပြောရမည်။ ရယ်မောရင်းက ဖြိုးမျက်နှာလေးအား ကြည့်လာသော ဦးအုပ်စိုး၏ မျက်ဝန်းညို့အစုနှင့် ဖြိုးအကြည့်လေးများမှာ အမှတ်မထင်ဆုံသွားရလေသည်။

"အို…"

ဦးအုပ်စိုး၏ အကြည့်စူးစူးကြီးများနှင့်ဆုံလိုက်ရသောကြောင့် ဖြိုးမျက်နှာ လှလှတည်တည်တင်းတင်းလေးမှာ ပန်းသွေးရောင် တောက်သွားရကာ သူ့အကြည့်များကို ချက်ချင်းပင် လွှဲလိုက်ရလေသည်။



"အဟွန်း… ဟွန်း…"

ရှက်သွေးဖိုသွားရသည့် ချစ်ဇနီးချော၏ အဖြစ်ကို ဦးအုပ်စိုးမှာ ရင်မှာချစ်မြတ်နိုးမှုများနှင့် အသည်းယားသွားရပါသည်မို့ နုတ်ခမ်းအစုံကို တင်းတင်းစေ့လျက် ရင်မှာကျိတ်ပြုံးမိသွားရသည်။

ထို့အတူ… ။

နှစ်ဦးစလုံး၏ ရင်ခုန်သံများမှာလည်း၊ ရှက်ခြည်းမှာတော့ အဆီးအတားမရှိသည့်နှယ် မြန်ဆန်သွားရသည်။

ထိုပုံစံအတိုင်းပင် ဖြိုးသည် ဦးအုပ်စိုးခေါ်ဆောင်ရာ အခန်းထဲဆီသို့ ရောက်ရှိလာခဲ့ရသည်။

အခန်းထဲသို့ရောက်ပါမှ ဦးအုပ်စိုးသည် သူ့ရင်ခွင်ထဲက ဖြိုးကိုယ်လေးကို ပြေလွှတ်ပေးလိုက်သည်။

"ဖြိုး…"

ရင်ခုန်သံများ၊ မြန်ဆန်နေရမှုကြောင့် သူ့အသံမှာ မသိမသာ အဖျားခတ်တုန်ယင်သွားရသည်။

"ရှင်… ရှင်… သွားတော့"

www.burmeseclassic.com



ကျောပေးလျက် အနေအထားနှင့်ပင် သူ့ကို အခန်းထဲမှ နှင်ထုတ်နေပါသည့် ဖြိုး၏အသံလေးမှာလည်း ဦးအုပ်စိုးနည်းတူ တုန်ယင်နေရသည်။

အပျိုစင်လေးတစ်ယောက်လို သူ့ကိုရှက်နေဆဲဖြစ်သည့် ချစ်ဇနီးချောကို ဦးအုပ်စိုးသည် အံ့သြ၊ တအားယားနှင့် ကြည့်ရင်းက သူ့ရင်သည်လည်း လူပျိုပေါက်လေး တစ်ယောက်လို လှိုက်ခုန်လာရသည်။

ဒါကလည်း ဖြိုးနှင့်ဆုံတိုင်း သူမလေး၏ မချင့်မရဲ အသည်းယားဖွယ် အပြုအမူလေးများကြောင့် ဖြစ်ပေါ်လာရသည့် ရင်ခုန်သံခံစားမှုများပင်ဖြစ်လေသည်။

သည်ခံစားမှုမျိုးကို ချစ်ဇနီးချောလေးက တော့ သိမည် မဟုတ်ပါ။

သူ့မှာသာ ချစ်ဇနီးချောလေးကို ရင်မှာ အတိုင်းမသိ ချစ်ခဲ့ရသည့်အဖြစ်။

ဖြိုးရယ်... ။

ချစ်ဇနီးအမည်လေးကိုသာ ဦးအုပ်စိုးသည် စိတ်မှ မချင့်မရဲခေါ်သည်းလိုက်မိသည်။





ထိုစဉ်... ။

"ဒီမှာ ဟိုလူ ကျွန်မပြောနေတာ ရှင်မကြားဘူးလား ရှင့်ကို ထွက်သွားလို့ ပြောနေတယ်"

"ဖြိုး မောင့်ကို စိတ်ဆိုးနေလား"

ဖြိုး သူ့ကိုနှင်နေပေမဲ့ ဦးအုပ်စိုးမှာ ဖြိုးစကားကို ဂရုမစိုက်ပါ။ ရီဝေရူးရှူးသော မျက်ဝန်းများနှင့် ဖြိုးကို ကြည့်လျက်က သူပြောချင်သည့်စကားကို ပြောကာ ဖြိုးအနီးသို့ တိုး လာတော့–

"ရှင်နော် ပြောနေတာ မကြားဘူးလား၊ ကျွန်မအနား မလာနဲ့ ရှင့်ကို စိတ်ဆိုးရုံတင်မကဘူး၊ လူကို အနိုင်ယူချင်တဲ့ ရှင့်ကို မုန်းတယ်၊ မုန်းတယ်၊ သိပ်မုန်းတယ် အဟင့်... ဟင့်... ဟင့်"

ဖြစ်ချင်တာကို ဖြစ်ရမှ ကျေနပ်တတ်သောဖြိုးသည် ဦးအုပ်စိုးနှင့်ဆုံရတိုင်းမှာ သူ့အပေါ်အနိုင်မရသည့်အပြင် အရှုံးပါပေးနေရသည်မို့ မခံချင်စိတ်၊ ဝမ်းနည်းစိတ်ဆိုးနှံသောစိတ်များနှင့် ပါးပြင်နုနုပေါ် မျက်ရည်စများ ကျလာရ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ ဖြိုးရယ် ဘာလို့ ငိုရတာလဲဗျာ မငိုပါနဲ့ဖြိုး ရယ်၊ ကိုယ်ဝန်ကြီးနဲ့ မငိုရဘူး၊ ဖြိုးစိတ်ချမ်းသာအောင် မောင်ဘာလုပ်ပေးရမလဲ တိတ်ပါဗျာ၊ မငိုနဲ့နော်"

"ငိုမယ် ငိုမယ် ကျွန်မမျက်ရည်နဲ့ကျွန်မငိုတာ ရှင် ပြောစရာမလိုဘူး၊ ကျွန်မ စိတ်ချမ်းသာစေချင်ရင် ရှင်အခု ကျွန်မအခန်းထဲက ထွက်သွား အဟင့်... ဟင့်"

မျက်ဝန်းအိမ်တွင် ပြည့်လျှံနေရသော မျက်ရည်စများဖြင့် ရူးရူးရဲရဲလေးကြည့်ကာ သူ့အားရန်တွေ့နေသော ကိုယ်ဝန် သည် ချစ်ဇနီးချောလေး၏ စကားကြောင့် ဦးအုပ်စိုး၏ရင်မှာ နင့်သွားရသည်။

တဆက်တည်း ဖြိုးသည် သူ့ကို မုန်းနေဆဲပါလား ဆိုသောအသိက ဦးအုပ်စိုးနှလုံးသားများကို မခံမရပ်နိုင်အောင် နာကျင်ထိခိုက်ကြေကွဲသွားရသည်။

"ဖြိုး မောင့်ကို မကြည့်ချင်လောက်အောင် တကယ်ပဲ မုန်းနေတာလားဗျာ"

"မုန်းတယ် မုန်းတယ် သိပ်မုန်းတယ် သွား သွား ရှင်သွားပါတော့ အဟင့်... ဟင့်... ဟင့်... ဟင့်"



ဖိုးဖိုးပေါက်ပေါက်ကျဆင်းလာသည့် မျက်ရည်စများနှင့် သူ့အားအခန်းထဲမှ နာကျင်ခံစက်သက်မနှင့် စိတ်မှာ ထိခိုက် သွားရကာ။

"ကောင်းပါပြီ ဖြိုး ဖြိုးမောင့်ကို မတွေ့ချင် မမြင်ချင် မှတော့ မောင်မျက်နှာကို ဖြိုး မမြင်မတွေ့စေရပါဘူး၊ မောင်သွားပါ့မယ် ဖြိုး၊ စိတ်ချမ်းချမ်းသာသာနဲ့ နေခဲ့ပါဗျာ"

စိတ်ထိခိုက်မှုများကြောင့် ဦးအုပ်စိုးမျက်နှာချောချောကြီး မှာ အုံ့မှိုင်းသွားရကာ ဖြိုးမျက်နှာလေးအား မျက်ဝန်းညှိုကြီး အစုံနှင့် စိုက်စနေကြည့်ရင်းက အခန်းထဲမှနေ သူသည် လှည့် ထွက်လာခဲ့လိုက်သည်။

ဦးအုပ်စိုးတစ်ယောက် လူက အခန်းထဲက ထွက်ခဲ့ရ သော်လည်း သူ၏စိတ်အစဉ်ကတော့ ဖြိုးအနားတွင်သာ တစ်ရစ်ဝဲဝဲ ကျန်ရစ်ခဲ့ရသည်ကိုတော့ သူ့ကိုယ်သူ အသိဆုံး သာဖြစ်ပါသည်။

"ဖြိုးရယ် မင်းလေး မောင့်ကို ဘယ်နေ့နားလည်ပါမှာ လဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးကြောင့် ထိခိုက်ခံစားနေရသမျှ ဦးအုပ်စိုးသည် အံကိုတင်းတင်းစေ့ကြိတ်ရင်းက ချစ်ဇနီးနှင့်ပတ်သက်သမျှ ရင်ဝယ်တစ်ယောက်တည်း ထိထိခိုက်ခိုက်ကြီး ဆိုနေလိုက်တော့သည်။

* * *



## အခန်း (၉)

အပျက် အပျက်နှင့် နှာခေါင်းသွေးထွက်ဆိုသလို ဖြိုးနှင့်သူ့ကြားတွင် ဘာမဟုတ်သည့်ကိစ္စလေးနှင့် ပြဿနာဖြစ်ပြီးကတည်းက ဖြိုးသည် သူ့အား စကားလည်း ကောင်းကောင်း မပြောပါလေတော့။ ထိုအခါ မျက်နှာလှလှလေးမှာလည်း ထားဝစဉ်တင်းမာစွာ ရှိနေတတ်တာကြောင့် ဖြိုးကိုကြည့်ပြီး စိတ်မှာမချင့်မရဲဖြစ်နေရသူက ဦးအုပ်စိုးရယ်ပင်ဖြစ်သည်။

မှန်သည်။

ဦးအုပ်စိုးမှာ ဖြိုးကြောင့် စိတ်မှာတနုံ့နုံ့တနွေးနွေးကြီး ဖြစ်နေရသည်။

ကြည့်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးလုပ်နေပုံက သူ့အတွက် ဘယ်လောက်ပင် အသည်းယားဖို့ ကောင်းလိုက်သည်လဲဆိုတာ။

ဖြိုးသည် သူ့ကို သူမနားသို့ လုံးဝအကပ်မခံတော့ဘဲ သူမတစ်ယောက်တည်း အခန်းခွဲအိပ်နေသည်မှာ ရက်လေးများပင် ကြာခဲ့ပြီဖြစ်သည်။

သူ့မှာတော့ သူမကို ကိုယ်ဝန်ကြီးနှင့်မို့ စိတ်မရှ ဖြစ်ရကာ စားစားသွားသွား သူမနှင့်ရင်သွေးလေး အတွက် စိတ်ပူနေရပေမဲ့ ချစ်သူကတော့ဖြင့် သူ့ကို ရှိသည်မထင်ပါ။

သူမအနား သူလာရင်ကိုပင် မကြိုက်သလို မျက်စောင်းလေးတခဲခဲ နှုတ်ခမ်းလေးတရွရွနှင့်ရှောင်ထွက်သွားတတ်သည်မို့ ဦးအုပ်စိုးရင်မောခဲ့ရသည့်အဖြစ်များက မနည်းပါတော့။

ထို့အတူ။

သူ့အပေါ် ခင်ပွန်းသည်တစ်ယောက်ရယ်လို့ အသိအမှတ်မပြု စိမ်းကားနိုင်လွန်းသည့် ချစ်ဇနီးသည်ကိုလည်း ဦးအုပ်စိုးနားမလည်နိုင်တော့ပါ။



ဖြိုးသည် ဘာကြောင့်များ သူ့အပေါ် ထိုသို့အကြောင်းမဲ့ ရက်စက်စိမ်းကားနေရသည့်လည်းဆိုတာ သူစဉ်းစားလို့လည်း မရ။

သူမနှင့်တွေ့မှ အချစ်ဆိုတာကို သိနားလည်လာရသော ဦးအုပ်စိုးသည် ကိုယ်တိုင်က သူမလေးအပေါ် အချစ်စစ်အချစ်မှန်ဖြင့် နင့်သည်းစွာ ကျစ်မိခဲ့ရပြီမို့ ချစ်သူ၏ အမုန်းကိုဖြင့် မခံယူလိုသူ ဖြစ်လေသည်။

ထို့ကြောင့်လည်း ဦးအုပ်စိုးသည် ဖြိုးနှင့်နှစ်ဦးသား အတတ်နိုင်ဆုံး နားလည်မှုရအောင် သူ့ဘက်က အစွမ်းကုန် ကြိုးစားနေခြင်းဖြစ်သည်။

သို့သော်... ။

သူ့ဘက်က ဘယ်လို ဘယ်လောက်ကြိုးပဲ ကြိုးစားနေပါစေ ဖြိုးဆိုသည့် သူမလေးကတော့ သူ့အချစ်သူ့မေတ္တာများကို နားလည်အောင် ကြိုးစားလိမ့်မည်မဟုတ်ပါ။

မကြာခင် သားသားမီးမီးတို့၏ မိခင်တစ်ယောက်ဖြစ်တော့မည့် အိမ်ထောင်သည်တစ်ယောက်ဆိုပေမဲ့ သူမ၏ အပြုအမူ အပြောအဆို အတွေးအခေါ်များက ယခုထက်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ကလေးဆန်လျက် သူ့အပေါ် အနိုင်ယူဆိုးနေချင်မှန်း ဦးအုပ်စိုးသိပါသည်။

သိ၍လည်း ဦးအုပ်စိုးသည် ဖြိုး၏ ကလေးဆန်မှုများကို အပြစ်မယူရက်ဘဲ ထိုအပြုအမူလေးများကို မြတ်နိုးစိတ်နှင့် အချစ်တိုးကာနေရသူလည်း ဖြစ်သည်။

ဖြိုးကိုယ်ဝန်သည် မွေးဖွားရန် ရက်ဘယ်လောက်မှ မလိုတော့ပေ။ နေ့ညအချိန်အခါမရွေး မွေးဖွားနိုင်သည့် အခြေအနေရောက်နေရသည်မို့ ဦးအုပ်စိုးသည် အလုပ်ချိန်မှလွဲ၍ အိမ်ကို အမြန်ပြန်လာကာ ကလေးဆန်လွန်းတဲ့ မိခင်လောင်းချစ်ဇနီးလေးကို စိုးရိမ်စိတ်မချမှုများဖြင့် သူမအနား အချိန်ပြည့်ရှိနေတတ်သူလည်း ဖြစ်သည်။

သူမအနား သူ ထိုသို့ရှိနေတတ်သည်ကို ဖြိုးသည် မကြိုက်မှန်း သူမမျက်နှာလုလုလေးကို ကြည့်တာနှင့် သိပေမဲ့ ဦးအုပ်စိုးသည် မသိဟန်ဆောင်လျက် ချစ်သူ့အနား အရိပ်အဖြစ် ရှိနေတတ်သူလည်းဖြစ်သည်။

သူမလေးအား အချိန်နှင့်အမျှ နေထိုင်စားသောက်သွားလာမှုများကို သတိပေးနေတတ်သော သူ့ကို ဖြိုးသည်





မကြည်ဖြူပါ။

သို့ပေမဲ့... ။

ဦးအုပ်စိုးသည် ဂရုမစိုက်နားလည်မှုလွဲနေသည့် ချစ်သူလေး သူ့အပေါ်ရှိပါစေတော့ဆိုသည့် စိတ်အတွေးနှင့် ချစ်သူအား ခွင့်လွှတ်လိုက်လျော အရှုံးပေးထားသည်။

သူ့ဘက်က ထိုသို့အရှုံးပေးလေလေ ဖြိုးသည်သူ့အပေါ် အနိုင်ပို၍ ယူတတ်သူဖြစ်သည်။

ယခုလည်းကြည့်။

ညည့်နက်သန်းခေါင် ကိုယ်လေးလက်ဝန်ကြီးကိုမှ အားမနာ ယခုထက်တိုင် မအိပ်သေးဘဲ သိုးမွေးထိုးနေသောဖြိုးကို ကြည့်ကာ ဦးအုပ်စိုးမျက်ခုံးထူထူကြီးနှစ်ဖက်မှာ တွန့်ကြုံ့သွားရလေသည်။

ကြည့်စမ်း။

ဒီမိန်းမတော့။

တော်တော်လည်း အပြောရခက် ခေါင်းမာလွန်းသည်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာလည်း မပေါ့မပါးနှင့်ပြီးတော့ ဒီအချိန်ဆိုတာက ကိုယ့်ကိုယ်ကို သက်သောင့်သက်သာနှင့် နားနားနေနေ အနားယူရမည့်အချိန် မွေးဖွားရန်ရက်ကလည်း ဘယ်လောက်မှ လိုတော့သည်မဟုတ်။

ပြီးတော့ သူမဗိုက်။

ဦးအုပ်စိုး၏ အကြည့်များက ဧည့်ခန်းအလယ်တွင် သိုးမွှေးထိုင်ထိုးနေသည့် ဖြိုး၏ ဗိုက်ထံသို့ အကြည့်များ ခပ်ကြာကြာလေး ရောက်ရှိသွားရသည်။

သူမဗိုက်က အပျိုဗိုက်သာဆိုသည် ဗိုက်က ဝိုင်းဝိုင်းဝန်းဝန်းနှင့် တခြားကိုယ်ဝန်သည်များထက်ပို၍ ကြီးထွားနေသည်မို့ ဦးအုပ်စိုးတစ်ယောက် ချစ်ဇနီးကို ကြည့်ကာစိတ်မစိုးရိမ်စိတ်မချ ဖြစ်နေရသည်။

စိတ်မချ၍ ဆရာဝန်သွားပြခြည်ဆိုတော့လည်း ဖြိုးသည် သူ့စကားကို လက်မခံပြန်။

ဆေးခန်း ဆေးရုံဆို အသံကြားတာနှင့် သေမလော ကြောက်တတ်သည့် ဖြိုးအကျင့်ကို ဦးအုပ်စိုးလည်း ယခု သိပါသည်။





သိပေမဲ့ ဦးအုပ်စိုးသည် ဖြိုးအား ဘယ်လိုမှ ဖျောင်းဖျပြော၍မရပါ။

ကျန်းမာပါသည်။ နေကောင်းပါသည် သူမဘာမှ မဖြစ်ပါဆိုသည့် အကြောင်းပြချက်အမျိုးမျိုးနှင့် သူ့စကားကို ကြဲဖန်ငြင်းပယ်တတ်သူလည်းဖြစ်သည်။

သူမနှင့်ပြနေသည့် ဒေါက်တာမြမြအေးကတော့ တခြားကိုယ်ဝန်သည်များထက်ပို၍ ဖောင်းကားနေသော သူမကိုယ်ဝန် ဝန်းဝန်းဝိုင်းဝိုင်းကြီးကို ကြည့်ကာ အမြွှာဖြစ်နိုင်သည်ဟု ပြောသည်မို့ ဦးအုပ်စိုးမှာ သူမအတွက်ပို၍ စိတ်မချဖြစ်နေရခြင်းဖြစ်သည်။

တကယ်ဆို ခေတ်မီစမ်းသပ်မှုများဖြင့် သူမကိုယ်ဝန်ကို အမြွှာဟုတ်မဟုတ် သွားရောက်ကာ စမ်းသပ်စေချင်ပေမဲ့ ဖြိုးသည် သူ့စကားကို အင်း အဲမလုပ် သူလုပ်စေချင်သည့်ကိစ္စ ဖြစ်စေချင်သည့်ကိစ္စဆို သူမသည် တမင်အရွဲ့တိုက်ကာ လုပ်တတ်သည်မို့ ယခုကိစ္စတွင်လည်း သူဘယ်လောက်ပြောပြော ဖြိုးသည် ယခုကိစ္စတွင်လည်း သူ့စကားကို လက်မခံဘဲ သူမ၏ထုံးစံအတိုင်း နေခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးအုပ်စိုးသည် သူ့အပေါ်တခင် ဂျစ်ကျနေသည့် ချစ်ဇနီးကို ဘာမှမပြောတော့ဘဲ သူမသဘောအတိုင်း အရှုံးပေးထားခဲ့လေသည်။

သို့သော်... ။

ထိုအရှုံးပေးထားမှုက ဒီတစ်ခေါက်တော့ဖြင့် မရတော့ပါ။ သူမကြည့်ကာ သူ့အနေနှင့် အရှုံးပေးရန်လည်း စိတ်ကူးမရှိတော့။

အဘယ်ကြောင့်ဆိုသော်။

ဖြိုးလုပ်နေပုံသည် သူ့နှလုံးသားနုနုကို အပ်ဖျားနှင့် ထိုးဆွနေသလို နာကျင်မှုတို့ဖြင့် ပူလောင်စိုးရိမ် စိတ်မချဖြစ်စေရသည်။

နေ့လား ညလား မွေးဖွားတော့မည့် ကိုယ်ဝန်သည်အညည့်နက်သန်းခေါင် ယခုအချိန်တိုင် မအိပ်သေးဘဲအညောင်းထိုင်နေပုံကတော့ စိတ်ရှိတိုင်း တုတ်နှင့်ရိုက်ပစ်ဖို့သာ ကောင်းတော့သည်။

ပြောပြန်ရင်လည်း သူ့စကားကို စေတနာရယ်လို့ နားလည်လိမ့်မည်မဟုတ်။





ပြောလိုက်တာနှင့်ရန်စွယ်နှင့် သူ့ကို မျက်ဝန်းစူးစူးတောက်တောက်လေးနှင့် ရန်စွာမှာကို သူသိနေပေမဲ့ မပြောဘဲနေပြန်လို့ကလည်း မဖြစ်ပြန်။

"အင်း... သိပ်ခက်တာပဲ"

ဦးအုပ်စိုးမှာ ဖြိုးကိုကြည့်ကာ ဆိုနေပေမဲ့ ဖြိုးကတော့ ဦးအုပ်စိုးကို မမြင်ပါပေ။ သိုးမွေးထိုးတံလေးနှင့်သာ ထိုးလက်စကလေးဦးထုပ်လေးကို စိတ်ပါဝင်စား အပြုံးမြမြမျက်နှာလေးနှင့် အာရုံရောက်နေရလေသည်။

ထိုစဉ် ... ။

"ဟင်... "

ဗိုက်ထဲက လှုပ်ခနဲနာကျင်သွားရသည့် နာကျင်မှုကြောင့် ဖြိုးမျက်နှာလှလှလေးမှာ ဝေဒနာဖြင့် ခပ်မဲ့မဲ့လေး ဖြစ်သွားရသည်ကို သူမအားစိုးရိမ်မှုများဖြင့် ကြည့်နေသည့် ဦးအုပ်စိုးမှာ သတိထားမိသွားရသည်။

ဖြိုးတစ်ယောက်မှာလည်း ဝေဒနာကတစ်ခါမက ဆင့်ကာလှုပ်ရှား၍ နာလာသည့်အခါမှာတော့ သူမမျက်နှာလေးသည် ဟန်မဆောင်နိုင်အောင် ပျက်ယွင်းလာရကာ လက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ထိုးလက်စ သိုးမွေးထိုးတံကိုပင် မကိုင်နိုင်တော့ဘဲ ဘေးမှာချထားလျက် သူမလက်လေးအစုံက ဗိုက်ပေါ်အသာတင်ထားလိုက်မိသည်။

"အား... ကျွတ်... ကျွတ် နာလိုက်တာ ငါ ငါ ဗိုက်နာလာပြီပဲ၊ ကြည့်ရတာ မွေးတော့မယ်နဲ့တူတယ်၊ ဘုရား ဘုရား"

ဖြိုးမှာ သူမအခြေအနေကို သူမ တဖြည်းဖြည်းရိပ်မိလာတော့ လူက အားငယ်သလိုလို ဝမ်းနည်းသလိုလိုနှင့် နာကျင်မှုကြားက မျက်ဝန်းအိမ်တွင် မျက်ရည်များပင် ခိုတွဲလာရသည်။

"အား..."

ခပ်ပြင်းပြင်းလှုပ်ကာ နာသွားသည့် နာကျင်မှုများကြောင့် ဖြိုးသည် အသံလေးများထွက်တဲ့အထိ ညည်းညူရင်းက တိုင်နေရာမှအထ။

"နေဦး ဖြိုး မထနဲ့လေ"

အသံနှင့်အတူ သူမရှေ့ မားခနဲရောက်လာသည့် ဦးအုပ်စိုးကြောင့် ဖြိုးသည် နာကျင်မှုကြားက အားတက်သွား





ရသည်။

"ဦးအုပ်စိုး"

မရည်ရွယ်ပါဘဲ ဖြိုးနှုတ်မှ ဦးအုပ်စိုးနာမည်ကို အားကိုးတကြီး ခေါ်လိုက်မိလေသည်။

"ဖြိုး ဗိုက်နာနေလားဟင်၊ ကြည့်တာရာ မွေးတော့မယ်နဲ့တူတယ်"

"မသိဘူး၊ ဗိုက်က အရမ်းနာတာပဲ၊ အား... ကျွတ်... ကျွတ်"

မျက်နှာလေးထက်ဝယ် ချွေးသီးချွေးပေါက်လေးများ သီခိုလာရသည့်အထိ နာကျင်မှုဝေဒနာကို ခံစားနေရသော ဖြိုးကိုကြည့်ကာ ဦးအုပ်စိုးသည် ခြေမကိုင်မိ လက်မကိုင်မိ ဘာလုပ်လို့လုပ်ရမှန်း မသိအောင် သူ့ရင်ထဲ စိုးရိမ်ပူလောင်မှုများက ကြီးစိုးနေရတော့သည်။

"ဖြိုး... ခဏနော် အားတင်းထား မောင် ဖြိုးကို ဆေးရုံခေါ်သွားမယ် ဟုတ်လား"

"အင်း အင်း မြန်မြန်လုပ်ပါ ဒီမှာနာလို့ သေတော့မယ်"

ဦးအုပ်စိုးမှာ ဖြိုးကို စိုးရိမ်စိတ်မချသလို တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးနောက် ပစ္စည်းများ ပြင်ဆင်လျက် ဖြိုးကိုခေါ်ကာ ဆေးရုံသို့ ထွက်လာခဲ့လိုက်သည်။

ဖြိုးသည် ကံကောင်းသည်လို့ပြောရပါမည်။ ဆေးရုံ ရောက်ပြီး မကြာမီမှာပင် ဖြိုးသည် သုံးမိနစ်သာခြားသည့် အမြွှာသားလေးနှစ်ယောက်ကို ကောင်းမွန်ကျန်းမာစွာ မွေးဖွားခဲ့သောကြောင့်ဖြစ်သည်။

သူ့ရင်မှာ ထထင့်ထင့်နှင့် စိုးရိမ်စိတ်မချဖြစ်ခဲ့ရသူများက သားအမြွှာဆိုသည့်စကားကြားတာနှင့်ပင် ဦးအုပ်စိုးရင်မှာ အပူလုံးကြီးကျသွားရကာ ကျောက်စစ်စမ်းရေး စီးဆင်းသွားရသလိုမျိုးဖြင့် သားဆိုသည့်အသိက သူ့ရင်ကို ဘာနှင့်မှ မတူနိုင်သောခံစားမှုဖြင့် ကြည်နူးအေးမြသွားရသည်။

လောကကြီးသည် တစ်ခါတစ်ရံတော့လည်း ဆန်းကြယ်ပါ၏။

ဦးအုပ်စိုးသည် ရင်သွေးလေးကို မျှော်လင့်တောင့်တခဲ့ပေမဲ့ ယခုလို အမြွှာဖြစ်လိမ့်မည်လို့ သူ့အနေဖြင့် နည်းနည်းမှ မထင်ခဲ့ပါ။

သို့သော်... ။





ယခုတော့ မထင်တာတွေက သူ့ဘဝအတွက် လက်တွေ့ဖြစ်လာခဲ့ရပြီဖြစ်သည်။

ဇနီးရော သားအမြွှာနှစ်ယောက်ပါ ကျန်းမာပါသည်ဆိုသော ဆရာမ၏စကားက သူ့နားထဲသို့ ချိုမြိန်သာယာမှု အပေါင်းလောင်းထည့်လိုက်သည်နှယ် သူ့အသွေးအသား သူ့နှလုံးသားများကို ချမ်းမြေ့ကြည်နူးလျက် ရင်ကိုအေးမြသွားစေရသည်က မင်္ဂလာရှိသော ထိုသတင်းစကားကြောင့်ပင် ဖြစ်ပါလိမ့်မည်။

*

အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဆိုသည့် စကားက အမှန်ပင်ဖြစ်သည်။

အကြောင်းကား... ။

တရွေ့ရွေ့ကုန်ဆုံးသွားသော အချိန်များနှင့်အတူ ဖြိုးနှင့်သူ၏ရင်နှစ်သည်းခြာ သားအမြွှာနှစ်ယောက်သည်လည်း ချီလို့ပိုးလို့ ကောင်းသည့် လသားအရွယ်များကိုပင် ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ရပြီဖြစ်သည်။

သားနှစ်ယောက်သည် အမြွှာသားဖြစ်ပေမဲ့ မိခင်နို့ကောင်း၍လားမသိပါ ဖြူဖွေးစင်ကြယ်သော အသားအရေနှင့် မြင်သူတကာ ချစ်ရသည်အထိ ဖွံ့ဖွံ့ထွားထွားနှင့် ချစ်စရာကောင်းသည့် ကလေးများဖြစ်သည်။

ထို့အပြင် သားနှစ်ယောက်သည် မှတ်ဉာဏ်လည်း အလွန်ကောင်းသည် ကလေးများဖြစ်ကြသည်။

ဖြိုးနှင့်သူ့ကို မိဘများဆိုတာ မှတ်မိနေရကာ သူ့ကို မြင်သည်နှင့် လက်လေးမြှောက်ကာ မြှောက်ကာ ချီခိုင်းတတ်သော သားများကို ကြည့်ပြီး ဦးအုပ်စိုးအနေဖြင့် သားများအပေါ် ချစ်၍မဆုံးနိုင်ပါ။

ထို့မျှ ချစ်စရာကောင်းလွန်းသည့် သားများကို မွေးဖွားပေးသည့် သားတို့၏မိခင်ဖြစ်သူ ချစ်ဇနီးဖြိုးကိုလည်း ဦးအုပ်စိုးသည် ရင်မှာချစ်မြတ်နိုးမှုများနှင့်ကျေးဇူးတင်ရပါသည်။

သို့သော်... ။

ခက်သည်က ဖြိုးပင်ဖြစ်သည်။

မှန်သည်။



ဖြိုးသည် သားများကို မွေးပြီးမှ သူ့အပေါ် ယခင်က ထက်ပို၍ မာနကြီး စိမ်းကားသွားသည်လို့ ဦးအုပ်စိုး ထင်ပါသည်။

သားများကို မမွေးခင်ကတည်းက သူမအနားသို့ကို ကပ်ခွင့်ပေးခဲ့သော ဖြိုးသည် ယခုသားများမွေးပြီးလို့ ကလေးတွေပင် လသားအရွယ် ရောက်နေကြပြီဖြစ်ပေမဲ့ သူ့ကိုတော့ဖြင့် သူမသည် နည်းနည်းမှ အရေးမစိုက်သလို ယခု အချိန်တိုင်းလည်း သူမအနားသို့ ကပ်ခွင့်မပေးသေးပါပေ။

ဦးအုပ်စိုးသည် အစကတော့ သူမလေး စိတ်ချမ်းသာလျှင် ပြီးရောသဘောနှင့် သူမစိတ်ချမ်းသာစေရန် သူ့ရင်ဘတ်ထဲက အချစ်များကို ရင်မှာပင် သိုသိုဝှက်ဝှက်နှင့် ထိန်းချုပ်ခဲ့ရပေမဲ့ ဖြိုးသည်ကတော့ သူ့ခံစားမှုများကို ထိုသို့နားမလည်ဘဲ ကြာလာသည်နှင့်အမျှ သူ့အပေါ်ဆက်ဆံသည့် သူမ၏ ဆက်ဆံမှုများက ကြာလေလေ အေးစက်စိမ်းကားလာရလေဖြစ်လာသည်ကိုတော့ ဦးအုပ်စိုးသည် သတိမထားမိ၍ မရတော့ပါ။

သူမမျက်စိထဲတွင် သူဆိုတာကို ရှိသည်လို့ပင် မမြင်



www.burmeseclassic.com

www.burmeseclassic.com



တော့သည့်ဖြိုးကြောင့် ဦးအုပ်စိုးသည် သူမ သူ့အပေါ် သွေးအေးလာရမှုအပေါ် သူသည် တစ်ဖြည်းဖြည်း စိုးရိမ်လာခဲ့ရလေ၏။

မစိုးရိမ်လို့ကလည်း မဖြစ်တော့ အိမ်ထောင်သည် ယောကျ်ားတစ်ယောက်အနေဖြင့် သူမလေးသူ့အပေါ် မထီမဲ့မြင် ဂရုမစိုက်သည့်အသွင် နှစ်ဦးသားဆက်ဆံမှု အေးစက်လာပုံက သူ့နှလုံးသားများကို ဖျစ်ညှစ်ဆုပ်ချေသလိုမျိုး နာကျင်မှုများဖြင့် ထိတ်လန့်လာစေရသည်မို့ ဦးအုပ်စိုးသည် ထိုအခြေအနေကို လက်မခံနိုင်တော့အောင် ဖြစ်လာရသည်။

မဖြစ်တော့ပါ။

သူ့အနေဖြင့်သူမ၏ ထိုသို့မထီမဲ့မြင် ဆက်ဆံမှုများကို လက်ခံနေလို့ မဖြစ်တော့ပါ။

ထိုသို့ လက်ခံနေပါက ဖြိုးနှင့်သူသည် နှစ်ယောက်သားဒီ့ထက်ပိုဝေး ပိုအေးသွားဖို့သာ ရှိပါတော့သည်။

ထိုအခြေအနေကိုတော့ ဦးအုပ်စိုးသည် ဘာအတွက်နှင့်မှ အဖြစ်မခံနိုင်ပါ။

ဖြိုးဆိုတာ သူ့နှလုံးသားမှာ သူ့အသက်နှင့်ထပ်တူချစ်မြတ်နိုးရသည့် သားတို့၏ မိခင်မို့ ဖြိုးကို ဦးအုပ်စိုးသည် ဘာအတွက်နှင့်မှ အဝေးမခံနိုင်ပါ။





ထို့အပြင် ဖြိုးကိုလည်း သူသည် နည်းနည်းမှ စိတ်မချပါ။ တစ်သားမွေး တစ်သွေးလှဆိုတာ သိပ်လှနေသည့် သူမလေးကိုများ ပြောသည်လားမသိပါ။

ကိုယ့်မိန်းမမို့ ကိုယ်ပြောသည်မဟုတ်ပါ။ ဖြိုးသည် သားအမြွှာနှစ်ယောက်ကို မွေးပြီးပါမှ သူမအလှများသည် ယခင်ကထက်ပို၍ အလှများပြည့်စုံလာရသလို သူ့မျက်ဝန်းထဲမှာ ဖြိုးသည် ယခင်ကထက်ပို၍ လှနေရလေသည်။

သို့သော်... ။

ထိုသိပ်လှသည့် ဖြိုးက သူ့ကိုယောကျ်ားတစ်ယောက်ရယ်လို့မှ အသိအမှတ်မပြုဖြစ်လာသောအခါ ဦးအုပ်စိုးသည် ရင်မှာ ခံရခက်ခက်ကြီး ဖြစ်လာရတော့သည်။

အချိန်ရှိသရွေ့ သားနှစ်ယောက်အနားတွင် အချိန်ကုန်နေတတ်သော ဖြိုးသည် တစ်နေကုန်နေလို့မှ သူ့ကို စကားတစ်ခွန်းပြောဖော်မရသောအခါ ဦးအုပ်စိုးစိတ်မှာ အခံရခက်သော ဝေဒနာစိတ်မှာ ဖြစ်နေရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ခင်ပွန်းတစ်ယောက်ရယ်လို့ လင်ယောကျ်ား တစ်ယောက်ရယ်ဆိုတာ မေ့နေပုံရသော ဖြိုးကြောင့် ရင်ဝယ် တစ်စုံတစ်ရာ လစ်ဟာနေသလို သက်ပြင်းမောတွေကိုသာ ကျိတ်ချနေခဲ့သည့်အဖြစ်က ဦးအုပ်စိုးအတွက် လက်ချိုးလို့မှပင် မရေနိုင်တော့။

အခုလည်းကြည့် ဘေးမှာသူရှိနေသည်ဆိုတာကိုပင် နည်းနည်းမှ အသိအမှတ်ပြု ဂရုစိုက်ပေးဖော်မရဘဲ သား နှစ်ယောက်ကိုသာ သူမဘဝ သူမကမ္ဘာလို့ ထင်မှတ်နေပုံ ရသော ဖြိုးကို ဦးအုပ်စိုးသည် မချင့်မရဲကြီး ငေးစိုက်ကြည့် ရင်းက သိပ်လှလွန်းသော ချစ်ဇနီးကြောင့် သူ့ရင်ခုန်သံတွေ အတိုင်းအဆမရှိ မြန်ဆန်လာရသည်။

ထို့ကြောင့် ဖြိုးနှင့်နီးရန် ဖြိုး သူ့ကိုဂရုစိုက်လာရန် ဦးအုပ်စိုးတစ်ယောက် ကြံဖန်ရလေတော့သည်။

အကြံအတိုင်း ဦးအုပ်စိုးသည် အေးသိန်းအားခေါ်လိုက် ကာ–

"အေးသိန်း သားတို့ကို သေချာကြည့်ထားနော်၊ ဖြိုး မောင့်ကို အခန်းထဲက မောင့်အလုပ်စာရွက်စာတမ်းတွေ





သွားယူပေးပါဦး"

"အို... အေးသိန်းကို ခိုင်းလိုက်လေ"

"အေးသိန်း ဘယ်သိမလဲ၊ မောင့်လုပ်ငန်းနဲ့ပတ်သက်ပြီး ဖြိုးပဲသိတဲ့ဟာ"

"ဟင်... သိပ်ရှုပ်တာပဲ၊ ကိုယ့်ဘာသာကိုယ်သွားယူ တာမဟုတ်ဘူး"

ဖြိုးမှာ သူမကို ခိုင်းရပါ့မလားဆိုကာ မျက်စောင်းလေး ထိုးရင်းက အေးသိန်းရှေ့တွင် ဒီ့ထက်ပို၍ စကားမဆိုချင်သဖြင့် နှုတ်ခမ်းလေးတစူစူနှင့်ပင် ဦးအုပ်စိုးအကြံကို မသိဘဲ သူခိုင်း သလို အပေါ်ထပ်အိပ်ခန်းထဲရှိ သူ့အလုပ်စာရွက်စာတမ်းများ ကို သဘောရိုးနှင့်ပင် သွားယူပေးလိုက်လေသည်။

"ဟွန်း... လူကို သူခိုင်းစရာများ မှတ်နေလား မသိ ပါဘူး၊ ကလေးတွေနဲ့ မအားမနားသိရက်နဲ့ တမင်သက်သက် ခိုင်း... ခိုင်း"

"ဟင်..."

"အဟွန်း... ဟွန့်... ဟွန့်"

သူမတစ်ယောက်တည်းအထင်နှင့် ဦးအုပ်စိုးအပေါ်



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်သမျှ ပါးစပ်မှ တိုးတိုး တိုးတိုးနှင့် ပြောနေသောဖြိုးမှာ ဦးအုပ်စိုးခိုင်းလိုက်သည့် စာရွက်စာတမ်းများကိုယူပြီး အခန်းထဲမှထွက်ရန် သူမကိုယ်လေးကိုအလှည့်–

"ဦးအုပ်စိုး"

"ဟုတ်ပါတယ်ဗျာ မောင်ပါပဲ"

"အို… "

အခန်းတံခါးကို လက်ပိုက်မှီရပ်လျက်က ဖြိုးအား ဘယ်အချိန်ကတည်းက စိုက်ကြည့်နေသည်မသိ မျက်နှာ ချောကြီးထက်ဝယ် အပြုံးခပ်လွန့်လွန့်နှင့် သူမအား မမြင်စ သူတစ်ယောက်လို ငေးစိုက်ကြည့်နေသော ဦးအုပ်စိုးကြောင့် ဖြိုးကဒ်ယောက်ရင်တွေပင် ဆောင့်ခုန်မြန်ဆန်သွားရ သည်။

"ရှင် ရှင် ဘယ်အချိန်ကရောက်နေတာလဲ"

"အဟွန်း… ဖြိုးတက်သွားပြီးကတည်းက မောင် ဖြိုးနောက်ကပါလာတာပဲလေ"

"ကြည့်စမ်း ဒါဆို ရှင်"

"ဟုတ်တယ် ဖြိုးနဲ့မောင်နှစ်ယောက်တည်း အေး





ဆေးဆေး စကားပြောချင်လို့"

နက်ရှိုင်းစူးနစ်သော မျက်ဝန်းများဖြင့် ဖြိုးမျက်နှာလေး အား စူးစူးနစ်နစ်ကြီးကြည့်ကာ ဆိုလိုက်သည့် ဦးအုပ်စိုး၏ စကားနှင့် အကြည့်ကြောင့် ဖြိုးမှာ အပျိုစင်လေးတစ်ယောက် လို မျက်နှာလေးရဲသွားရပြီး သူ့အကြည့်များအောက်က ရှောင်ဖယ်ရန်အထွက်–

"ဖြိုး… "

"အို… အင့်… "

ဖျတ်ခနဲဆိုသလို သူမလက်လေးတစ်ဖက်အား လှမ်းဆွဲ လိုက်သည့် အရှိန်ကြောင့် ဖြိုးကိုယ်နွေးနွေးအိအိလေးမှာ ဦးအုပ်စိုးရင်ခွင်ကျယ်ကြီးထဲ တွေးခနဲ ပစ်ကျသွား ရတော့ သည်။

"ရှင် ဘာလုပ်တာလဲ ဖယ်… လွှတ်… "

တုန်ခါနေသော အသံလေးများဖြင့် ဖြိုးသည် သူ့ရင်ခွင် ထဲမှ ခပ်ဆတ်ဆတ်လေး ရုန်းထွက်ပစ်လိုက်သည်။

ဖြိုး၏ ရုန်းဖယ်မှုများကြောင့် ဦးအုပ်စိုးရင်ဝယ် အခံ ရခက်ခက်နှင့် အောင့်သက်သက်ကြီး ဖြစ်သွားရသော်လည်း သူမအပြုအမူများက သူ့အတွက် မထူးဆန်းတော့သလို



www.burmeseclassic.com

www.burmeseclassic.com



ရှိနေရသည်မို့ ဦးအုပ်စိုးသည် သူမ၏ အပြုအမူများအတွက် မမှုသလို။

"ဖြိုး မောင့်ကို ဒီအတိုင်း ပစ်ထားတော့မှာလား"

"အို… "

ချစ်ရိပ်ချစ်ရောင်များ ဖြာဝေနေသည့် မျက်ဝန်းအစုံနှင့် လိုက်ဖြာလွန်းသည့် သူ့စကားသံကြောင့် ဖြိုးသည် သူ့အား မကြည့်ရဲပါတော့။

နှင်းဆီနီလေးပမာ ရဲရဲတွတ်တောက်ပနေရသော ရှက်သွေးဖြာနေသည့် မျက်နှာလေးနှင့်သာ ဦးအုပ်စိုးစကားကို မဖြေဘဲ သူ့ရင်ခွင်ထဲမှ ရုန်းထွက်နေသည့်တိုင် သူမကိုယ်လေးကဖြင့် သူ့ရင်ခွင်ထဲက မလွတ်ပါပေ။

"မရုန်းနဲ့ ဖြိုး၊ ဖြိုးအတွက် မောင်က သူစိမ်းလားကွာ။ မောင့်အတွက် ဖြိုးနည်းနည်းလေးမှ မစဉ်းစားပေးတော့ဘူးလား"

ဦးအုပ်စိုးမှ သူ့အပေါ် အရေးမစိုက် အေးစက်စိမ်းကားနိုင်လွန်းသည့် ဖြိုးကြောင့် ရင်မှာ မခံစားနိုင်တော့သလိုမျိုး ဖြိုးကိုယ်လေးကို တင်းတင်းကြီး ပွေ့ဖက်ဖျစ်ညှစ်ရင်းက





ထိုစကားများကို တနင့်တပိုးကြီး ဆိုလိုက်လေ၏။

"ဖြိုး… "

ဖြိုးသည် သူ့ခေါ်သံကို ကြားပေမဲ့ ပြန်လည်တုံ့ပြန်မှုက ရှိမလာပါ။

ထိုအခါ ရင်မှာပို၍ မချင့်မရဲခံစားရသူက ဦးအုပ်စိုး လူချောကြီးပင် ဖြစ်တော့သည်။

"ဖြိုးရယ် သိပ်ချစ်တာပဲဗျာ၊ မောင့်ကို ပြန်ချစ်ဖို့ ကြိုးစားပါဦးလားဗျာ၊ မောင်တို့ရင်သွေးလေးတွေကို ဖြိုး သိပ်ချစ်တယ်ဆို"

"ရှင်နော် ဘာဆိုင်လဲ"

မမျှော်လင့်သည့် ဖြိုးထံမှ ပြန်လည်တုံ့ပြန်လာသည့် စကားသံ ခပ်ဆတ်ဆတ်လေးကြောင့် ဦးအုပ်စိုးမျက်နှာချောချောကြီးမှာ ကြည်လင်ဝင်းပသွားရပြီး–

"ဆိုင်တာပေါ့ ဖြိုးရဲ့၊ သားလေးတွေကိုချစ်ရင် သားရဲ့ အဖေကိုလဲ ချစ်အောင် ဖြိုး ကြိုးစားပေးရမှာပေါ့၊ ဒါမှ မောင်တို့မိသားစုဘဝလေးက ပိုပြီး ပြည့်စုံမှာပေါ့ အမေကြီးရဲ့"

ပြောရင်းက ဦးအုပ်စိုးသည် မချင့်မရဲဖြစ်လာသည့်ဟန် ဖြိုးနဖူးလေးကို သူ့နှုတ်ခမ်းနွေးနွေးနှင့် ဖိကပ်နမ်းလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးသည် သူမမျက်နှာလေးကို နောက်သို့ အမြန် တိမ်းရှောင်လိုက်ပြီး–

"ရှင် စကားတတ်တိုင်း လျှောက်ပြောမနေပါနဲ့၊ ကျွန်မသားတွေကို ကျွန်မမေတ္တာနဲ့ ပြည့်စုံအောင်ထားနိုင်တယ် သိလား"

"သိပါတယ်ဗျာ၊ သားတွေကို ဖြိုးမေတ္တာကို ပြည့်စုံအောင် ထားနိုင်သလို သားတို့ရဲ့အဖေ မောင့်ကိုရော ဒီက အမေကြီးရဲ့မေတ္တာနဲ့ ပြည့်စုံအောင် မထားတော့ဘူးလား၊ မောင့်ကို ပစ်မထားနဲ့တော့ ဖြိုးရယ်၊ မောင်တစ်ယောက်တည်း အထီးကျန်ဆန်ပြီး မနေချင်တော့ဘူး၊ ဖြိုးကို သိပ်လွမ်းတယ်"

"ရှင်နော် ဘာတွေပြောနေတာလဲ သွား"

"အင်း… သွားမယ် လာ "

"အို… "

"ဦးအုပ်စိုး ရှင်နော် ကျွန်မပြောနေတာ"

တစ်မိုးအောက်မှာ အတူရှိနေပါရက်နှင့် ချစ်ဇနီးအား အချိန်ပြည့်လွမ်းဆွတ်သတိရနေသော ဦးအုပ်စိုးမှာ ဖြိုးကို သူသည် ဒီ့ထက်ပို၍ စကားဆိုခွင့် မပြုနိုင်တော့ပါ။

ယခုအချိန်သည် သူ့အတွက် ကြားလေဝင်ရှောင်တောင်





အဝေးမခံနိုင်သည့် အချိန်မို့ သူ့အသက်နှင့်မက ချစ်ရသည့် ချစ်ဇနီးလေးကို ဦးအုပ်စိုးသည် ဝေးသွားမှာ စိုးသည့်အလား သူ့ရင်ခွင်ထဲမှာ မလွှတ်တမ်း ထွေးဖက်လျက် ဝေးခဲ့ရသမျှ အချိန်များအတွက် ချစ်ဇနီးချောကို ချစ်အနမ်းများပေးလို့ မဆုံးနိုင်အောင် ရှိနေတော့သည်။

အချစ်ကြမ်းသမားကြီး ဦးအုပ်စိုးကြောင့် ဖြိုးကာ‌း သူ့ရင်ခွင်ထဲတွင် လူက မွှးမွှးမိုက်မိုက်ဖြစ်နေရ၏။

ထို့ကြောင့် သူမအားလေးရှိသမျှ ရုန်းကန်တွန်းထိုးထွက်ရင်းက–

"ဦးအုပ်စိုး"

"အဲ့လိုခေါ်တာ မှားတယ်၊ မောင်လို့ခေါ်"

ဘုရားရေ… ။

ကြည့်စမ်း… ။

သည်လူကတော့ ဒီနေ့မှ ဘာတွေထူးထူးခြားခြား ဖြစ်နေသည် မသိတော့ပါ။

နီရဲစိုဥနေရသည့် ဖြိုး၏နှုတ်ခမ်းဖူးဖူးလေးပေါ် သူ့လက်ညှိုးနှင့် ဖိတင်ပိတ်လိုက်ရင်းက သူ့အား မောင်လို့ ခေါ်နိုင်းနေသည့် ဦးအုပ်စိုးကို ဖြိုးသည် အံ့ဩသလို မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလေးနှင့် ကြည့်တော့ ဦးအုပ်စိုးသည် ဖြိုး၏ထိုအကြည့်ကို သဘောကျသွားရသည့်နှယ် ဖြိုးပါးပြင်နုနုလေးပေါ် သူ့နှာခေါင်းချွန်ချွန်နစ်ဝင်သွားသည်အထိ ရှိုက်နမ်းလိုက်ရင်းက-

"အဟွန်း... ဟွန်း... မောင့်ကို မင်းလေး အဲ့လိုမကြည့်စမ်းပါနဲ့ဗျာ၊ မင်းလေး အဲ့လိုကြည့်ရင် မောင်ရင်တွေခုန်ရလွန်းလို့ပါ"

"အို... "

ဦးအုပ်စိုး စကားအဆုံးဝယ် ဖြိုးသည် မျက်နှာလေးမဖော်ရဲတော့ပါ။

ရှက်သွေးဖြာနေသည့် မျက်နှာလှလှလေးကိုသာ ဦးအုပ်စိုးရင်ခွင်ထဲ သို့ဝှက်ထားရင်းက-

"ရှင် ရှင် မကောင်းဘူး၊ လူကို သက်သက်ညာတယ်"

ကလေးတစ်ယောက်လို ရှက်ရောင်ဝဲဝဲမျက်နှာလေးနှင့် သူ့အား တွန်းထိုးထုရိုက်နေသော ဖြိုးကို ဦးအုပ်စိုးသည် သနားကြင်နာမှုနှင့် ချစ်မြတ်နိုးမှုများ ပိုသွားရလေသည်။

"ဖြိုးကို ညာတာ မဟုတ်ပါဘူးဗျာ ဖြိုးက မောင့်အပေါ် ခုလို ရက်စက်ထားတော့ မောင့်မဟာ ကိုယ့်မိန်းမကို ဘယ်





လိုပြန်ချဉ်းကပ်ရမလဲဆိုတာ အကြံဉာဏ်ထုတ်ရတာပေါ့"

"သွား... လူလည်"

"အဟွန်း... ဟွန်း... ဟွန်း... ဒီကောင် ဒီလောက်လည်တာတောင်မှ ကိုယ့်မိန်းမအချစ်ကို ကိုယ်ရအောင် မယူနိုင်သေးပါဘူးဗျာ"

"ကဲ... မောင့်ကိုပြော"

"ဘာပြောရမှာလဲ"

"ဟောဗျာ... ဖြိုး မောင့်ကို ချစ်လား မချစ်လားဆိုတာပေါ့"

ပြုံးလွန့်လွန့်မျက်နှာနှင့် ဦးအုပ်စိုးသည် ဖြိုးအား စိုက်ကြည့်ကာ မေးလိုက်တော့ ဖြိုးသည် မျက်နှာလေးရဲသွားကာ-

"ဘာလို့ ခုမှ သိချင်နေရတာလဲ သားတွေပဲ လူပျိုဖြစ်တော့မယ်"

"အဟွန်း... အေးဗျာ သားတွေသာကြီးလာလို့ ဒီအဖြစ်တွေသိရင် ဖေဖေကြီးက အားကြီးညံ့တာပဲလို့ မောင့်ကို ပြောမှာ သေချာတယ် အဟွန်း... ဟွန်း... ဟွန်း... "

"အဟင့်... ဟင့်... ဟင့်... "

ဖြိုးအား လူငယ်ဆန်ဆန်မျက်စိတစ်ဖက်မှိတ်ပြကာ-

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည့် ဦးအုပ်စိုးစကားကြောင့် ဖြိုးသည် ခွားစွယ်ဖွေး ဖွေးလေးများ ပေါ်အောင် ရယ်မိသွားရကာ–

"အဲဒါ ဖေဖေကြီး မိုက်တာပဲလို့ သားတွေကပြောမှာ"

"ဟောဗျာ... ဘာကြောင့်လဲ"

"ဘာကြောင့်ရမှာလဲ မိန်းမတစ်ယောက် ကိုယ့်ကို ချစ်မချစ် အရင်ဆုံးမေးပြီးမှ လက်ထပ်သင့်တာ မဟုတ်လား တော့..."

"အဟွန်း... ခုတော့ဘာဖြစ်လဲ"

"တော်ပါ သူ တော်တော်အူမြူးနေ"

"မြူးရတာပေါ့ဗျာ၊ မောင့်မိန်းမဆီက အချစ်ကို မောင် အခုမှ ရတဲ့လူပဲ"

"ဟင်းနော်... သူ့ကို ဘယ်သူကချစ်တယ်ပြောလို့လဲ"

"မင်းလေးနော် မောင့်ကို အသည်းယားအောင်မလုပ်နဲ့ ပြောစမ်း မောင့်ကို ချစ်တယ်ဆိုတာ"

ရှုတည်တည်မျက်နှာထားကြီးနှင့် မျက်မှောင်ကြီး စုံတွန့်ကာ တွေ့စကပုံစံအတိုင်း ခပ်တည်တည်ကြီး မေးလာတော့





ဖြိုးသည်လည်း တွေ့စကပုံစံအတိုင်း မျက်နှာလေးတည်တင်း သွားပြီး–

"မချစ်ဘူး"

"ဘာ..."

"ရှင့်ကြီးကို မချစ်ဘူးလို့ပြောတာ"

"ဟေး... အဲ့ဒါ မချစ်ဦး"

"မောင်..."

"ဗျာ..."

"ဟာ...ဖြိုး...ဖြိုး...မောင့်ကို ဘယ်လို ခေါ်လိုက်တယ်၊ ပြန်ခေါ်စမ်း ပြန်ခေါ်စမ်းပါဦးဗျာ"

ဖြိုးနှုတ်မှ သူကြားချင်လှသည့်ခေါ်သံက သူ့နားထဲ စမ်းရေနှယ် ဖြတ်သန်းစီးဝင်သွားပါသည်မို့ ဦးအုပ်စိုးသည် ပီတိဖုံးလွှမ်းရသောမျက်နှာနှင့် ဖြိုးအားအကြည့်များ မလွှဲတမ်း စိုက်ကြည့်ကာ ပြောလိုက်သည်။

"ဟင့်အင်းကွာ မသိဘူး မသိဘူး ဖြိုးရှက်တယ်"

သားအမွှာရသည်ဆိုပေမဲ့ ကိုယ်စီ ခံစားမှုများ ပေါ် ထွက်ကာ ချစ်စကားများ ဆိုမိကြသည်မို့ ဖြိုးသည်



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်ပင် အရှက်သည်းနေရသည်ကို ဦးအုပ်စိုးသိပါသည်။

သို့သော်... ။

သိတာကသိတာတခြား ဖြိုးထံမှ ချစ်စကားများကို သူကြားချင်နေသည်က ကြားချင်ရသည်က တခြားမို့ ဦးအုပ်စိုးသည် ချစ်ဇနီးကိုယ်လေးကို ချစ်မြတ်နိုးမှုများနှင့် ဖျစ်ညှစ်ထွေးဖက်လိုက်ရင်းက–

"မရှက်ပါနဲ့ ဖြိုးရယ်၊ ကိုယ့်ယောကျ်ားကို ကိုယ်ချစ်တယ်ပြောတာ ရှက်စရာလားဗျ"

"ရှက်တာပေါ့ ဖြိုးပြောတာ သူကြားရက်နဲ့"

"အင်း ကြားပေမဲ့ ဒီကောင်က ခင်ဗျားလေးဆီက ချစ်စကားကို ထပ်ထပ်ပြီး ကြားချင်သေးတာပေါ့၊ ဖြိုးက လီမ္မာပါတယ်ကွာ၊ မောင်ကြားချင်တာပြောနော်"

ချော့သလို ဖြိုးလည်တိုင်နုနုလေးတစ်လျှောက် ဦးအုပ်စိုးသည် ရှိုက်နမ်းကာဆိုတော့ ရှက်ရှက်နှင့် သူ့ကိုယ်ကြီးအား တွန်းထုတ်ပစ်လိုက်ပြီး–

"ဖယ်ကွာ မောင်၊ ဖြိုးအသက်ရှူကျပ်တယ်"

"အဟွန်း... ဒါဆို မောင့်ကို ချစ်တယ်ပြော"





"ချစ်တယ်"

"ဘယ်လို..."

"ဘယ်သူ့ကို ချစ်တာလဲ"

"မောင့်ကို"

"ဖြိုးရယ်"

ပြောရင်းက ရှက်သလို သူ့ရင်ခွင်ထဲ မျက်နှာလေးအပ်ကိုယ်လေးတိုးဝင်လာသည့် ဖြိုးကိုယ်လေးကို ဦးအုပ်စိုးသည် အပျော်များစီးဆင်းသွားရသော ရင်အစုံဖြင့် သူမလေးအား သူ့ရင်ခွင်ထဲ နစ်မြုပ်မတတ် ထွေးဖက်ထားလိုက်သည်။

ထိုခဏမှာတော့ သူတို့နှစ်ဦးစလုံး၏ ရင်ထဲတွင် ချစ်ခြင်းများပျော်ဝင်နေရသော ပျော်ရွှင်မှုအပေါင်းဖြင့် ရင်ဝယ်ကိုယ်စီ ချစ်ပန်းများဖူးပွင့်သွားသည် မဟုတ်ပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

"မောင်ရယ် ကြည့်ပါဦး၊ မောင့်သားတွေက ထွားလာလိုက်တာ အရမ်းချစ်ဖို့ကောင်းတာပဲနော်"

မိဘနှစ်ပါးဖြစ်သည့် ဖြိုးနှင့်ဦးအုပ်စိုးကို သားအမြွှာနှစ်ယောက်သည် မှတ်မိသလို ပါးစုံ့မို့မို့ကြီးများ မြင့်တက်လာသည်အထိ ရယ်မောပြုံးပြရင်းက လက်လေးခြေလေးများ မြှောက်ကာ ဆော့ကစားနေသော သားနှစ်ယောက်ကို ချစ်မဝသလို ပီတိများဖြင့် တစိမ့်စိမ့်ကြည့်ရင်းက ဖြိုးသည် မောင့်အား ကြည့်ကာ ဆိုလိုက်လေသည်။

"အဟွန်း... ချစ်စရာကောင်းဆို မောင့်သားကိုဗျ"

"မောင်နော် သူ့ဘက်ကို သူတော်တော်ယက် သားတွေက မောင့်သားဆိုတော့ ဖြိုးသားမဟုတ်ဘူးပေါ့"





"အမယ်လေး အမကြီးရယ် စကားကလဲ အကျအန ကောက်တတ်လိုက်တာလွန်ပါရောဗျာ သားတွေက ဖြိုးသား မောင့်သား အတူတူပါပဲဗျာ၊ မောင်ပြောတာက သားတွေက ချစ်စရာကောင်းတယ်ဆိုလို့ မောင်နဲ့တူတယ် လို့ပြောတာကဲသိပြီလား အမကြီး"

ဦးအုပ်စိုးမှာ ကလေးဆန်လွန်းသည့်ချစ်ဇနီးချော၏ နှာတံလှလှလေးကို မချင့်မရဲ ခပ်ဖွဖွဆွဲညှစ်ရင်းက ပြောလိုက်တော့ ဖြိုးသည် မျက်နှာလေးပြုံးသွားရပြီး–

"မောင်နဲ့တူလို့ ချစ်စရာကောင်းတာ မဟုတ်ပါဘူးနော်၊ သားတွေက ဖြိုးနဲ့တူလို့ ချစ်စရာကောင်းတာပါ"

"အဟွန်း...ဟွန်း...ဟွန်း...ဒီစကားကိုတော့ မောင်ထောက်ခံတယ်၊ ဟုတ်တယ် မောင့်သားတွေက ဟောဒီကမေမေလှလှနဲ့တူလို့ ပိုချစ်စရာကောင်းကြတာ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကမေမေကြီးကိုယ်တိုင်က ဟောဒီလို သိပ်သိပ်ပြီးချစ်စရာကောင်းနေတာကို"

"မောင်နော်"

ဖြိုးနှင့်ပတ်သက်လာလျှင် သူ့ခံစားမှုများကို ချုပ်သိပ်နိုင်စွမ်းမရှိသလို သူ့အချစ်များ အချိန်မရွေး ပေါက်ကွဲတတ်



www.burmeseclassic.com

www.burmeseclassic.com



သည့် ဦးအုပ်စိုးတစ်ယောက်၊ ယခုလည်းပြောရင်းက ချစ်အရှိန်များတက်လာရသလို ဖြိုးကိုယ်လေးကို သူ့ရင်ခွင်ထဲသို့ ဆွဲယူလိုက်ရင်းက မွှတ်သိပ်လှိုက်ဖြာလွန်းသောအနမ်းများ ဖြိုးပါးပြင်ထက် သဲသဲမဲမဲ ကျရောက်လာ ရသည်။

ဖြိုးမှာ့ ရုတ်တရက် အသက်ရှူလေးများ မွန်းကျပ်သွားရသလို မျက်ဝန်းလေးများလည်း ပြာဝေသွားရသည်။

"လွတ်ကွယ် မောင်ရယ် သိပ်ဆိုးတာပဲ မောင့်ကိုတော့လေ ဖြိုးကြောက်ကြောက်လာပြီသိလား"

သူ့ရင်ဘတ်ကြီးကို လက်လေးနှင့်တွန်းထောက်ထားရင်းက သူ့အားတကယ်ပင်ကြောက်ရွံ့သလို ခပ်တွန့်တွန့်လေး ပြောလိုက်သည့်ဖြိုးကို ဦးအုပ်စိုးသည် သဘောကျသွားရပြီး–

"ကောင်မလေးနော် မင်းလေး မောင့်ကို ဒါဘာစကားပြောတာလဲ မောင်ချစ်တာကိုကြောက်တယ်ပြောတာ မင်းလေး မောင့်ကို မချစ်လို့ပေါ့လေ"

"မောင်နော် ဘာဆိုင်လဲ ဖြိုးပြောတာ မောင် အခုလိုမျိုးဖြစ်တာကိုပြောတာ"

ဖြိုးမှာ ထိုစကားကို သူ့အားလည်း မကြည့်ပါဘဲမျက်နှာ





ရဲရဲလေးနှင့်အကြည့်များလွဲရင်းက ပြောလိုက်တာမို့ ဦးအုပ်စိုးမှာ ဖြိုးအပြုအမူကိုသဘောကျသွားကာ ချစ်သူလေးအား ချစ်မြတ်နိုးစွာ စချင်လာရသည်မို့–

"ပြောပါဦး မောင်ကဘယ်လိုမျိုး ဖြစ်တယ်ဆိုတာ"

"မောင်နော်..."

"အဟွန်း... ဟွန်း... ဟွန်း..."

သူ့အမေးကြောင့် ဖြိုးတစ်ယောက် ဘယ်လောက်ထိ ရှက်သွားရသည် မသိပါ။

သူ့ရင်ခွင်ထဲ ခေါင်းလေးငုံ့ဆင်းသွားရသည်မှာ သူ ဘယ်လိုပင် ပြန်မော့ပါသော်လည်း မော့မလာပါလေတော့။

ထိုအခါ... ။

အချစ်လူဆိုးကြီးဦးအုပ်စိုးမှာ အသည်းတယားယားနှင့် ချစ်စိတ်များပို၍ တက်လာရကာ–

"ဖြိုး..."

"ဟင့်အင်း..."

"ဖြိုးရယ်..."

သူမမျက်နှာလေးအား ဆွဲမော့လာသည့် သူ့လက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးသည် ဖယ်ရှားရင်းက သူမမျက်နှာလေးကို သူ့ရင်ခွင်ထဲ အပ်ထားလိုက်သည်မှာ သူ့ရင်ဘတ်နှင့်တစ်သားတည်း ကျမ တတ်ရှိနေရသည်။

“ချစ်တယ် ဖြိုးရယ် မင်းလေးကို မောင်သိပ်ချစ်တယ်၊ မင်းကိုချစ်တဲ့အချစ်တွေက မောင့်ရင်မှာ ပြောမပြတတ်အောင် ပါပဲ ချစ်ရယ်”

“မောင်ရယ်...”

ဦးအုပ်စိုးထံမှ ထိုစကားများကိုတော့ ဖြိုးသည် အကြွင်း မဲ့ ယုံကြည်ပါသည်။

အဘယ့်ကြောင့်ဆိုသော်...

ဦးအုပ်စိုးလူချောကြီးသည် သူမကို သိပ်ချစ်တတ် သည်ကို ဖြိုးတစ်ယောက် သိနေသောကြောင့်ဖြစ်သည်။

ဖြိုးလည်း မညာတမ်းမရှက်တမ်း ဝန်ခံရမည်ဆိုလျှင် ဦးအုပ်စိုးဆိုသည့် မောင့်ကို သူမနှလုံးသားတွင် နင့်သည်းစွာ ချစ်မိနေရပြီဖြစ်သည်။

မောင့်ကို မုန်းပါသည်လို့ သူမနှလုံးသားက ထင်မှတ် ထားပေမဲ့ တကယ်တမ်း သူမရင်ထဲက မမြင်ရသည့် သံယောဇဉ်ကြိုးက သူမနှလုံးသားမှာ အခါခါရစ်ပတ် ချည်





နှောင်ထားသည့်အဖြစ် ဖြိုးသည် သူမနှလုံးသားကို ဆက်၍ လိမ်ညာခွင့်မရှိတော့ခြင်းဖြစ်သည်။

ဒါတင်လားဆိုတော့ မကသေးပါ။

မောင်သည် သားတို့၏ဖခင်ဆိုသော အသိကလည်း ဖြိုးနှလုံးသားကို တုန်လှုပ်စေရ၏။

အစကတော့ ဖြိုးသည် မောင့်အား သူမအနိုင်ရသည့် အချိန်တွင် အနိုင်ယူပစ်လိမ့်မည်လို့ စိတ်မှာဘယ်လိုပင် တေးမှတ်ထားပါစေ၊ တကယ်တမ်း မောင့်ကိုဖြိုးသည် အနိုင် ယူခွင့်ရပြန်တော့လည်း သူမနှလုံးသားက မောင့်အပေါ် မရက်စက်နိုင်ခဲ့ပါ။

အချစ်ကြောင့် ဖြစ်ပေါ်လာရသည့် နှောင်ကြိုးများက နှလုံးသားကို တင်းတင်းရစ်ချည်နှောင်လာသည်က ဖြိုး မောင့်ကို သိပ်ချစ်နေသောကြောင့်ဖြစ်ပါသည်။

မောင်သည် ဖြိုးကို မျက်စိအောက်ကအပျောက်မခံနိုင် အောင် သိပ်ချစ်သလို ဖြိုးသည်လည်း မောင့်နည်းတူဖြစ်သည် ဆိုတာကိုတော့ ဖြိုးမငြင်းပါ။

သားတို့၏ဖခင် အိမ်ထောင်ဦးစီးယောက်ျားဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို အားကိုးတွယ်တာစိတ်နှင့် မောင့်ရင်ခွင်မှာ မျက်နှာ အပ်လိုက်စဉ်မှာ–

"အဲ့ ... အဲ့ ..."

"ဟော... ကြည့်စမ်း သားတို့က ဘာလို့ငိုတာလဲ လာ လာ မေမေ့ဆီလာ"

တအဲ့အဲ့နှင့် လက်လေးတွေမြှောက်ကာ သူတို့အား ခေါ်ခိုင်းနေသည့် ကလေးနှစ်ယောက်ကို ဦးအုပ်စိုးနှင့်ဖြိုးမှာ တစ်ယောက်စီ ယူချီလျက် ချော့လိုက်ရသည်။

မအေချော့လိုက်၍ သားငယ်သည် သိပ်မကြာခင်မှာပင် မျက်လုံးလေးစင်းကာ အိပ်ပျော်သွားရပေမဲ့ ဦးအုပ်စိုးလက်ထဲက သားကြီးကတော့ တော်တော်နှင့်မအိပ်ဘဲ တအဲ့အဲ့နှင့် ချော့၍ မရ ရှိနေရသည်။

ဖြိုးမှာ ရင်ခွင်ထဲက သားငယ်ကို အသာသိပ်လိုက်ပြီး–

"မောင့်သားကြီးက ချော့လို့မရဘူးလား"

"အေးကွာ သားကြီးကတော့ သားငယ်ထက်စာရင် စိတ်နည်းနည်းကြီးသလိုပဲ ဖြိုး၊ မောင်ချော့တာ တော်တော်နဲ့ ချော့လို့မရဘူး ဖြစ်နေတယ်"





"ဖြိုးကို ပေးလေမောင်၊ သားကြီးကို ဖြိုး ချော့သိပ်လိုက်မယ်"

"နေ ... နေ ဖြိုး သားငယ်ကို ဖြိုးချော့သိပ်ထားတာ၊ ပင်ပန်းနေမှာပေါ့၊ မောင်ပဲ သားကြီးကို ချော့သိပ်လိုက်မယ်"

"မောင့်သားက ရပါ့မလား"

"ရပါတယ်ဗျာ၊ မောင့်သားကို မောင်ရအောင်ချော့သိပ်မှာပေါ့၊ ဒါနဲ့သားကြီး အခုလို စိတ်ကြီးတာက ဘယ်သူနဲ့တူလို့လဲ ဖြိုးသိလား"

အဆက်အစပ်မရှိ ရုတ်ခြည်း ကောက်ကာငင်ကာ မေးလိုက်သည့် မောင့်စကားကို ဖြိုးသည် နားမလည်သည်မို့ မျက်လုံးပြူးလေးနှင့် မောင့်အားပြုံးကြည့်ရင်းက–

"ဟင့်အင်း...မောင်ပြောပါဦး၊ ဘယ်သူနဲ့တူလဲဆိုတာ"

"အဟွန်း...ဟွန်း...မောင်ပြောရင် ဖြိုးစိတ်မဆိုးရဘူးနော်"

"အင်း..."

"ကတိနော် ကောင်မလေး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း… ကတိ ကတိ"

"သားကြီး အခုလို စိတ်ကြီးတာ သူ့အမေနဲ့တူလို့ ပေါ့ဗျာ"

"မောင်"

"ဟော… ကြည့် နှုတ်ခမ်းလေးစူပြီ မောင်ပြောထားပြီးပြီလေ၊ မောင့်ကို စိတ်မဆိုးရဘူးဆိုတာ"

သားကြီးစိတ်ကြီးတာ သူမနှင့်တူသည် ပြောရပါ့မလား ဆိုကာ ဖြိုးနှုတ်ခမ်းလေးစူတော့ ဦးအုပ်စိုးမှာ ဖြိုး၏ကလေးဆန်မှုကို ချစ်အသည်းယားယားကြီးဖြစ်သွားရကာ–

"အင်း မေမေကြီး ဒီလိုစိတ်ဆိုးပုံနဲ့ ဒီကဖေဖေကြီးတော့ ခက်ရချည်သေးရဲ့"

"ဘာလဲမောင်ကဖြိုးကို မချော့ချင်ဘူးဆိုတဲ့ သဘောပေါ့လေ ဟုတ်လား"

"အဲ့လို မောင်မပြောရပါလားဗျာ၊ မောင့်မိန်းမကို မောင်က ချော့ချင်လွန်းလို့ အူကိုယားနေတာ ခင်ဗျားလေးမှ မသိဘဲ"





"မောင်နော် ဘာတွေပြောနေတာလဲ"

"ဟော… ခင်ဗျားလေး ရှက်နေပြန်ပြီ၊ ဒါကြောင့် ခင်ဗျားကို ကျုပ်…"

ဦးအုပ်စိုးပင် စကားမဆုံးလိုက်ရ ဖြိုးထံမှ ရှက်လန့်ဟန့်တားသံလေးက ထွက်ပေါ်လာရတော့ ဦးအုပ်စိုးသည် ချစ်ဇနီးသည် အဖြစ်ကို မြတ်နိုးခြင်းများစွာနှင့် သဘောကျမဆုံးဖြစ်သွားရသည်။

မကြာလိုက် သားကြီးသည်လည်း သားငယ်နည်းတူ အိပ်ပျော်သွားရသည်မို့ ဦးအုပ်စိုးသည် သားကြီးကို ခုတင်ပေါ်တွင် အသာအယာချသိပ်လိုက်ပြီး–

"ဖြိုး…"

"ရှင်…"

လွန့်လူးလာသည့် သားငယ်ကို အိပ်လျက် ချော့သိပ်နေသော ဖြိုးဘေးတွင် ဦးအုပ်စိုး လှဲအိပ်လိုက်ရင်းက သူ့ကိုယ်နွေးနွေးလေးကို နောက်ကနေ သူ့ရင်ခွင်ထဲ တင်းတင်းလေး ထွေးဖက်လျက် ချစ်သံစဉ်နွေးနွေးလေးပြင့် ခေါ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဖြိုးသည် သူ့အားလှည့်ကြည့်လျက် ထူးလိုက်လေသည်။

"အဟွန်း...မောင့်မိန်းမကတော့လေ သိပ်ချစ်ဖို့ကောင်းတာပဲ"

ပြောရင်းက အားမလိုအားမရ ဖြစ်လာရသည့်နှယ် ဦးအုပ်စိုးမှာ ဖြိုးလည်တိုင်နုနုလေးနှင့်ကုပ်သားဝင်ဝင်းလေးကို တို့ထိဖိကပ်နမ်းရှိုက်လိုက်တော့ ဖြိုးသည် သူ့ရင်ခွင်ထဲတွင် ခပ်လွန့်လွန့်ဖြစ်သွားရကာ–

"မောင်နော် မောင် နေရင်းထိုင်ရင်း ဒါက ဘယ်လိုဖြစ်ရတာလဲ၊ လွတ်ကွယ် သားတို့နိုးလိမ့်မယ်"

"မနိုးပါဘူး ဖြိုးရဲ့၊ သားတို့ကို မနိုးစေချင်ရင် ဖြိုး မောင့်ရင်ခွင်ထဲမှာ ဒီလိုလေ ငြိမ်ငြိမ်လေးနေပေါ့ဗျာ"

ဖြိုးကိုယ်လေးကို လွတ်မပေးသည့်အပြင် သူ့ရင်ခွင်ထဲ ပို၍ပင် တင်းတင်းကြီး ပွေ့ဖက်ထားသော ဦးအုပ်စိုးကို ဖြိုးသည် နှုတ်က ဘာမှမပြောသည့်တိုင် မျက်စောင်းလေး ရွယ်ကြည့်ရင်းက တိုးတိတ်သောအသံလေးဖြင့်–

"မောင်နော် မကဲနဲ့"





"အဟွန်း... ဟွန်း... ဟွန်း... ဘယ်ကကဲရမှာလဲဗျ၊ အဲ့ဒါမောင့်မိန်းမကို မောင်ချစ်တာ၊ မောင့်ကိုချစ်လား"

"မမေးနဲ့ကွာ၊ သိရက်နဲ့"

"မင်းကွာ"

ဦးအုပ်စိုးမှာ ဖြိုးအဖြေကြောင့် လူကခံရခက်ခက် ဝေဒနာကြီးနှင့် မချင့်မရဲကြီးဖြစ်သွားရသည်။

ကြည့်လေ ဒီမိန်းမလုပ်နေပုံက သူ့အတွက် ဘယ်လောက် အခံရခက်လိုက်သည်လဲဆိုတာ။

သူမကို ချစ်လားလို့ မေးလိုက်တိုင်း သူ့အားချစ်သည်လို့ သူမသည် ဘယ်တော့မှ ချက်ချင်းဖြေသည်မရှိပါ။

သူကြားချင်သည့်စကားကို အကြောင်းအမျိုးမျိုးဖြင့် ရှောင်လွှဲသွားတတ်သည်က တစ်ခါလည်းမက နှစ်ခါသုံးခါမက ဖြစ်လာသည့်အခါမှာတော့ ဦးအုပ်စိုးသည် ချစ်ဇနီးလေးအပေါ် သူ့ဒီထက်ပို၍ သည်းမခံနိုင်အောင် ဖြစ်လာရလေသည်။

ထို့ကြောင့် သူသည် ဖြိုးကိုယ်လေးကို အသည်းယားယား မချင့်မရဲ ဖြစ်ရလွန်းသောကြောင့် ခပ်တင်းတင်းကြီး ချစ်ညှစ်လိုက်တော့ ဖြိုးကိုယ်လေးမှာ အင့်ခနဲဖြစ်သွားရကာ–

www.burmeseclassic.com



"အို… ဘယ်လိုလုပ်လိုက်တာလဲ"

"ခင်ဗျားလေး ဘာလို့ ကျုပ်ကို အသည်းယားအောင် လုပ်လဲ"

"ဟင်… ဖြိုး ဘာလုပ်လို့လဲ"

"ဩော်… ဖြိုး ဘာလုပ်လို့လဲ ဟုတ်လား"

မျက်ခုံးထူထူကြီးကို တွန့်ကြည့်လျက် မျက်နှာတည် တည်ကြီးနှင့် မေးလာသူ ဦးအုပ်စိုးစကားကို ကြည်စင်သော မျက်နက်ဝန်းလေးနှင့်ကြည့်ကာ မေးလိုက်သည်ကိုပင် ဦးအုပ်စိုး မှာ မချင့်မရဲဖြစ်ကာ မေးလိုက်ခြင်းဖြစ်သည်။

ဒါကိုပင် ဖြိုးမှာ သူ၏ အရွဲ့တိုက်အမေးစကားကို တကယ်ထင်မှတ်ကာ–

"အင်းလေ မောင်ပြောပေါ့"

"ဖြိုးနော်"

"မောင်နော်"

"ကျွတ်… မင်းတော့လား"

ဦးအုပ်စိုးမှာ သူ့စကားကို တစ်ခွန်းမခံလိုက်ပြောနေ သည့် ဖြိုးကိုကြည့်ကာ နှုတ်ခမ်းဖိကိုက်လိုက်ပြီးနောက်–





"အေးကွ… ပြောမှသိတဲ့ မင်းလာခဲ့"

"မောင်"

"အဟွန်း… ဟွန်း… ဟွန်း…"

"အို…"

အချစ်မုန်တိုင်းကြီး ထန်သွားရသော ဦးအုပ်စိုးမှာ ရင်ထဲတွင် သူမလေးကို ချစ်ရသည့်အချစ်များမှလွဲ၍ ဘာကိုမျှ မမြင်တော့ပါပေ။

မောင့်ရင်ခွင်ထဲတိုးဝင်ရင်းက သူမလက်လေးအစုံက မောင့်ကိုယ်ကြီးအား ပြန်လည်သိုင်းဖက်ထားလိုက်တော့ ဦးအုပ်စိုးသည် ချစ်ဇနီး၏အပြုအမူအတွက် ရင်ဝယ်ပီတိများ ဖုံးလွှမ်းသွားရသည်မှာ ဘာနှင့်မှ နှိုင်းယှဉ်မပြနိုင်ပါတော့။

ရင်မှာကြည်နူးရသည့် ပီတိကြောင့်လည်း ဦးအုပ်စိုး သည် ချစ်ဇနီးလေးဖြိုးအား ရင်ခွင်မှာ တင်းတင်းထွေးဖက်ထား ရင်းက–

"ချစ်…"

"မောင်…"

"မောင့်ကို သိပ်ချစ်တာပဲလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ် ဒီစကား ဖြိုးကိုမေးနေစရာမလိုပါဘူးရှင်၊ ဖြိုးဘဝမှာလဲ မောင့်တစ်ယောက်ကိုသာ အချစ်ဆုံးနဲ့ အတွယ်တာရဆုံးလူပါပဲရှင်"

"ဖြိုးရယ်"

ချစ်ဇနီးလေးကို ခပ်တင်းတင်းလေးထွေးဖက်ရင်းက ရင်မှာချစ်ကြင်နာရမှုတို့ကို မျိုသိပ်ထိန်းချုပ်လို့မရတော့သည့်နှယ် ဖြိုးအား တင်းတင်းကျပ်ကျပ်ကြီး ပွေ့ဖက်နမ်းရှိုက်လာသည့် မောင့်ကြောင့် ဖြိုးသည် မောင့်ရင်ခွင် မောင့်အချစ်များအောက်တွင် မွှန်းမွှန်းကျပ်ကျပ်ဖြစ်သွားရသည်။

"လွှတ်ပါ မောင်ရယ်၊ ခုမှ လူကို သည်းပြမနေပါနဲ့နော်"

"ဘယ့်နှယ် သည်းပြရမှာလဲဗျ၊ ခင်ဗျားလေးကို ချစ်တာ သည်းတာမဟုတ်ဘူး"

"တော်ပါနော် ဖြိုးကို မောင့်သားတွေကြောင့် ချစ်တာ မဟုတ်လား"

"ကြည့်စမ်း ကောင်မလေး မောင့်ကို ဒါ ဘာစကားပြောတာလဲ"





"ဖြိုးပြောတာ မဟုတ်လို့လား"

"မင်းလေး မောင့်ကို သိပ်ပြီး အသည်းယားအောင် လုပ်ပါလား၊ မောင် မင်းကို သိပ်ချစ်တာ၊ မောင့်သားတွေက သက်သေရှိနေပြီပဲ"

"အဟင်း...ဟင်း...မောင်နော်၊ ဘာတွေ ပြောနေတာလဲ"

မောင့်စကားက ဖြိုးအား အရှက်သည်းသွားစေရသည်မို့ မျက်နှာလှလှလေးမှာ မဖော်ရဲတော့ပါ။

"အဟွန်း... ဟွန်း... ဟွန်း... မရှက်ပါနဲ့ဗျာ၊ မောင့်ချစ်ဇနီးလေးမျက်နှာက ရှက်နေရင် သိပ်ချစ်ဖို့ကောင်းတာပဲ၊ ပြစမ်းပါဦး ရှက်နေတဲ့ မောင့်မိန်းမျက်နှာလေးကို ကြည့်မလို့"

"မောင်နော်... မောင်"

ဖြိုးမှာ သူ့မျက်နှာလေးကို အတင်းဆွဲမော့နေသည့် မောင့်လက်များကို ဖယ်ရှားပုတ်ထုတ်ရင်း မောင့်အား မျက်စောင်းလေးရွယ်လိုက်တော့ ဦးအုပ်စိုးတစ်ယောက် သဘောကျလို့ မဆုံးနိုင်ပါတော့။

ထို့ကြောင့် ရင်မှာ အသည်းယားနေသမျှ ချစ်ဇနီးလေးအား ကလေးတစ်ယောက်လို စ,နောက်ချင်လာရသည်မို့



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးမျက်နှာလေးကို သူ့မျက်နှာချောချောကြီးနှင့် အတင်းတိုးဖွေ့မှူးကပ်ရင်း ချစ်အမှတ်တံဆိပ်များ အကြိမ်ကြိမ်ရိုက်နှိပ်လို့ မဆုံးရှိနေရတော့သည်။

မောင် ထိုသို့ ဆိုးလွန်းတော့ ဖြိုးသည် မောင့်မျက်နှာချောချောကြီးကို မကြည့်ရဲတော့အောင်ဖြစ်သွားရသည်။

"တော်ပြီ မောင်ရယ်၊ ဖြိုး မောင့်ကို စိတ်ဆိုးလိုက်မိတော့မယ်နော်"

"အဟွန်း...ချစ်တာပဲ စိတ်ဆိုးစရာလား အမေကြီးရဲ့"

"ဆိုးရမှာပေါ့ မောင်က ဖွတ်ကို"

"အဟွန်း...ဘယ်လိုဖွတ်လဲ ကဲ...ပြောပါဦး အစ်မကြီးရဲ့"

ပြုံးဟာဟာအသွင် ဖြိုးမေးဖျားလေးကို သူ့နှုတ်ခမ်းနှင့် ခပ်ဖွဖွနမ်းရှိုက်ကာဆိုတော့ ဖြိုးသည် မောင့်ကို ရှက်မျက်စောင်းလေး ထိုးလိုက်ရင်း–

"ခုမှ လူကို ချစ်ပြနေတတ်လိုက်တာ၊ မောင် ဖြိုးကို ဘယ်အချိန်ကတည်းက ချစ်တာလဲ ပြောပါဦး"

"မောင်ပြောရင် ဖြိုး ယုံမှာလား"

"ယုံအောင်ပြောလေ"





"အင်...ယုံအောင်ပြောရရင်တော့ ဟော့ဒီကောင်မလေးကို မြင်မြင်ချင်း မောင်ချစ်သွားတယ်ဆိုရင် မင်းလေး ယုံပါဗျာ"

"ဟွန်း...ယုံပါဘူးနော်၊ ချစ်တဲ့လူက ဖြိုးကိုတွေ့တွေ့ချင်း ဘာလို့မခံချင်စရာစကားတွေ ပြောတာလဲ"

"အဲ့ဒီလို မခံချင်အောင်ပြောတာ ခင်ဗျားလေးကို သိပ်ချစ်လို့ဗျာ"

"ဘာဆိုင်လဲ..."

"ဆိုင်တာပေါ့ဗျာ၊ မြင်မြင်ချင်း ချစ်သွားရတဲ့ မင်းလေးကို သိပ်ချစ်လွန်းလို့ ချစ်တဲ့စိတ်နဲ့ အသည်းယားပြီး စ,နောက်မိတာရော ခင်ဗျားလေးသိရဲ့လား"

"ချစ်တဲ့လူကလဲ"

ဖြိုးမှာသူနှင့်တွေ့စက အဖြစ်များကို ယခုတိုင် မမေ့သေးသလိုမျိုး သတိတရနှင့်ပြောတော့ ဦးအုပ်စိုးမှာ အချစ်အသည်းယားယားနှင့် သဘောအကျကြီး ဖြစ်သွားရကာ သူမပိုယ်လေးကို မချွင့်မရှိကြီး ဖျစ်ညှစ်လိုက်ပြီး–



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ် သိပ်ချစ်တယ် ဖြိုးရယ်"

"မောင်ရယ်၊ ဖြိုးလဲ မောင့်ကို သိပ်ချစ်ရပါတယ် ရှင်ရယ်"

"ဖြိုးရယ်ဗျာ..."

ဦးအုပ်စိုးမှာ ချစ်ဇနီးလေး၏ မျက်နှာနုနုလေးကို မြတ်နိုးခြင်းများဖြင့် ရောယှက်နေသော ချစ်မျက်ဝန်းအစုံနှင့် ငေးစိုက်ကြည့်ရင်း ချစ်ဇနီးမျက်နှာလေးထက် အနမ်းပန်းလေးတစ်ပွင့် ခြွေချလိုက်တော့ ဖြိုးသည်လည်း သူအလွန်ချစ်ရသော ချစ်လူဆိုးကြီးမောင်၏ ရင်ခွင်ထက်တွင် ရှက်ပြုံးမျက်နှာလှလှလေးနှင့် သူမကိုယ်လေးကို တိုးဝင်လိုက်သည် ဆိုလျှင်ပဲ ဦးအုပ်စိုးလူချောကြီး၏ ရင်ထဲတွင် ကြည်နူးပျော်ရွှင်ခြင်းများဖြင့် အရာရာပြည့်စုံခညောင်းလျက် ပီတိအစုံ လွှမ်းခြုံသွားရတော့သည် မဟုတ်ပါလား။

**ပျော်ရွှင်မှုရသအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေ။**

**စာချစ်သူများရဲ့**

**မြသားသွင်**



BURMESE CLASSIC

www.burmeseclassic.com